# အပိုင်း(၂)

## ၂၀၁၀ ရွေးကောက်ပွဲ မှတ်တမ်းဓာတ်ပုံများ



၂၁-၁၀-၂၀၁၀ နေ့တွင် ဆိုရှယ်လစ်အလံတော်ဟောင်း နုတ်ဆက်ထွက်ခွာစဉ်



အခြေခံဥပဒေအတည်မဖြစ်မီ ၂၁-၁၀-၂၀၁၀ နေ့တွင် ကြိုတင်အတည်ဖြစ်သော နိုင်ငံတော်အလံသစ်





နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ



၂၀၁၀ ရွေးကောက်ပွဲကို မျှော်လင့်ချက်များစွာနှင့် ပါဝင်ခဲ့ကြသော လူငယ်များ




i Vote Campaign တွင်လည်း လူတန်းစားအလွှာစုံပါဝင်ခဲ့သည်



ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ



တစည်ပါတီ၏ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ



ဒုတိယအကြိမ် ပြန်လည်ခေတ်စားလာသော ခမောက်



၁၉၉၀ ရွေးကောက်ပွဲနှင့်မတူ တမူထူးခြားသော မဲဆွယ်စည်းရုံးခွင့် (ကရင်ပြည်သူ့ပါတီ)



ဦးသုဝေ၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှု




ဦးအောင်သိန်းလင်း၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှု



ပြည်ခိုင်ဖြိုးပါတီ ပထမဆုံးအကြိမ်လူထုဆက်သွယ်ရေးယန္တရားနှင့်တွေ့ဆုံစဉ် (အထွေထွေအတွင်းရေးမှူး ဦးဌေးဦး)



ဒေသရွေးကောက်ပွဲကော်မရှင်မှအနိုင်ပေး၍ နေပြည်တော်ကော်မရှင်ကအရှုံးပေးခဲ့သော
တစ်သီးပုဂ္ဂလဒေါက်တာစောနိုင်၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှု



ဆန္ဒမဲလက်မှတ်နမူနာ



မီဒီယာကိုပြသခဲ့သော စနစ်ကျသည့် မဲရုံဖွင့်လှစ်ရန် ပြင်ဆင်မှု



သရုပ်ပြပွဲတွင် ခင်းကျင်းပြသခဲ့သော ပုံစံနှင့်ပြောင်းပြန်ခင်းကျင်းထားသော လျှို့ဝှက်မဲပေးရန်နေရာ



၇-၁၁-၂၀၁၀ နေ့တွင် တွေ့ရသော ပုံမှန်ဖြစ်သည့် ဆန္ဒမဲပေးပုံ



ကြောမလုံ၊ လုံခြုံမှုမရှိသော ဆန္ဒမဲပေးခဲ့ရသည့် အနေအထား



စနစ်မကျ၊ လုံခြုံမှုမရှိသောသော ဆန္ဒမဲပေးသည့်နေရာများ ခင်းကျင်းထားပုံ



တပ်မတော်သားများ ဒုတိယအကြိမ် (သို့မဟုတ်) တတိယအကြိမ် ကိုယ်တိုင်မဲပေးစဉ်



မီဒီယာကိုပြသခဲ့သည့် စနစ်ကျနသော မဲရေတွက်မှု



တိုင်းရင်းသားများ တက်ကြွစွာဦသို့လာရောက်၍ မဲပေးခဲ့ကြသည်



ရှမ်းပါတီကို မဲပေးရန်စောင့်ဆိုင်းနေသော ရှမ်းတိုင်းရင်းသားများ





၇-၁၁-၂၀၁၀ နေ့တွင် မီဒီယာကိုပြသခဲ့သော စနစ်ကျသည့် ဆန္ဒမဲရေတွက်ပုံ



၇-၁၁-၂၀၁၀ နေ့တွင် မီဒီယာကိုပြသခဲ့သော စနစ်ကျသည့် ဆန္ဒမဲရေတွက်ပုံ



ဥပဒေနှင့်ညီညွတ်သော ကြိုတင်ဆန္ဒမဲလက်မှတ်



ဥပဒေနှင့် လုံးဝမညီညွတ်ပဲ အစည်းလိုက်ရှိနေသည့် ကြိုတင်မဲလက်မှတ်ထုပ်



ချင်းပြည်နယ်တွင် မီဒီယာများရှေ့မှောက်၌ မဲရေတွက်နေစဉ်



ချင်းပြည်နယ်တွင် မီဒီယာများရှေ့မှောက်၌ မဲရေတွက်နေစဉ်




မီဒီယာကို ပြသရန်အလှအပလုပ်ပြထားသော မဲရုံတစ်ရုံ



မီဒီယာများရှေ့တွင် စနစ်တကျမဲရေတွက်ပြနေပုံ

# အပိုင်း(၃)

ရွေးကောက်ပွဲစောင့်ကြည့်ရေးတွင်ပါဝင်ခဲ့သော နိုင်ငံသားများ၊ မဲရုံကိုယ်စားလှယ်များ၊ မဲရုံတာဝန်ရှိသူများ၊ ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများ၏ ရွေးကောက်ပွဲအစီရင်ခံစာများမှ ကောက်နှုတ်ချက်များ။

၃.၁

# တရားမဲ့ ကြိုတင်မဲ ရယူခြင်းနှင့် တရားမဲ့ ဖိအားပေး၊ ခြိမ်းခြောက်၊ မဲဆွယ်ခြင်းဆိုင်ရာ ရွေးကောက်ပွဲ မသမာမှုများ

အောက်ဖော်ပြပါ ဖြစ်ရပ်များသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် တရားမဲ့ ကြိုတင်မဲများ ရယူခြင်းနှင့် တရားမဲ့ ဖိအားပေး၊ ခြိမ်းခြောက် မဲဆွယ်ခဲ့သည့် ဖြစ်ရပ်များဖြစ်သည်။ ၎င်းဖြစ်ရပ်များကဲ့သို့ အလားတူဖြစ်ရပ်ပေါင်းများစွာ မြန်မာနိုင်ငံ တဝန်းတွင် ဖြစ်ပွားခဲ့ပါသည်။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဌာန်းချက် -*

*နည်းဥပဒေ ၅၄၊ ၅၁(က)၊ ၅၁(ခ)၊ ဥပဒေ ၄၅(ဂ) နှင့် ၅၉(က)၊ (ခ)*

*ကြိုတင်မဲပေးပိုင်ခွင့် ရှိသူများမှာ မဲဆန္ဒနယ်ပြင်ပရောက်နေသော-*

*(က) တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ*

*(ခ) ကျောင်းသားများ*

*(ဂ) သင်တန်းသားများ*

*(ဃ) အခြား မဲဆန္ဒရှင်များ*

*(င) အချုပ်ခံနေရသူများ*

*(စ) ဆေးရုံတက် အတွင်းလူနာများ*

*(ဆ) တရားဝင် နိုင်ငံပြင်ပရောက်နေသူများဖြစ်သည်*

ခရီးဝေးသွားရန်ရှိသူသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်တွင် ကြိုတင် မဲပေးနိုင်သည်။ မဲလာပေးနိုင်စွမ်းမရှိသည့် အသက်ကြီးရင့်သူ၊ မီးဖွားရန်ရှိသူ၊ အနာရောဂါရှိသူ၊ ရွေးကောက်ပွဲနေ့၌ ခရီးသွားမည့် နိုင်ငံ့ဝန်ထမ်း။

ကြိုတင်မဲပေးနိုင်သည့် မဲဆန္ဒရှင်များကို လွှတ်လွှတ်လပ်လပ်မဲပေးနိုင်ရန် စီစဉ်ပေးရမည်။ မြန်မာနိုင်ငံတစ်ဝန်းတွင်အထက်ပါဥပဒေများအရကြိုတင်မဲပေးခွင့်မရှိသည့် ပြည်သူအများအပြား (မဲဆန္ဒနယ်အတွင်း၌ပင်) ဖိအားပေးခြိမ်းခြောက်မှုကြောင့် ကြိုတင်မဲပေးခဲ့ကြရသည်၊ လွှတ်လွှတ်လပ်လပ်မဲပေးခြင်းကိုလည်း ချိုးဖောက်ထားသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်။

ဖြစ်ရပ်(၁)။ ။ မြစ်သားမြို့နယ်တွင် ကြံ့ခိုင်ရေးပါတီဝင်ဖြစ်သူ ဦးကြည်မောင်မှ ကြိုတင်မဲများ ထည့်ရမည်ဟု မြို့နယ်အတွင်း လှည့်လည်ကောက်ခံခဲ့သည်။ ထိုသို့ ကောက်ခံရာတွင် ကြိုတင်မဲပေးခြင်းဆိုင်ရာ ဥပဒေပါအတိုင်း လျှို့ဝှက်မဲပေးစေခြင်းမရှိ၊ ပိတ်ထားသော စာအိတ်ဖြင့် ထည့်ဆောင်ခြင်းမရှိဘဲ ကောက်ခံခဲ့ကြသည်။

ဖြစ်ရပ် (၂)။ ။ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ မင်းရွာအသင်းကျေးရွာအပိုင် နစ်ခွ ကျေးရွာတွင်ကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူဦးမြင့်စိန်ကငင်း၏မိသားစုအားကော်မရှင် အဖွဲ့အတွင်းရေးမှူးဖြစ်သူ ဦးဝေဖြိုးကျော်မှ ကြိုတင်မဲပေးရန် ခိုင်းစေခဲ့သည့် အတွက် ပေးခဲ့ရကြောင်း မဲရုံမှူးရှေ့မှောက်၌ဝန်ခံခဲ့သည်။ (သက်သေ - NDF)

ဖြစ်ရပ်(၃)။ ။ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ မင်းရွာအသင်းကျေးရွာကော်မရှင်အတွင်း ရေးမှူး ဦးဝေဖြိုးကျော်မှ ၆.၁၁.၂၀၁၀ ရက်နေ့ ည ၈ နာရီခွဲခန့်တွင် မမြင့်ငွေးဆိုသူအား ကြိုတင်မဲပေးရန် ခိုင်းစေခဲ့သဖြင့် မမြင့်ငွေးမှ ကြိုတင်မဲပေးခဲ့ရကြောင်းကို ကော်မရှင် အဖွဲ့ဝင် ဦးမြင့်စိန် ရှေ့မှောက်တွင် ပြောကြားခဲ့သည်။

ဖြစ်ရပ်(၄)။ ။ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ဘုတာပိုင်းရပ်ကွက်တွင် ကြံ့ခိုင်ရေးပါတီ စည်းရုံးရေးမှူးများဖြစ်ကြသော ချမ်းသာ(ခ)ကျော်ဇင်ဝင်း ၊ ကိုသန်းနိုင်၊ ကိုအောင် မြင့်ငွေးတို့က ကြိုတင်မဲလက်မှတ် တစ်စောင်လျှင် ၁၀၀၀ကျပ်နှုန်းဖြင့် ကြံ့ခိုင်ရေးပါတီ အတွက် တရားမဝင် ကြိုတင်မဲများကို ၅.၁၁.၂၀၁၀ နေ့မှစတင်၍ လိုက်လံစုဆောင်းဝယ် ယူခဲ့သည်။

ဖြစ်ရပ်(၅)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ်ရှိ မဲရုံတစ်ရုံ၌ NDF ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်သော ဦးသိန်းဇော်ညွှန့်နှင့် ဦးကျော်သူရ တို့မှ မဲရေတွက်ခြင်းကို စောင့်ကြည့်ရာ၌ ကြိုတင်ဆန္ဒမဲ ၆၃ ခုတွင် ချိပ်ပိတ်ထားခြင်း မရှိသည့် ဆန္ဒမဲ ၅၇ ခုကို တွေ့ရှိ၍ ပယ်ဖျက်ပေးရန် ပြောဆိုရာ မဲရုံမှူးမှ ဆောင်ရွက် ပေးခဲ့ခြင်းမရှိပေ ၊ ထိုကြိုတင်ဆန္ဒမဲ ၅၇ ခုစလုံးမှာ ပြည်ခိုင်ဖြိုးပါတီကိုသာ ဆန္ဒပြုထား သည်ကို တွေ့ရှိရသည်။ ။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက် -*

*ဥပဒေ ၅၇၊ ၅၈ (ခ)၊ ၆၆ (က-၂)၊*

*မည်သူမဆို ပုဂ္ဂိုလ်တစ်ဦး၏ မဲပေးပိုင်ခွင့်နှင့် စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ကို မကျင့်သုံးနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လာဘ်ပေး လာဘ်ယူခြင်း မပြုလုပ်ရပါ။ ပြုလုပ်ပါက ၊ အားပေးကူညီပါက ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီနှင့် ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ပြည်ခိုင်ဖြိုးပါတီကိုသာမဲထည့်ရန် ပြည်သူလူထုကိုအတွက် ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ များစွာပြုလုပ်ခဲ့ပြီး လူအများ၏ လွတ်လပ်စွာရွေးချယ်ခွင့်ကို စွက်ဖက်ခဲ့ပါသည်။

ဖြစ်ရပ်(၁)။ ။ လှိုင်သာယာမြို့နယ်၊ ကစဉ်ကျေးရွာ၊ မဲရုံအမှတ် (၁)၊ အ.မ.က (၂)တွင် ပြည်ခိုင်ဖြိုးမြို့နယ်မှ အမှုဆောင် ဒေါ်ကြူကြူဝင်း၊ မှတ်ပုံတင်အမှတ် ISN /၆၂၈၂၉၄ ၊ မဲစာရင်းအမှတ်စဉ် ၇၉၆ သည် နံနက် ၁၀း၁၅ မှ နေ့လည် ၂း၄၀ အတွင်း မဲရုံအတွင်းသို့ ၇ ကြိမ်တိတိ လူအမြောက်အမြားကို ခေါ်ဆောင်ပြီး မဲစာရင်းများကို ကိုယ်တိုင်လက်ရေးဖြင့် ပြင်ဆင်၍ အကြိမ်ကြိမ် မဲလာရောက်ထည့်စေခဲ့သည်။ ယင်းကို NDF မဲရုံကိုယ်စားလှယ် ဦးသန်းဝေက စာဖြင့်တင်ပြခဲ့သော်လည်း ရပ်/ကျေး ကော်မရှင်က အရေးယူဆောင်ရွက်ပေးခဲ့ခြင်း မရှိခဲ့ပေ။ ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေ ပါသတ်မှတ်ပြဌာန်းချက် -*
*ဥပဒေ ၆၁(က) (ခ) (ဂ)*

*ရွေးကောက်ပွဲနေ့၌ မဲရုံမှ ကိုက် ၅၀၀ အတွင်း မဲဆွယ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို မဲပေးရန် တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ခြင်း၊ စွက်ဖက်ခြင်း စသည်များပြုလုပ်လျှင် ထောင်ဒဏ်၊ငွေဒဏ်များချမှတ်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီမှ ၎င်းတို့ပါတီကိုယ်စားလှယ်လောင်းများအား အကျိုးရှိစေရန် မဲရုံမှ ကိုက်၅၀၀ အတွင်းမဲဆွယ်ခြင်း၊ မဲပေးသူများကို ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် မဲရုံတာဝန်ရှိသူများမှ ပြည်ခိုင်ဖြိုးကိုယ်စားလှယ်များအား ရွေးချယ်ရန် တိုက်တွန်းခြင်း၊ အမူအယာပြခြင်း၊ ခြိမ်းခြောက်ခြင်း၊ စွက်ဖက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

ဖြစ်ရပ်(၁)။ ။ ပျော်ဘွယ်မြို့နယ်ရှိ မဲရုံများနှင့် ကိုက် ၅၀၀ အတွင်းတွင် ကြံ့ခိုင်ရေးပါတီမှ ရွေးကောက်ပွဲနေ့အထိ ၎င်းတို့၏ မဲဆွယ်ပိုစတာများကို စိုက်ထူထားခဲ့သည်။

ဖြစ်ရပ်(၂)။ ။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မဲရုံအမှတ် ၈၆ တွင် ကြံ့ခိုင်ရေးပါတီဝင်ဖြစ်သူ ဦးထွန်းအောင်မှ လူ ၅၀ ဦးအတွက် မဲလက်မှတ်များ ထုတ်ယူခဲ့ပြီး ကြံ့ခိုင်ရေးတံဆိပ်ဘေးတွင် အမှန်ခြစ်ပြ၍ မဲထည့်စေခဲ့သည်။ ၎င်းမဲရုံတွင်ပင် ငြိမ်းချမ်းသာကုမ္ပဏီမှ ဒေါ်သင်းသင်းနွယ်ဆိုသူ ရောက်လာပြီး ကြံ့ခိုင်ရေးပါတီကိုသာမဲပေးရန် မဲရုံအတွင်း ဝင်ရောက်ပြောဆိုခဲ့သည်။ ၎င်းဖြစ်ရပ်များကို တာဝန်ကျမဲရုံမှူးက ဟန့်တားခြင်းမရှိခဲ့ပေ။ ဖားကန့်မြို့နယ် မဲရုံအမှတ် ၆၅၊ ၆၆၊ ၉၃ တို့တွင် မြန်မာတကောင်းကုမ္ပဏီမှ ဝန်ထမ်းများကားဖြင့် ရောက်ရှိလာပြီး မဲရုံရှေ့တွင် ခြသေ့် (ကြံ့ခိုင်ရေးပါတီ) ကိုသာ မဲပေးရန်ပြောဆို၍ မဲဆွယ်ခဲ့သည်။ ထို့အပြင် ဖားကန့်မြို့နယ်ရှိ မဲရုံအမှတ် ၁ နှင့် ၂ မှ ကိုက် ၅၀၀ အတွင်းတွင်လည်း ကြံ့ခိုင်ရေးပါတီမှ မဲဆွယ်ပိုစတာများကို ရွေးကောက်ပွဲနေ့အထိ စိုက်ထူထားခဲ့သည်။ ဖားကန့်မြို့နယ် မဲရုံအမှတ် ၉ နှင့် ၇တို့တွင် ကြံ့ခိုင်ရေးပါတီမှ ၎င်းတို့၏ မဲဆွယ်လက်ကမ်းစာစောင်များကို မဲရုံအတွင်း ယူဆောင်ပြီး မဲထည့်စေခဲ့သည်။

ဖြစ်ရပ် (၃)။ ။ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အလယ်ရွာ၊ အမှတ်(၆)မဲရုံ၌ နံနက် ၁၁း၀၀နာရီခန့်တွင် မဲပေးရန်လာရောက်သည့် သီဟိုဠ်စေ့စက်ရုံမှ ဝန်ထမ်း၇၀ ခန့်ကို ဦးဆောင်လာသူများဖြစ်သည့် ကြံ့ခိုင်ရေးပါတီဝင် ၃ ဦးက မဲရုံရှေ့တွင် အော်ဟစ်၍ ပြည်ခိုင်ဖြိုးပါတီကိုသာ မဲပေးရန် မဲဆွယ်ခဲ့သည်။

ဖြစ်ရပ်(၄)။ ။ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ မဲရုံအများအပြားတွင် နံနက် ၆နာရီမှ နေ့လည် ၂နာရီအတွင်း မဲရုံများ၌ ပြည်ခိုင်ဖြိုးပါတီဝင် ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများရောက်ရှိလာကာ လက်ဟန်ခြေဟန်ဖြင့်မဲဆွယ်ခြင်း၊ ခြိမ်းခြောက်ခြင်း များပြုလုပ်ခဲ့သည်။

ဖြစ်ရပ်(၅)။ ။ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ၆ ရပ်ကွက်မဲရုံအမှတ် ၁ နှင့် ၂ မှ ကိုက် ၅၀၀ အတွင်းတွင် ကြံ့ခိုင်ရေးပါတီမှ ၎င်းတို့၏ မဲဆွယ်ပိုစတာ၊ ဆိုင်းဘုတ်များကို ရွေးကောက်ပွဲနေ့အထိ ဆက်လက် စိုက်ထူ ချိတ်ဆွဲထားခဲ့သည်။

ဖြစ်ရပ်(၆)။ ။ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက် မဲရုံအမှတ် (၁)၊ နံနက် ၁၀နာရီခန့် အချိန်တွင် မဲရုံအဖွဲ့ဝင် အဖြစ်ဆောင်ရွက်သူ ကျောင်းဆရာမ တစ်ဦးမှ လာရောက်မဲပေးသူများအား ပြည်ခိုင်ဖြိုးပါတီတံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်အား လက်ညှိုးထိုးပြ၍ အမှန်ခြစ်ရန်စေခိုင်းနေခြင်းကို NDF ပါတီ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးကျော်သူရနှင့် ၎င်း၏ မဲရုံကိုယ်စား လှယ်တို့မှ သွားရောက်ကန့်ကွက်ခဲ့သော်လည်း အလေးဂရုမပြုဘဲ ဆက်လက်လုပ် ဆောင်နေခဲ့သည်။

ဖြစ်ရပ်(၇)။ ။ ဒဂုံမြို့သစ်တောင်ပိုင်းရှိမဲရုံ ၃ နှင့် ၄ တို့တွင် ပြည်ခိုင်ဖြိုးပါတီဝင်များ က မဲရုံအတွင်း ဝင်ရောက်၍ ကြံခိုင်းရေးပါတီကိုသာ မဲပေးရန် ပြောဆိုမဲဆွယ်ခဲ့သည်။

ဖြစ်ရပ်(၈)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ်၊ သိုက်တူးကန်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ မဲရုံအမှတ် (၅)၌ မဲရုံမှ ကိုက်(၅၀၀)အတွင်းတွင် ကြံ့ခိုင်ရေးပါတီဝင် ဦးရင်ထွေးနှင့် ဦးဟန်သိန်းတို့မှ လာရောက် ဆန္ဒမဲပေးသည့် မဲဆန္ဒရှင်များကို ခြသော့်အားမဲပေးရန်

ပြောဆို၍ မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်မှ မဲဆန္ဒကဒ်ပြားလာရောက် ထုတ်ယူသည့် မဲဆန္ဒရှင်များအား ခြင်္သေ့တံဆိပ်အား လက်ထောက်ပြ၍ မဲပေးရန် စေခိုင်းတိုက်တွန်းခဲ့သည်။

ဖြစ်ရပ်(၉)။ ။ရန်ကုန်တိုင်း၊ ခရမ်းသုံးခွ မြို့နယ်၊ အိသာယကျေးရွာ ၊ မဲရုံအမှတ် (၁) ၌ နံနက် (၁၁း၁၅) ခန့်အချိန်တွင် ကြံ့ခိုင်ရေးပါတီဝင် မသင်းသင်းအေး(ဘ) ဦးသန်းမှ မဲရုံနှင့် ပေ(၂၀) ခန့်အကွာတွင် ခြင်္သေ့ကိုသာ မဲပေးရန်နှင့် အခြားပါတီများကို မဲပေးခြင်း မပြုရန် ပြောဆိုစည်းရုံးခဲ့သည်ကို NDF ကိုယ်စားလှယ် ဦးငွေးဝင်းနှင့် အခြားပါတီမှ မဲရုံကိုယ်စားလှယ်များမှ တွေ့ရှိခဲ့သည်။

ဖြစ်ရပ်(၁၀)။ ။ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ်၊ မင်းရွာကျေးရွာ၊ မဲရုံအမှတ် (၁) ၌ ဆန္ဒမဲလာရောက်ပေးသူအချို့သည် ကြံ့ခိုင်ရေးပါတီမှပေးထားသည့် ခြင်္သေ့ တံဆိပ်ဘေးအမှန်ခြစ်နှင့် မဲစာရင်းအမှတ်တို့ ပါဝင်သည့် စာရွက်များကို မဲရုံအတွင်းထဲသို့ ယူဆောင်လာပြီး မဲပုံးထဲသို့ မဲလက်မှတ်နှင့် အတူထည့်သွင်းခဲ့သည်။

ဖြစ်ရပ်(၁၁)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ်၊ မင်းရွာကျေးရွာ၊ မဲရုံအမှတ် (၁) ၌ ကျေးရွာကော်မရှင်အဖွဲ့ဝင် ဦးကျော်နွဲ့ နှင့် ဦးစန်းမောင် တို့သည် ဆန္ဒမဲပေးသူများ၏ လျို့ဝှက်မဲပေးခန်းအတွင်းသို့ ကပ်လိုက်၍ ခြင်္သေ့တံဆိပ်ကို လက်ထောက်၍ပြပြီး ဆန္ဒမဲပေးရန် ပြောဆိုခဲ့သည်ကို NDF ပါတီမှ ဦးအုန်းလှိုင်နှင့် အခြားပါတီများမှ ကိုယ်စားလှယ်များက မျက်မြင်တွေ့ရှိခဲ့သည်။

ဖြစ်ရပ်(၁၂)။ ။ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ အမှတ် (၅) ရပ်ကွက် ၊ မဲရုံအမှတ်(၁) ၌ မဲရုံမှူး ဦးဝင်းငွေး နှင့် ဒု-မဲရုံမှူး မသင်းသင်းအေး တို့သည် ကုလားလူမျိုး (၂၀၀)ခန့်အား ၎င်းတို့ကိုယ်တိုင် မဲကဒ်ပြားပေါ်ရှိ ခြင်္သေ့တံဆိပ်ဘေးတွင် အမှန်ခြစ်ခြစ်ပေးကာ မဲထည့်သည့် အခါမှသာ ထိုကုလားလူမျိုးများကို ကိုယ်တိုင်ထည့်စေခဲ့သည်ကို NDF ပါတီမှကိုယ်စားလှယ်ဖြစ်သူ မောင်ရဲဝင့်လှိုင်မှ တွေ့မြင်ခဲ့သည်။ အဆိုပါ မသင်းသင်းအေးဆိုသူသည် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင် တစ်ဦးလည်းဖြစ်သည်။

ဖြစ်ရပ်(၁၃)။ ။ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ မင်းရွာအသင်းကျေးရွာ ဥက္ကဌ ဦးချစ်လွင်သည်မဲရုံအတွင်းခေါက်တုံ့ခေါက်ပြန်သွားလာလျက် လျှို့ဝှက်ဆန္ဒပြုခန်းအနီးထိ ဝင်ရောက်ကြည့်ရှုကာ ဆန္ဒမဲပေးသူများအားပြည်ခိုင်ဖြိုးပါတီကိုသာ မဲပေးရန် ညွှန်ကြားခဲ့သည်။

ဖြစ်ရပ်(၁၄)။ ။ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၌

၁။အေးမြသီတာ(ငွေးပင်)ရပ်ကွက်တွင် လျှို့ဝှက်ဆန္ဒပြုခန်းအနီး၌ သူနာပြုဆရာမတစ်ဦးက ဆန္ဒမဲပေးသူများအား ခြင်္သေ့ကို အမှန်ခြစ်ရန်ပြောဆိုညွှန်ကြားနေခဲ့သည်။

၂။ ညောင်ပင်ဝိုင်းကျေးရွာအုပ်စု မဲရုံ အမှတ် ၆ တွင် ကျေးရွာကော်မရှင်အဖွဲ့ဝင်တစ်ဦးမှ ခြင်္သေ့ကို အမှန်ခြစ်ရန် လျှို့ဝှက်ဆန္ဒ ပြုခန်းအနီးထိ မဲဆန္ဒရှင်များအား သွားရောက်ဖိအားပေးပြောဆိုနေခဲ့သည်။

၃။ ပါဒကြီးကျေးရွာအုပ်စု မဲရုံတွင် အမျိုးသမီးတစ်ဦးမှ အခြားအမျိုးသမီး ၂ ဦးကိုခေါ်သွားပြီး ခြင်္သေ့ကို မဲပေးရန် ညွှန်ကြားကြောင်း တ.စ.ည မှ မဲရုံကိုယ်စားလှယ်မှတွေ့ရှိခဲ့သည်။

၄။ ပန်းတောကျေးရွာ မဲရုံအမှတ် ၁၊ ၂၊ ၃ တို့တွင် မဲရုံအဝင်ဝ၌ ကြံ့ခိုင်ရေး ဦးထုပ်ဆောင်းထားသည့် ဦးစိန်သောင်း (ဘ-ဦးလှိုင်) ၊ ဦးပေါက်စ(ခ)ဦးမြင့်သန်း(ဘ-ဦးချစ်လှိုင်) ၊ ဦးစန်းတင်(ဘ-ဦးအုန်းမောင်)၊ ဦးဝင်းရှိန် (ဘ-ဦးဘလှ)တို့သည်ကြံ့ခိုင်ရေးပါတီအား မဲပေးရန် မဲဆွယ်စည်းရုံးခဲ့ကြသည်။

၅။ မင်္ဂလွန်းစံပြကျေးရွာ မဲရုံအမှတ် ၂၊ ၃၊ ၄ တို့၏ မဲရုံပတ်ဝန်းကျင်အနီး၌ ထိုကျေးရွာမှဦးတိုင်းကျော်သည် ကြံ့ဖွံ့ဦးထုပ်ဆောင်းလျက် ခြင်္သေ့ဘေးတွင် အမှန်ခြစ်ရန်ဦးထုတ်ကိုပုတ်ပြကာ မဲဆွယ်စည်းရုံးလျက်ရှိရာ ထိုကိစ္စကို ရ.ယ.က ဥက္ကဌ ဦးဝင်းနိုင်ဦးမှတဆင့် မြို့နယ်ကော်မရှင်မှ ဦးပြုံးလှိုင်အား ဆက်လက်တိုင်ကြားခဲ့သော်လည်းအရေးယူဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ ။

## ၇.၂
## ရွေးကောက်ပွဲနေ့မဲပေးရာတွင် ဖြစ်ပွားသည့် ရွေးကောက်ပွဲ မသမာမှုများ

အောက်ဖော်ပြပါ ဖြစ်ရပ်များသည် ၂၀၁၀ ရွေးကောက်ပွဲနေ့တွင် ဖြစ်ပွားခဲ့သည့် မသမာမှုများဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၄င်းဖြစ်ရပ်များကဲ့သို့ အလားတူဖြစ်ရက်ပေါင်းများစွာ ဖြစ်ပွားခဲ့သည်။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေ ပါသတ်မှတ်ပြဋ္ဌာန်းချက် -*

*ဥပဒေ ၄၄၊ ၅၉(စ)(ဆ)၊ ၆၆(ခ)*

*မဲပေးသူတစ်ဦးသည် လွှတ်တော် အသီးသီးအတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီအတွက် တစ်ကြိမ်ထက်ပို၍ မဲပေးခွင့်မရှိပါ။ အလားတူ မဲဆန္ဒနယ်တစ်နယ်၊ မဲရုံတစ်ခုထက်ပို၍ မဲမပေးရပါ။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီမှ ၄င်းတို့ပါတီ ကိုယ်စားလှယ်လောင်းများအား တစ်ကြိမ်ထက်ပို၍ မဲထည့်နိုင်ရန်နှင့် တစ်နယ်ထက်ပို ပြီးမဲပေးနိုင်ရန်လုပ်ဆောင် ခဲ့သည်များရှိခဲ့သည်။

ဖြစ်ရပ်(၁)။ ။ ရပ်ကွက် ၁၈၊ မဲရုံအမှတ်(၁)၊ အမက (၃၄)လှိုင်သာယာတွင်မဲရုံမှူးမှ လက်မှတ်ထိုးပေးခြင်းမရှိပဲ မဲစာအုပ်တစ်အုပ်လုံးကို မဲထည့်ရာတွင် ပေးအပ်ခဲ့ပြီး၊ ထိုမဲများကို မဲရေတွက်ရာတွင် ပယ်မဲအဖြစ်သတ်မှတ်ခဲ့ကြောင်း မဲရုံကိုယ်စားလှယ် တစ်ဦးမှ တွေ့ရှိခဲ့သည်။ ထို့အပြင် ၄င်းမဲရုံတွင် တစ်ဦးချင်းမဲဆန္ဒပြုခြင်း မဟုတ်ဘဲ သုံးလေးဦး စုဝေးဖိအားပေး မဲပေးခြင်းများကို NDF မဲရုံကိုယ်စားလှယ်မှ တွေ့ရှိခဲ့ သည်။ ၄င်းကို တာဝန်ရှိသူများက မျက်ကွယ်ပြုထားခဲ့ကြသည်။ မဲပေါ် ခွင့်ရှိသူမဟုတ်ဘဲ ကိုယ်စားမဲပေးခြင်းများကို မျက်ကွယ်ပြုခွင့်ပြုခဲ့ကြသည်။

ဖြစ်ရပ်(၂)။ ။ လှိုင်သာယာမြို့နယ်ရှိ ၁၅ ရပ်ကွက်၊ မဲရုံ ၁၁၊ အမက(၄၄)

မဲရုံတွင် မဲဆန္ဒရှင်တစ်ဦးအားဆန္ဒမဲပေးနိုင်သည့် စလစ်ပြားသုံးစောင်ထုတ်ပေးပြီး ပြည်ခိုင်ဖြိုးပါတီအား သုံးခါပြန် မဲပေးခိုင်းသည်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် လှိုင်သာယာမြို့နယ်တွင်နေထိုင်သူ၊ မဲလာပေးသူပြည်သူများက ပြောသည်။

ဖြစ်ရပ်(၃)။ ။ ရန်ကုန်တိုင်းခရမ်းသုံးခွမြို့နယ် အိသယကျေးရွာ ၊ မဲရုံအမှတ် (၁) ၌ မောင်ဖြိုးဝေအောင် နှင့် မောင်သက်နိုင်တို့သည် ဆန္ဒမဲ (၂) ကြိမ်ပေးကြောင်း NDF ပါတီမှ ဦးငွေဝင်းနှင့် အခြားပါတီများမှ ကိုယ်စားလှယ်များ ကိုယ်တိုင်တွေ့ရှိခဲ့သည်။

ဖြစ်ရပ်(၄) ။ ။အမှတ်(၁)မဲရုံ၊ ကစဉ်ကျေးရွာ၊ အမက(၂)၊လှိုင်သာယာ၊ ရွှေဥဒေါင်း လမ်း-ပြည်ခိုင်ဖြိုး မြို့နယ်မှ အမှူဆောင် ဒေါ်ကြူကြူဝင်း မဲစာရင်းအမှတ်စဉ် ၇၉၆ သည် ၁၀း၁၅ မှ ၁၃း၄၀ အတွင်း မဲရုံအတွင်းသို့ ၇ ကြိမ်တိတိ လူအပြောက်အများကို ခေါ်ဆောင်ပြီး မဲစာရင်းများကို လက်ရေးနှင့် ပြင်ကာ ထပ်ခါထပ်ခါ မဲလာရောက် ထည့်စေခဲ့သည်ကို ယင်းကို မျက်မြင်သက်သေကိုယ်စားလှယ် ဦးသန်းဝေ ကစာဖြင့် တင်ပြခဲ့ပါသည်။ ယင်း လုပ်ရပ်များကို ရယကများနှင့်ကော်မရှင်က ကောင်းစွာ သိသော် လည်း ခွင့်ပြုခဲ့သည်။

ဖြစ်ရပ် (၅) ။ ။ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပြည်တော်သာရပ်ကွက် မဲရုံတွင် ရာအိမ်မှူးဟောင်း ဦးလှရွှေမှ မဲပုံးတစ်ခုထဲသို့ မဲ(၃)ပြားတပြိုင်တည်းထည့်သဖြင့် မဲရုံကိုယ်စားလှယ် ကိုညီမောင်မှ ကန့်ကွက်သော်လည်း မဲရုံမှူးမှအရေးယူခြင်းမရှိခဲ့ပေ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက် -*
*ဥပဒေ ၄၃၊ နည်းဥပဒေ ၃၉(ဆ)*
*မည်သူမျှကိုယ်စားစေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုလုပ်ရပါ။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီမှ ၄င်းတို့ပါတီကိုယ်စားလှယ်လောင်းအား အကျိုးရှိစေရန် အချို့မဲပေးသူများအား ကိုယ်တိုင်ပေးခွင့် မပြုပဲ အခြားတစ်ဦးမှ ကိုယ်စားမဲထည့်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

ဖြစ်ရပ်(၁)။ ။ သပိတ်ကျင်း မြို့နယ်၊ ၆ မိုင် အ.မ.က မဲရုံတွင် မဲရုံမှူး ဦးထွန်းလှိုင်၏ ရှေ့၌ မဲရုံတာဝန်ရှိသူ ၂ ဦးက မဲဆန္ဒရှင်များ ကိုယ်စားကြံ့ခိုင်ရေးပါတီ တံဆိပ်တွင် အမှတ်ခြစ်ပေးခဲ့သည်။

ဖြစ်ရပ်(၂)။ ။ တံတားဦးမြို့နယ်၊ သူငယ်တော်ကျေးရွာ မဲရုံတွင် မဲရုံတာဝန်ရှိသူ ဆရာမတစ်ဦးက မဲဆန္ဒရှင်ကိုယ်တိုင်မခြစ်စေပဲ ဆရာမက ပြည်ခိုင်ဖြိုးပါတီကို အမှန်ခြစ် ၍မဲပေး စေခဲ့ သည်။

ဖြစ်ရပ်(၃)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွ၊ သိုက်တူးကန်ကျေးရွာအုပ်စု ၊ ဥယျာဉ်ကျေးရွာ မဲရုံအမှတ် (၅) မဲဆန္ဒပေးသူတစ်ဦးသည်ကိုယ်တိုင်ဆန္ဒမဲပေးပြီးနောက် ၎င်း၏ နေအိမ်မှ မလာရောက်နိုင်သော မိသားစုဝင်များ၏ကိုယ်စား ဆန္ဒမဲ ကဒ်ပြားများထုတ်ယူ၍ လူနစ်ဆယ်စာခန့် ဆန္ဒမဲပေးခဲ့သည်။

ဖြစ်ရပ်(၄)။ ။ ရန်ကုန်တိုင်း ၊ သုံးခွမြို့နယ် ၊ အမှတ်(၉)ရပ်ကွက် ၊ မဲရုံအမှတ်(၃) ၌ မဲရုံ၌ လာရောက်ဆန္ဒမဲပေးသည့် ဒေါ်သွယ်သွယ်မြင့် မှ မဲပုံးတွင် မဲရုံ၌မဲထည့်သည်ကို မသင်္ကာသဖြင့်စစ်ဆေးရာ"ဒေါ်စန်းစန်းငွေ" အတွက် ကိုယ်စားဆန္ဒမဲပေးသည်ကိုတွေ့ ရှိရသည်။

ဖြစ်စဉ်(၅)။ ။ ရန်ကုန်တိုင်း ၊ သုံးခွမြို့နယ် ၊ အမှတ်(၉)ရပ်ကွက် ၊ မဲရုံအမှတ်(၃)

၌ ပြည်သူ့လွှတ်တော် မဲစာရင်းစစ်ဆေးသူ ဒေါ်သဇ္ဈာလှိုင်က ၎င်း၏အိတ်အတွင်း၌ ရှိသောပြည်ခိုင်ဖြိုး အမှန်ခြစ်အမှတ်အသားပါ မဲစာရင်းဦးထိန်လင်းအမည်ရှိ မဲစာရင်း စာရွက်အား အမျိုးသားလွှတ်တော် မဲစာရင်းစစ်ဆေးသူ ဒေါ်မေမွန်စိုးအားပေး၍ ဒေါ်မေမွန်စိုးမှ ဆန္ဒမဲပြားအား ဦးထိန်လင်းကိုယ်စား လက်မှတ်ထိုး ထုတ်ယူနေသည်ကို သိမ်းဆည်းရမိသည်။

ဖြစ်ရပ်(၆)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ်၊ အမှတ်၉ ရပ်ကွက် မဲရုံ ၃ တွင် ဒေါ်သွယ်သွယ်ဇင်မြင့်သည် ကိုယ်စားမဲပေးခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု မှစည်းရုံးရေးမှူးတစ်ဦးဖြစ်သူ ဦးသိန်းဇော်ညွှန့်က တွေ့ရှိခဲ့သည်။ ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေ ပါသတ်မှတ်ပြဌာန်းချက် -*

*ဥပဒေ ၅၉ (ဖ)၊ ၆၆ (က-၃)*

*အယောင်ဆောင်၍ ဆန္ဒမဲပေးသူနှင့် ၎င်းအား အားပေးကူညီသူကို ထောင် ဒဏ်၊ ငွေဒဏ်များ ချမှတ်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီမှ ၎င်းတို့ပါတီကိုယ် စားလှယ်လောင်းအား အကျိုးရှိစေရန် အယောင်ဆောင်၍မဲပေးရန် ကြံစည်လုပ် ဆောင်ခဲ့သည်များ ရှိခဲ့သည်။

ဖြစ်ရပ် (၁)။ ။ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မဲရုံတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ စာရင်းကို မဲရုံအဝင်ဝ သင်ပုန်းတွင် ကပ်ထားရာမှ ရွေးကောက်ပွဲနေ့မနက်တွင် ခွာထားသည်ကို တွေ့ရသည်။ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူဦးရေ အတိအကျသိလိုကြောင်း မေးမြန်းရာတွင် မဲရုံမှူးမှ ဖြေဆိုပိုင်ခွင့် မရှိကြောင်းပြောပြီး ရပ်ကွက်ကော်မရှင်မှ နောက်တိုးစာရင်းများ ယနေ့အထိ လက်ခံပေးနေ၍ အတိအကျပြောရန်မဖြစ်နိုင်ကြောင်း ပြောသည်။ ဆန္ဒ မဲစာရင်းတွင် မပါဝင်သော်လည်း နောက်တိုးစာရင်းများကို ရပ်ကွက်ကော်မရှင်မှ (ရွေးကောက်ပွဲနေ့) မဲရုံပိတ်ခါနီး အချိန်အထိ ပြုလုပ်ပေးလျှက်ရှိသည်။ ထိုမဲဆန္ဒရှင် များမှာ လှိုင်မြို့နယ်တွင်ပင်နေထိုင်ကြောင်း အထောက်အထား ပြသနိုင်ခြင်းမရှိပေ။

ဖြစ်ရပ် (၂)။ ။ မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်းကျေးရွာရှိ ရွှေပေါ်ကျွန်းဘုန်းကြီးကျောင်းဘေးတွင် အခြေစိုက်သော မဲရုံသို့ ရွှေပေါ်ကျွန်း ဘုန်းကြီးကျောင်းဝင်းနေ ဦးသန်းထွန်း၊ ဒေါ်ညွန့်ရီတို့သည် နိုဝင်ဘာ (၆)ရက်နေ့အထိ မဲပေးရန်တိုကင်လာမပေးသဖြင့် မဲရုံတာဝန်ကျသူများဖြစ်သော ကိုဝါတားနှင့် ကိုစိန်ဝမ်းတို့နှစ်ဦးအား မဲပေးရန် တိုကင်ပြား သွားရောက်တောင်းယူရာ မဲပေးရန်မလိုကြောင်း မဲထည့်ပြီးပြီ ဖြစ်ကြောင်း ပြန်လည်ပြောဆိုသဖြင့် မိမိတို့ကိုယ်တိုင်မဲပေးလိုကြောင်း အပြင်းအထန်ပြောဆိုရာ ရေနံရွာသားနှစ်ဦး၏ နာမည်ဖြင့် မဲထည့်ရမည်ဟု ပြောဆိုသဖြင့် ထိုရွာသားနှစ်ဦး၏ နာမည်နှင့် နိုဝင်ဘာ(၇)ရက်နေ့တွင် မဲထည့်ရာတွင်လည်း ပြန်လည်သိမ်းဆည်းပြီး အခြားရွာသားနှစ်ဦးနာမည်နှင့် မဲပေးခိုင်းသဖြင့် ပြန်လည်မဲပေးခဲ့ရကြောင်းသိရှိရသည်။ ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေ ပါသတ်မှတ်ပြဋ္ဌာန်းချက် -*
*ဥပဒေ ၅၉ (ဈ)၊ နည်းဥပဒေ ၄၈ (ခ)*

*မဲရုံအတွင်း ဝင်ခွင့်မရှိဘဲဝင်လျှင်၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင် ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီဝင်သည် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ထွက်နေခဲ့ကြသည်။ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များကလည်း ခွင့်ပြုခဲ့ကြသည်။

ဖြစ်ရပ် (၁)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမင်းရွာကျေးရွာ၊ မဲရုံအမှတ်(၁) ၌ ကျေးရွာ ရ.ယ.က အဖွဲ့ဝင်ဦးမောင်မောင်ဆွေမှာ မဲရုံအတွင်းဝင်ထွက်သွားလာ၍ခြသေ့်အားမဲပေးရန် အမူအယာများဖြင့်ပြသခဲ့သည်။ နေ့လည်(၁၁း၃၀) အချိန်ခန့်တွင် N.D.F မဲရုံကိုယ်စားလှယ်ဦးအုန်းလှိုင်က အဖြစ်အပျက်များကိုမဲရုံမှူးဆရာမကြီး ဒေါ်မြမူအားတင်ပြရာ မဲရုံမှူးမှ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ မိမိနေရာတွင်ထိုင်နေရန်သာ ပြောဆိုခဲ့သည်။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဌာန်းချက် -*

*ဥပဒေ ၅၉ (ဃ)၊*

*မဲလက်မှတ်မှအပ မဲပုံးထဲသို့ အခြားပစ္စည်းတစ်ခုခု ထည့်လျှင်၊ ထည့်ရန်အား ပေးကူညီလျှင် ထောင်ဒဏ်၊ငွေဒဏ်များချမှတ်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် ပြည်ခိုင်ဖြိုးပါတီ၏ ခြိမ်းခြောက်မှုကြောင့်မဲလာပေးသူပြည်သူများမှာ ပြည်ခိုင်ဖြိုးတံဆိပ်ဘေးတွင်အမှန်ခြစ်ထားသည့်မဲဖိတ်စာများကိုပါယူဆောင်လာပြီးမဲပုံးထဲသို့မဲလက်မှတ်နှင့်အတူထည့်သွင်းခဲ့ကြရသည်။

ဖြစ်ရပ် (၁)။ ။ ရန်ကုန်တိုင်း ၊ သုံးခွမြို့နယ် ၊ ကျားဘိုကျေးရွာ ၊ မဲရုံအမှတ် (၁) ၌ ကြံ့ခိုင်ရေး ပါတီဝင်များသည် မဲရုံအတွင်းထိ ကြံ့ခိုင်ရေးမဲဆွယ်သည့် စာရွက်များအား ကိုင်ဆောင်၍မဲပေးကာ နောက်ဆုံးတိုင်းဒေသကြီးလွှတ်တော်မဲပေးသည့်အခါ မဲရုံး၏ တစ်နေရာ၌ ပုံထားပါသည်။ ။ (အထောက်အထားရှိ)

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေ ပါသတ်မှတ်ပြဌာန်းချက် -*

*ဥပဒေ ၆(ခ)၊ ၇*

*မဲစာရင်းတွင် မပါဝင်သူ၊ မဲပေးခွင့် မရှိသူဖြစ်လျှင် ဆန္ဒမဲပေးခွင့်မရှိပါ။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် မဲရုံမှူးများနှင့် တာဝန်ရှိသူများသည် ပြည်ခိုင်ဖြိုးပါတီကို ဆန္ဒမဲထည့်နိုင်ရန် မဲစာရင်းတွင် မပါဝင်သူ၊ မဲပေးခွင့်မရှိသူ အများအပြားအား ဆန္ဒမဲထည့်စေခဲ့သည့် ဖြစ်ရပ်များ ရှိခဲ့သည်။

ဖြစ်ရပ် (၁)။ ။ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မဲရုံတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ စာရင်းကို မဲရုံအဝင်ဝ သင်ပုန်းတွင်ကပ်ထားရာမှ ရွေးကောက်ပွဲနေ့မနက်တွင် ခွာထားသည်ကို တွေ့ရသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ အတိအကျသိလိုကြောင်း မေးမြန်းရာတွင် မဲရုံမှူးမှ ဖြေဆိုပိုင်ခွင့်မရှိကြောင်းပြောပြီး ရပ်ကွက်ကော်မရှင်မှ နောက်တိုးစာရင်းများ

ယနေ့အထိ လက်ခံပေးနေ၍ အတိအကျပြောရန် မဖြစ်နိုင်ကြောင်းပြောသည်။ ဆန္ဒမဲစာရင်းတွင် မပါဝင်သော်လည်း နောက်တိုးစာရင်းများကို ရပ်ကွက်ကော်မရှင်မှ (ရွေးကောက်ပွဲနေ့) မဲရုံပိတ်ခါနီး အချိန်အထိ ပြုလုပ်ပေးလျှက်ရှိသည်။ ထိုမဲဆန္ဒရှင်များမှာ လှိုင်မြို့နယ် တွင်ပင်နေထိုင်ကြောင်း အထောက်အထား ပြသနိုင်ခြင်းမရှိ။

ဖြစ်ရပ်(၂)။ ။ ရွှေပြည်သာမြို့နယ်မှ ဇီးကုန်းနှင့်အင်းစုရပ်ကွက်မှသူများ အခြားရပ်ကွက်တွင်သွား၍ မဲပေးခဲ့ရသည်။

ဖြစ်ရပ်(၃)။ ။ ရွှေပြည်သာမြို့နယ်မှ ဇီးကုန်းနှင့်အင်းစုရပ်ကွက်မှပင် ၁၃နှစ်သာရှိသေးသူ မဝေဝေမျိုးညွှန့်ကို မဲထည့်ရန်ကဒ်ထုတ်ပေးခဲ့သည်။

ဖြစ်ရပ်(၄)။ ။ ဆိပ်ကြီးအနောက်၊ ခနောင်တိုအရှေ့ဘက်တွင် သန်းခေါင်စာရင်း မပေါက်သော်လည်း မဲထည့်ခွင့်ပေးထားသည်။

ဖြစ်ရပ်(၅)။ ။ ရန်ကုန်တိုင်းရွှေပြည်သာ မဲရုံ အမှတ် ၁ တွင် သက်ဆိုင်ရာအမျိုးသား ကိုယ်စားလှယ်ဦးသန့်စင်မဲပေးစဉ် မဲရုံနှင့်သက်ဆိုင်ခြင်းမရှိဘဲ ရုံအတွင်းဝင်ရောက်နေသည့် ရာအိမ်မှူးဦးသန်းထွန်းက အမည်စာရင်းမပါဟု အကြောင်းပြကာ မဲပေးခွင့်မပြုခဲ့။ သို့သော် ဦးသန်းထွန်း၏ လွယ်အိတ်ထဲတွင် မဲစာရင်းတစ်စုံပါရှိပြီးထို မဲစာရင်းတွင် ဦးသန့်ဇင်၏ အမည်ကို၁၉၉ ဖြင့်ရှာတွေ့သည်။ သို့ရာတွင် အခြားသူတစ်ဦးဦး၏ အမည်ကိုဖျက်၍ ရေးသားထားခြင်းဖြစ်သည်။ စိစစ်လျှင် တွေ့နိုင်မည်ဖြစ်သည်။ ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက် -*
*နည်းဥပဒေ (၄၈-ခ-၆)*
*လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များသည် မဲရုံအတွင်းသို့ ဝင်ခွင့်ရရှိရပါမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲရုံကိုယ်စားလှယ်များသည်မဲရုံအတွင်းသို့ဝင်ခွင့်မရခဲ့သည့်ဖြစ်ရပ်များရှိခဲ့ပါသည်။

ဖြစ်ရပ် (၁)။ ။ ပျော်ဘွယ်မြို့နယ်၊ မဲရုံ ၂၊ ရွှေပြည်ရန်အောင် ရပ်ကွက်တွင် NDF ပါတီမှ မဲရုံကိုယ်စားလှယ် ဦးခင်အောင်ကို မဲရေတွက်စဉ် ကြည့်ခွင့်မပေး။

ဖြစ်ရပ်(၂)။ ။ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ် အမှတ် ၁ ရပ်ကွက် မဲရုံ ၃ တွင် သက်ဆိုင်ရာပါတီမှ စေလွှတ်ထားသည့် မဲရုံကိုယ်စားလှယ်များအား မဲရုံမှူး ဒေါ်နွယ်နွယ်အေးမှ မဲရုံအခင်းအကျင်းကို ကြည့်ရှုခွင့်မပေးဘဲ ထွက်ခွာသွားရန် နှင်ထုတ်ခဲ့သည်။ မဲရုံကိုယ်စားလှယ်များမှ ဥပဒေနှင့်အညီကြည့်ရှုခွင့်ရှိကြောင်း ပြောဆိုမှသာ ရပ်ကွက်ကော်မရှင်ဥက္ကဌ ဦးအောင်ညွှန့်ရှေ့မှောက်တွင် ပြန်လည်တောင်းပန်ခဲ့သည်။

ဖြစ်ရပ်(၃)။ ။ သုံးခွမြို့နယ် မင်းရွာအသင်းကျေးရွာ မဲရုံအမှတ် ၁ တွင် ရ.ယ.က ဥက္ကဌ ဦးမြင့်လွင်က သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်များကို မဲရုံအပြင်ဘက်တွင် နေရာချပေး၍ မဲစာရင်းမည်သို့ထုတ်ပေးသည်ကို မသိစေရန်ပြုလုပ်ခဲ့။

ဖြစ်ရပ် (၄) ။ ။ မင်္ဂလာဒုံမြို့နယ်ရှိ ပန်းခြံကုန်းမှတ်တိုင်ရှေ့ရှိ လေတပ်အတွင်း ဖွင့်လှစ်ထားသော မဲရုံသို့အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်မှ မဲရုံကိုယ်စားလှယ်အားဝင်ခွင့်မပြုခဲ့ကြောင်းသိရှိရသည်။ ပင်မယာဉ်သိုလှောင်ရေး တပ်တွင်ဖွင့်လှစ်ထားသောမဲရုံတွင်လည်းအမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်မှလွှတ်တော်ကိုယ်စားလှယ်လောင်းဦးကြည်ဝင်း၏ မဲရုံကိုယ်စားလှယ်ဦးခင်မောင်ကြည်ကို ဝင်ခွင့်မပေးခဲ့ကြောင်းသိရှိရသည်။ ။

၃.၃

# မဲရေတွက်ခြင်းနှင့် ရလဒ်အတည်ပြုခြင်းဆိုင်ရာ ရွေးကောက်ပွဲ မသမာမှုများ

အောက်ဖော်ပြပါ ဖြစ်ရပ်များသည် ၂၀၁၀ ရွေးကောက်ပွဲနေ့တွင် မဲရေတွက်ရာနှင့် ရလဒ်အတည်ပြုရာ အဆင့်များတွင် ဖြစ်ပွားခဲ့သည့် မသမာမှုများ ဖြစ်သည်။ မြန်မာနိုင်ငံတဝန်းလုံးတွင် ၎င်းဖြစ်ရပ်များကဲ့သို့ အလားတူ ဖြစ်ရပ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည်။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဌာန်းချက် -*

*ဥပဒေ ၄၈ (ခ)၊ နည်းဥပဒေ ၆၅*

*မဲပေးခြင်းပြီးဆုံးလျှင် မဲရုံကိုယ်စားလှယ်များ၊ အများပြည်သူများ ရှေ့မှောက်တွင် ရေတွက်ရမည်။ အနည်းဆုံးသက်သေ ၁၀ ဦးပါရမည်။ မဲရုံကိုယ်စားလှယ်များအား မဲရေတွက်ထားသည့် စာရင်းများကို အတည်ပြုလက်မှတ်ရေးထိုးစေရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မရုံအများအပြားတွင် မဲပေးခြင်းပြီးဆုံးသောအခါ မဲရုံကိုပိတ်ပစ်လိုက်ပြီး မဲရေတွက်မှုကို အများပြည်သူများအား ဝင်ရောက် ကြည့်ရှုခွင့် မပြုခဲ့သည့် ဖြစ်ရပ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုခွင့်၊ ပါဝင်ခွင့် မရှိသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

ဖြစ်ရပ် (၁)။ ။ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ အ.မ.က (၂၀) မဲရုံတွင် မဲရေတွက်ချိန် ညနေ ၄း၃၀ ခန့်မှစ၍ မဲရေတွက်ပြီးဆုံးသည်အထိ ပြည်သူအများကို ဝင်ရောက်ကြည့်ရှုခွင့်မပြုဘဲ တံခါးပိတ်၍ မဲရေတွက်ခြင်းပြုခဲ့သည်။ ၎င်းရပ်ကွက်၏ မဲရုံအမှတ် (၃၊ ၄၊ ၅၊ ၆၊ ၇) တို့တွင်လည်း ထိုကဲ့သို့ အလားတူဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်ကို NDF ပါတီမှ မဲရုံကိုယ်စားလှယ်များမှ မျက်မြင်တွေ့ရှိခဲ့သည်။

ဖြစ်ရပ် (၂)။ ။ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ဘူးကွဲကြီးရွာ၊ ၄ရပ်ကွက် ၊ မဲရုံ ၂၊ ငွေဆောင်၌ မဲများရေတွက်ချိန်တွင် အများပြည်သူနှင့် တ.စ.ညပါတီမှ ကိုယ်စားလှယ်

များကို ဝင်ရောက်ကြည့်ရှုခွင့်မပြုခဲ့ကြောင်းနှင့် ထိုသို့ ကြည့်ရှုခွင့် မပြုကြောင်း ပြောသည်ကို မိမိတို့မှ အသံသွင်းမှတ်တမ်းတင်ထားကြောင်း တ.စ.ည မဲရုံ ကိုယ်စားလှယ်မှ ပြောကြားသည်။ ၄င်းဘူးကွဲကြီးရွာရှိ အ.လ.က ၁ မဲရုံ ၃၊ ၄ တို့တွင် လည်း မဲရေတွက်ခြင်းကို အများပြည်သူဝင်ရောက်ကြည့်ရှုခွင့် မရခဲ့ပေ။

ဖြစ်ရပ် (၃)။ ။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ မဲရုံအမှတ် ၁၊ ၂ တို့တွင် ညနေ ၄ နာရီ မဲရေတွက်ချိန်၌ မဲရုံတံခါးများကို သော့ခတ်ပိတ်ထားပြီး အများပြည်သူဝင်ရောက်ကြည့်ရှုခွင့် မပြုပဲ မဲရေတွက်ခဲ့သည်။ အလားတူ ငါးထပ်ကြီး တောင်ရပ်ကွက် မဲရုံအမှတ် ၁၊ ၂ တို့တွင်လည်း ညနေ ၄ နာရီမဲရေတွက်ချိန်၌ ကျောင်းဝင်းတံခါးများကို သော့ခတ်လိုက်ပြီး ပြည်သူလူထုအား မဲရေတွက်ခြင်းကို ဝင်ရောက်ကြည့်ရှုခွင့် မပေးခဲ့ပေ။ ဗိုလ်ချို(၂)ရပ်ကွက် မဲရုံအမှတ် ၁၊ ၂ တို့တွင်လည်း အလားတူပင် ပြည်သူလူထုကို မဲရေတွက်ခြင်းအား ဝင်ရောက်ကြည့်ရှုခွင့် မပြုသည့် ဖြစ်ရပ်များ ထင်ရှားစွာ ဖြစ်ပွားခဲ့သည်။

ဖြစ်ရပ်(၄)။ ။ ရန်ကုန်တိုင်း၊ လှိုင်သာယာ မြို့နယ်၊ အလယ်ရွာ၊ မဲရုံအမှတ် (၆)၌ အချိန်ညနေလေးနာရီနောက်ပိုင်း မဲစတင်ရေတွက်သည့် အချိန်မှစ၍ ပြည်သူများကို မဲရုံအတွင်း ဝင်ရောက်ခွင့်မပြုခဲ့ပေ။

ဖြစ်ရပ် (၅)။ ။ လှိုင်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ မဲရုံအမှတ် (၅)၌ မဲရေတွက်စဉ် အများပြည်သူများအား ဝင်ရောက်ကြည့်ရှုခွင့် မပြုသည့် အပြင် မဲရုံအဖွဲ့ဝင် အချို့ကိုပါ မဲရုံပြင်ပသို့ ထွက်သွားခိုင်းခဲ့သည်။

ဖြစ်ရပ် (၆)။ ။ မရမ်းကုန်းမြို့နယ်၊ မဲရုံအမှတ်(၅)၌ ညနေပိုင်း မဲရေတွက် ချိန်ရောက်သည့်အခါတွင် မဲရုံတာဝန်ရှိသူများသည် အခြားပါတီများမှ မဲရုံကိုယ် စားလှယ်များနှင့် ပြည်သူများအား ဝင်ရောက်ကြည့်ရှုခွင့် မပြုတော့ပေ။ ရပ်ကွက် ဥက္ကဋ္ဌပင်ကြည့်ခွင့်မရခဲ့ချေ။ ထို့နောက် မည်သည့် အရပ်ဒေသမှမှန်း မသိရသည့် ကြိုတင်မဲများထိုမဲရုံသို့ ရောက်လာပြီး မဲရေတွက်ပြီးစီးသွားချိန်တွင် ပြည်ခိုင်ဖြိုး အနိုင်ရရှိသည်ဟုကြေညာခဲ့သည်။ ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဌာန်းချက် -*
*ဥပဒေ ၄၈ (ခ)၊ နည်းဥပဒေ ၆၅၊ ၆၆ (က)၊ (င)၊ (စ)*
*မဲရုံကိုယ်စားလှယ်များသည် မဲရေတွက်ရာတွင် ပါဝင်ကြည့်ရှုစစ်ဆေးခွင့်ရရမည်။ မဲရုံကိုယ်စားလှယ်များအား မဲရေတွက်ထားသည့် စာရင်းများကို အတည်ပြု လက်မှတ်ရေးထိုးစေရမည်။ မဲလက်မှတ်များထည့်သည့် အိတ်များကို ပါဝင်ချိတ်ပိတ်ခွင့်ပြုရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင် မဲပေးခြင်းပြီးဆုံးသည့်အခါ မဲရေတွက်မှုကို မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုခွင့်၊ မဲရေတွက်ထားသည့် စာရင်းအား လက်မှတ်ထိုးခွင့်၊ မဲလက်မှတ်အိတ်များအား ပါဝင်ချိတ်ပိတ်ခွင့်မပေးခဲ့ပါ။

ဖြစ်ရပ် (၁)။ ။ ရန်ကုန်တိုင်းကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက် မဲရုံ (၉) မဲရေတွက်ထားသည့်ရလဒ်များ စာရင်းသွင်းထားသည့် ပုံစံ ၁၆ အချို့တွင် မဲရုံ ကိုယ်စားလှယ်၊ မရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လက်မှတ်များပါဝင်ခြင်းမရှိပေ။ ပုံစံ၁၉ သို့ ရေးသွင်းရာတွင်လည်း ကိုယ်စားလှယ်လောင်းများနှင့် အများပြည်သူကို ကြည့်ရှုခွင့် မပေးခဲ့သည့်အပြင် တောင်းယူကြည့်ရှုမှုကိုလည်း ငြင်းဆိုခဲ့သည်။

ဖြစ်ရပ်(၂)။ ။ ရန်ကုန်တိုင်း၊ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာမဲရုံ ၃ ရုံ အနက် မဲရုံ ၁ တွင် မဲရုံမှူးဖြစ်သူမှ NDF ပါတီမှ မဲရုံကိုယ်စားလှယ် ဦးမျိုးသိန်းနှင့် ဦးဇော်နိုင်ထွန်းတို့ကို မဲရေတွက်ပြီးချိန်တွင် ပုံစံ ၁၆ ၌ လက်မှတ်ရေးထိုးခြင်း မပြုစေဘဲ အိမ်ပြန် ထမင်းစားပြီးချိန် ည ၈ နာရီခွဲခန့်မှသာ ၎င်းတို့ အိမ်သို့လာရောက် လက်မှတ်ထိုးခိုင်းစေခဲ့သည်။ မဲရုံ အမှတ် ၂ တွင်လည်း မဲရေတွက်ရာတွင် သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်များ ကြားနိုင်မြင်နိုင်အောင် ရေတွက်ခြင်းမပြုခဲ့ပေ၊ ထို့ကြောင့် NDF မဲရုံကိုယ်စားလှယ် ဒေါ်ခင်ချိုဝင်းမှ မဲရုံတာဝန်ရှိသူများအား မေးမြန်းရာတွင်လည်း မေးခွင့်မရှိဟုဆို၍ ငြင်းဆိုခဲ့သည်။ ထိုကဲ့သို့ မည်သို့မှ မေးမြန်း၍ မရခြင်းကြောင့် ဒေါ်ခင်ချိုဝင်းမှ လက်မှတ်ထိုးပေးခြင်းမပြုခဲ့ပါ။

မဲရုံအမှတ် ၃ တွင်လည်း NDF မှ ဒေါ်ခင်ချိုဝင်းက NDF သို့ပေးသောမဲများမှာ မဲအင်္ဂါရပ်နှင့် ညီညွတ်သော်လည်း မဲရုံမှူးဒေါ်တင်အေးမှ ပယ်မဲသတ်မှတ်သဖြင့်

မေးမြန်းရာ မြို့နယ်ကော်မရှင်သို့ရောက်မှ ဖြေရှင်းရန် နှင့်ပြောပိုင်ခွင့်မရှိကြောင်း ခပ်ပြတ် ပြတ်ပြန်လည်ဖြေကြားခဲ့၍ ဒေါ်ခင်ချိုဝင်းမှ မဲစာရင်းချုပ်တွင်လက်မှတ်မထိုးဘဲ နေခဲ့သည်။

အထက်ပါကိစ္စရပ်များနှင့် ပက်သက်၍ NDF မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်လောင်းကိုယ်တိုင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို တိုင်ကြားခဲ့ပြီး ဖြစ်နိုင်လျှင် ကျေးရွာမဲရုံအဖွဲ့ မဲများလာပို့ချိန်တွင်ဖွင့်ဖောက်စစ်ဆေးပေးရန်တောင်းဆိုခဲ့သော်လည်း လုပ်ပိုင်ခွင့်မရှိဟု ငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ၄င်းလွှတ်တော်ကိုယ်စားလှယ်က မဲစာရင်းများ မမှန်ကန်သဖြင့် ကန့်ကွက်မည်ဖြစ်ကြောင်း၊ မဲရုံ ၂ နှင့် ၃ များတွင် ၄င်း၏ လက်မှတ်မပါသဖြင့် အတည်မပြုနိုင်ကြောင်းပြန်လည်ပြောကြားရာ မြို့နယ်ကော်မရှင် ဥက္ကဋ္ဌက အခြားပါတီများလည်း လက်မှတ်ရေးထိုးထားသည်ဟု ပြောကြားခဲ့သည်။ သို့သော် အခြားပါတီမှ ကိုယ်စားလှယ်များကိုလည်း မဲစာရင်းရေတွက်ပြီးချိန်တွင် ထိုးခိုင်းခြင်း မဟုတ်ဘဲ ကျေးရွာ(ရ.ယ.က )သို့ရောက်မှသာ ထိုးခိုင်းခြင်းဖြစ်သည်။

ဖြစ်ရပ်(၃)။ ။ မြစ်သားမြို့နယ် မြို့နယ်ကောက်မရှင်သို့ ည ၁၀နာရီနောက်ပိုင်းတွင် ကျေးရွာများမှချိတ်ပိတ်မထားသောမဲထုပ်များရောက်လာရာ NDFပါတီမှကိုယ်စားလှယ် ကိုကျော်ဆန်းဝင်းမှ မေးမြန်းရာ အချိန်မမီ၍ မပိတ်ခဲ့ရ ဟုသာဖြေကြားခဲ့သည်။ ။

*ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက် -*
*နည်းဥပဒေ ၇၁၊ ၄၈ (ဃ)*

*မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံပိတ်ချိန် ညနေလေးနာရီနောက်ပိုင်းမှ ရောက်လာသော ကြိုတင်မဲလက်မှတ်များကို ထည့်သွင်းရေတွက်ခြင်း မပြုရ။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းရှိ မဲရုံအများအပြားနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများတွင် မဲရုံပိတ်ချိန် ညနေလေးနာရီနောက်ပိုင်းမှ ရောက်လာသော ကြိုတင်မဲလက်မှတ်များကို ထည့်သွင်းရေတွက်ခြင်း ပြုလုပ်ခဲ့သည်။

ဖြစ်ရပ် (၁) ။ ။ လှိုင်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ မဲရုံအမှတ်(-) ၌ မဲရုံရှိမဲများကို ရေတွက်ပြီးချိန်တွင် NDF ပါတီမှ အသာစီးရနေခဲ့သော်လည်း ည(၁၀) နာရီခန့် အချိန်၌ မည်သည့် နေရာက မှန်းမသိရသည့် ကြိုတင်မဲများရောက်လာပြီး ထိုကြိုတင်မဲများကို ရေတွက်ပြီးသောအခါ ပြည်ခိုင်ဖြိုးပါတီမှ အနိုင်ရရှိသွားခဲ့သည်။

ဖြစ်ရပ်(၂)။ ။ ရန်ကုန်တိုင်းဗဟန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လောင်း ဦးအောင်မြတ်ထွန်း( NDF )သည် ရပ်ကွက်အဆင့် မဲရုံ ၂၆ရုံခန့်တွင် မဲပေါင်း ၁၈၀၀ ကျော် အသာရနေသော်လည်း မြို့နယ်အဆင့်သို့ ၈နာရီခွဲတွင် ကြိုတင်မဲ ၈၁၃မဲ၊ ၉နာရီကျော်တွင် ကြိုတင်မဲ ၇၁၂ မဲ၊ ၁၁ နာရီခန့်တွင် ကြိုတင်မဲ ၁၈၀၀ ကျော် ရောက်ရှိလာပြီး ရှုံးနိမ့်သွားခဲ့သည်။

ဖြစ်ရပ်(၃)။ ။ ရန်ကုန်တိုင်းကျောက်တန်းမြို့နယ် တွင် မဲရုံစုစုပေါင်း ၁၉၂ ရုံရှိပြီး ၇ ရက်နေ့ ည ၁၂ နာရီကျော်ထိ မဲရုံ ၈၈ ရုံမှ မဲများကို ရေတွက်ပြီးသမျှ NDF မှ ပြည်သူ့လွှတ်တော်နေရာအတွက် မဲပေါင်း ၇၀၀၀ ကျော်ဖြင့်ဦးဆောင်နေခဲ့ရာမှ ၈ ရက်နေ့ နံနက် ၂ နာရီကျော်ခန့်မှ စတင်၍ ၄နာရီခွဲခန့်အထိ ကား၊ ဆိုင်ကယ်၊ ဆိုက္ကားများဖြင့် ကြိုတင်မဲထုပ်များ ရောက်ရှိလာပြီး ထိုအချိန်မှ စ၍ သက်ဆိုင်ရာပါတီ ကိုယ်စားလှယ်များနှင့်မဲရုံကိုယ်စားလှယ်များအား ဝင်ခွင့်မပေးတော့ပါ။

ဖြစ်ရပ် (၄)။ ။ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ အ.မ.က(၂၉)၊ မဲရုံအမှတ် ၆၊ ၇ သို့ ညနေ ၄ နာရီခွဲကျော်တွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းဆိုသူမှ ကြိုတင်မဲများပါဝင်သည့် ကျွတ်ကျွတ်အိတ် ၁ လုံးအားသယ်ဆောင်လာပြီး ထည့်သွင်း ရေတွက်စေခဲ့သည်။ ။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက် -*
*ဥပဒေ ၆၅၊ ၆၆*

*မဲပေးခြင်းပြီးလျှင် မဲများကို မဲရုံတွင်ရေတွက်ပြီးမှ မြို့နယ်ကော်မရှင်သို့ မဲရလဒ် စာရင်းများနှင့်တကွပို့ဆောင်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းရှိ မဲရုံအများအပြားတွင် မဲပေးခြင်းပြီးဆုံးသောအခါ မဲရုံကို ပိတ်ပစ်လိုက်ပြီး မဲရေတွက်မှု မပြုလုပ်တော့ပဲ မဲလက်မှတ်များကို မြို့နယ်ကော်မရှင်သို့ ပို့ဆောင်ခဲ့သည့် ဖြစ်ရပ်များ ရှိခဲ့သည်။

ဖြစ်ရပ် (၁)။ ။ ကချင်ပြည်နယ်၊ဖားကန့်မြို့နယ်၊ မဲရုံ ၃၇ နှင့် ၃၈ တွင် မဲရုံမှူးက မဲရေတွက် ခြင်းမရှိပဲမဲပုံးများကို မြို့နယ်ကော်မရှင်သို့ ယူဆောင်သွားခဲ့သည်။ ။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေ ပါသတ်မှတ်ပြဋ္ဌာန်းချက် -*
*နည်းဥပဒေ ၄၇(ခ)*

*မဲပုံးကို မတရားသည့်နည်းဖြင့် ယူဆောင်သွားလျှင်၊ မဲလက်မှတ်များ ချွတ်ယွင်း၊ ပျက်စီး၊ ပျောက်ဆုံးလျှင် ထိုမဲရုံ၏ မဲပေးခြင်း ပျက်ပြယ်သည်။ မြို့နယ်ကော်မရှင်က ဆန္ဒမဲ အသစ်ပေးခြင်း ပြုလုပ်နိုင်ရန် စီစဉ်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအချို့မှ မဲပုံးများ မြို့နယ်ကော်မရှင်သို့ ပို့ဆောင်စဉ် တွင် ပျောက်ဆုံးခဲ့သည့် ဖြစ်ရပ်များရှိခဲ့ပါသည်။

ဖြစ်ရပ် (၁)။ ။ ဘုရင့်နောင်တံတားထိပ်တွင် တပ်စွဲသည့် ခမရ-၅၃၂မှ တပ်မတော်သားမဲဆန္ဒရှင်များ၏ ဆန္ဒမဲပုံးများ လှိုင်သာယာမြို့နယ်၊ မြို့နယ်ကော်မရှင်သို့ ည ၁၀း၃၀ တွင် ရောက်ရှိပြီးနောက် ပျောက်ဆုံးသွားခဲ့သည်ဟု လုံခြုံရေးအဖွဲ့ဝင်များမှ ပြောကြားသည်။ ၄င်းမဲပုံးများကို နောက်နေ့နံနက်တွင် မြို့နယ်ကော်မရှင်ရုံးအတွင်း မဲများအပြည့်ဖြင့် ပြန်တွေ့ရသည်။ ။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဌာန်းချက် -*

*နည်းဥပဒေ ၆၆ (ဂ) (ဃ)*

*ပယ်မဲအဖြစ်သတ်မှတ်နိုင်သည့်မဲများမှာ ၁။ ကော်မရှင် အတည်ပြု အမှတ်အသားမပါ ၂။ မဲရုံမှူးလက်မှတ်မပါ ၃။ တစ်ဦးထက်ပို ဆန္ဒပြုထား ၄။ ဆန္ဒပြုထားခြင်းမရှိ ၅။ ဆန္ဒပြုထားမှု မထင်ရှား၊ မသေချာ ၆။ အတုဟု မဲရုံမှူးကဆုံးဖြတ် ၇။ မဲပေးသူကို သိအောင် အမှတ်အသားလုပ်ထား ၈။ ဆုတ်ဖြဲထားသည့် မဲလက်မှတ်များဖြစ်သည်။*

*ပယ်မဲအဖြစ် သတ်မှတ်နိုင်သည့် ကြိုတင်မဲများမှာ ၁။ ကော်မရှင်အတည်ပြု အမှတ်အသားမပါ ၂။ ကော်မရှင် တံဆိပ်မပါ ၃။ ထုတ်ပေးသူ (မဲရုံမှူးမဟုတ်)ရဲ့ လက်မှတ်မပါ ၄။ တစ်ဦးထက်ပိုဆန္ဒပြုထား ၅။ ဆန္ဒပြုထားမှုမရှိ ၆။ မသေချာ၊ မထင်ရှား ၇။ အတုဟု မဲရုံမှူး (သို့)ကော်မရှင်အဖွဲ့၊ အဖွဲ့ခွဲ က ဆုံးဖြတ် ၈။ မဲပေးသူကိုသိအောင် အမှတ်အသားပြုလုပ်ထား ၉။ ဆုတ်ဖြဲထား သည့် ကြိုတင်မဲများဖြစ်သည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံတဝန်းရှိ မဲရုံအများအပြားတွင်မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်လောင်းများအား အကျိုးရှိစေရန် အခြားပါတီများ ရရှိသည့် ပယ်မဲဟု မသေချာသည့်မဲများကို ပယ်မဲအဖြစ်သတ်မှတ်ခဲ့ခြင်း၊ ပယ်မဲဖြစ်နိုင်သည့် ပြည်ခိုင်ဖြိုးပါတီကို ဆန္ဒပြုထားသည့်မဲများကို ထည့်သွင်းရေတွက်ခြင်းများ ပြုလုပ်ခဲ့သည်။

ဖြစ်ရပ်(၁)။ ။ ရန်ကုန်တိုင်း၊ရွှေပြည်သာမြို့နယ် ရပ်ကွက် အမှတ်၇ မဲရုံအမှတ် ၂ တွင် ပထမအကြိမ်ရေတွက်ရာတွင် NDF ပါတီမှ ၄၂၈ ၊ ပြည်ခိုင်ဖြိုး ၃၈၄ အသီးသီး ရရှိသည်။ ထို့နောက် NDF ရရှိထားသည့် ၆၄ မဲကို မှင်မထင်ရှားဟု အကြောင်းပြ ကာ ထုတ်ပယ်သည်။မြို့နယ်ကော်မရှင်သို့ NDF ၃၄၆ နှင့် ပြည်ခိုင်ဖြိုး ၃၆၉ ဟု စာရင်းပေး ပို့ခဲ့သည်။

ဖြစ်ရပ်(၂)။ ။ ရန်ကုန်တိုင်းခရမ်းသုံးခွမြို့နယ် အမှတ် ၅ ရပ်ကွက် မဲရုံ ၁ ၌ မဲရေတွက်စဉ်တွင် ပြည်ခိုင်းပါတီကို ဆန္ဒပြုထားသည့် (V) ပုံသဏ္ဍာန် အမှန်ခြစ် ကို အတည်ပြုရေတွက်သဖြင့် NDF မှကိုယ်စားလှယ် ရဲရင့်ဝင်းမှ ကန့်ကွက်ရာ

မဲရုံမှူးမှ လက်မခံခဲ့ပေ။ အလားတူ အမှန်ခြစ်မျိုးဖြင့် NDF ဆန္ဒမဲများကိုမူ ပယ်မဲအဖြစ် သတ်မှတ်ခဲ့ပြီး ကန့်ကွက်သူ မောင်ရဲရင့်ဝင်းအားမဲရုံမှူး ဦးဝင်းဌေးမှ ဦးစိုးတင့်၊ ဦးလှမိုး၊ ဦးအုန်းကြီး၊ ဦးဝင်းမြင့်နှင့် ဦးဖေအောင်တို့ ရှေ့တွင် တိုင်ချင်သည့်နေရာတွင် တိုင်နိုင်ကြောင်း၊ ဂရုမစိုက်ကြောင်း ဟိန်းဟောက်ပြောဆိုခဲ့သည်။

ဖြစ်ရပ် (၃) ။ ။မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာတွင် ဖွင့်လှစ်သော သစ်ဆိမ့်ကုန်း မဲရုံအမှတ်(၆)တွင် အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်၏ အမှတ်အသားတွင်ကြယ်ဖြူမပါသော ဆန္ဒမဲလက်မှတ်များအားထုတ်ပေး၍ လွှတ်တော် (၃) ရပ်တွင် မဲထည့်စေခဲ့ပြီးမှ မဲရေတွက်ချိန်တွင် ကြယ်ဖြူမပါဟု အကြောင်းပြပြီး ပယ်မဲ အဖြစ်(၄၇၇)ကျော်ကိုသတ်မှတ်ခဲ့သည်။ ထိုကဲ့သို့အဖြစ်မျိုးမိတ္ထီလာမြို့နယ် ဝန်ဇင်းနယ်မြေ၊ မဲရုံ(၁)တွင်လည်း ဖြစ်ပွားခဲ့သည်။

ဖြစ်ရပ် (၄) ။ ။ မင်္ဂလာဒုံမြို့နယ်၊ ဒလဘောင်ရပ်ကွက်တွင် မဲထည့်ရန် မဲလက်မှတ် ပေးရာတွင် တိုင်းဒေသကြီးလွှတ်တော် မဲလက်မှတ်များကိုသာ ထုတ်ပေးခဲ့ခြင်းဖြင့် ကျန်သည့် မဲလက်မှတ်များအားလုံး ပယ်မဲအဖြစ်လုပ်ဆောင်ခံခဲ့ရသည်။ ။

## *ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဌာန်းချက် -*

*နည်းဥပဒေ ၆၇ (ခ)၊ ပုံစံ (၁၉)*

*မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်အတွင်းရှိ မဲရုံများမှ ပုံစံ ၁၆ ဖြင့် ရေးသွင်းထားသည့် ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် မဲအရေအတွက် နှင့် ပုံစံ ၁၈ အရ လက်ဝယ်ရရှိထားသည့် ကိုယ်စားလှယ်လောင်း အသီးသီး ရရှိသည့် ကြိုတင်မဲအရေအတွက်များကို ကိုယ်စားလှယ်လောင်း အစီအစဉ် အတိုင်း ပုံစံ ၁၉ ဖြင့် အများပြည်သူ ရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ပုံစံပါ အချက်အလက်အရ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊မဲဆန္ဒရှင်များ၏ အမည် လက်မှတ်ပါဝင်ရမည်။*

## ထိုရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေကို ချိုးဖောက်ခြင်း

နိုင်ငံတစ်ဝန်းရှိမြို့နယ်ကော်မရှင်များတွင်ပုံစံ၁၉စာရင်းပြုစုခြင်းကိုပြည်သူများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ကြည့်ရှုခွင့်၊ လက်မှတ်ရေးထိုးခွင့်မရခဲ့ပါ။

ဖြစ်ရပ်(၁)။ ။အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၆)တွင်NDFပါတီမှကိုယ်စားလှယ်လောင်း ဒေါက်တာတင်ရွှေက မဲစာရင်းများ မြို့နယ်ကော်မရှင်တွင် ပြုစုပြီးချိန်၌ ရရှိသော မဲအရေအတွက်စာရင်းကို ကြည့်ရှုရန်တောင်းယူသော်လည်း ပြသပေးခဲ့ခြင်း မရှိပေ။ ထို့အပြင် လှိုင်မြို့နယ် ရပ်ကွက် ၄၊ မဲရုံ ၂ မှ ဆန္ဒမဲစာရင်းများကို မြို့နယ်ကော်မရှင်ရောက်မှ ဗလာစာအုပ်အတွင်းမှ ပုံစံ ၁၆ သို့ကူးယူကြောင်းတွေ့ရှိရသည်။ မဲရုံမှူးက ပုံစံရေးသွင်းရာတွင်မကျွမ်းကျင်သောကြောင့် ဟုပြောကြားသည်။

ဖြစ်ရပ်(၂)။ ။ ရန်ကုန်တိုင်းကျောက်တန်းမြို့နယ် မဲရုံများတွင် မည်သည့် နေရာမှ ရောက်ရှိလာသည်ကို မသိရသောမဲများသည် ၈ ရက်နေ့ နံနက် ၂နာရီကျော်မှ ၄ နာရီခန့် အထိ ရောက်လာပြီး ထိုအချိန်မှစ၍ မဲရုံနှင့်ပါတီကိုယ်စားလှယ်များကို ဝင်ခွင့်မပြုတော့ပါ၊မေးမြန်း၍လည်းမရတော့ဘဲ နံနံ၁၀နာရီခွဲအရောက်လာရန်ပြော၍ထိုအချိန်တွင်လည်းမပြီးသေးပါ။ နေ့လည် ၂နာရီ ၁၅ မိနစ်ခန့်တွင် ကျောက်တန်းမြို့နယ်တစ်ခုလုံး၏ စာရင်းပေါင်းချုပ်ပုံစံ ၁၉ တွင် လက်မှတ်ထိုးခိုင်းရာ ပြည်ခိုင်ဖြိုးပါတီက ၇၄၂ မဲဖြင့် အသာရသွားကြောင်း ဖော်ပြထားသည်။ နံနက်ပိုင်းတွင် ရောက်ရှိလာသော မဲရုံ

စာရင်းပုံစံ (၁၆)များကိုလည်း ကြည့်ခွင့်မပေးပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ လက်မှတ်ရေးထိုးခြင်းမပြုဘဲ ပုံစံ ၁၆ များ ကူးယူခွင့် တောင်းရာ ခွင့်မပြုခဲ့ပါ။ ။

## ၃.၄
# ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး မေးခွန်းပုံစံနမူနာများ

## ရွေးကောက်ပွဲ ကျင်းပသောနေ့ တွင် စောင့်ကြည့်ရမည့် စစ်တမ်း

| ကဒ်ပြားအမှတ် | | | |
|---|---|---|---|
| လေ့လာသူအမည် ( ဆန္ဒရှိလျှင်ဖော်ပြနိုင်သည် ) - | | | |
| တိုင်း/ ပြည်နယ် - | | | |
| မဲဆန္ဒနယ်အမည် - | | | |
| ရပ်ကွက်/ကျေးရွာအုပ်စု - | | | |
| မဲရုံအမှတ် - | | | |
| လေ့လာသည့်အချိန် - | | မဲရုံ အမှတ်( ) | |
| | **ပတ်ဝန်းကျင် အနေအထား** | ရှိသည် | မရှိပါ |
| ၁ | မဲရုံမှ ကိုက် ၅၀၀ အတွင်း ပါတီတစ်ခုခုမှ မဲဆွယ်ခြင်းများ ရှိပါသလား။ | | |
| ၂ | သွေးဆောင်ခြင်း၊ အပေးအယူပြုလုပ်ခြင်းများ ရှိပါသလား။ ဥပမာ- ပါတီတစ်ခုခုမှ မဲဆန္ဒရှင်များအား လက်ဆောင်ပစ္စည်းများ ဝေငှနေခြင်း၊ | | |
| ၃ | မဲရုံသို့သွားရာလမ်းကြောင်းတွင် မဲပေးသူများအနှောင့်အယှက်ဖြစ်စေရန် (မဲမပေးရန်ဖိအားပေး (သို့) အတင်းအကျပ်မဲပေးရန်) လုပ်ခြင်းမျိုးရှိ/မရှိ။ | | |
| ၄ | အသံချဲ့စက်သုံး/မသုံး။ ( မဲဆွယ်ရန် ရည်ရွယ်ချက်ဖြင့် ) | | |
| | **မဲပေးချိန်** | ဟုတ်သည် | မဟုတ်ပါ |
| ၅ | မဲရုံအချိန်မှီဖွင့်ပါသလား (နံနက် ၆ နာရီမှစ) | | |
| ၆ | မဲရုံမှူးသည် မဲပုံးအလွတ်များကို လူအများရှေ့တွင် ဖွင့်ပြခြင်းရှိပါသလား။ | | |
| ၇ | မဲမပေးခင်နှင့်မဲပေးပြီးချိန်တွင် မဲပုံးများကို အသေအချာပြန်ပိတ်ခြင်း ရှိပါသလား | | |
| ၈ | မဲရုံမှူးနှင့်အဖွဲ့ဝင်များ (မဲရုံကိုယ်စားလှယ်များ) သည် ပါတီတစ်ခုခုကို မဲပေးရန်အတွက် တိုက်တွန်းပြောဆိုခြင်းများရှိပါသလား။ | | |
| ၉ | နိုင်ငံသားစိစစ်ရေးကဒ်နှင့် မဲစာရင်းကို သေချာ တိုက်ဆိုင်စစ်ဆေးမှု ရှိပါသလား။ | | |
| ၁၀ | ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများပေါ်တွင်လက်မှတ်(သို့)လက်ဗွေ နှိပ်ခိုင်းခြင်းများရှိပါသလား။ | | |
| ၁၁ | ဆန္ဒမဲပြားပေါ်တွင် မသင်္ကာဖွယ်ရာအမှတ်အသားအပိုများရှိပါသလား။ ရှိခဲ့လျှင် ရေးသွင်းဖော်ပြရန်။ | | |
| ၁၂ | လျှို့ဝှက်မဲပေးရာနေရာသည် လျှို့ဝှက်မဲပေးရန် လုံခြုံစိတ်ချရ သည်ဟု ယူဆပါသလား | | |
| ၁၃ | ဆန္ဒပြုနေစဉ် လျှို့ဝှက်မဲပေးမှုနှင့် မဲဆန္ဒရှင်ကို အနှောင့်အယှက် ဖြစ်စေမည့် အပြုအမူ အပြောအဆိုများ ပြုမူပြောဆိုခြင်း ရှိပါသလား။ | | |

| | **မဲပေးပြီးချိန်** | ဟုတ်သည် | မဟုတ်ပါ |
|---|---|---|---|
| ၁၄ | မိမိနှစ်သက်ရာ ပါတီ(သို့)ကိုယ်စားလှယ်လောင်းတစ်ဦးအား မဲပေးခဲ့ ပါသလား | | |
| ၁၅ | ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ကိုယ်တိုင်ထည့်ခဲ့ပါသလား။ | | |
| ၁၆ | လျှို့ဝှက်မဲပေးခြင်းကို စိတ်ကျေနပ်မှုရှိပါသလား။ | | |
| ၁၇ | မဲပေးခြင်းစနစ်သည် လွယ်ကူအဆင်ပြေမှုရှိပါသလား။ | | |
| ၁၈ | မဲရုံမှူးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဲဆန္ဒရှင်များကို အပြည့်အဝ ပူးပေါင်းကူညီမှုရှိပါသလား။ | | |
| ၁၉ | ဆန္ဒမဲပေးပြီးချိန်တွင် မည်သူကိုမဲပေးခဲ့ကြောင်း လိုက်လံမေးမြန်းမှုများ ရှိပါသလား။ | | |
| | **မဲရုံပိတ်မှု နှင့် ဆန္ဒမဲ ရေတွက်ခြင်း** | ရှိသည် | မရှိပါ |
| ၂၀ | အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်း၍ မဲရုံအားပိတ်လိုက်ရခြင်းများ ရှိပါသလား။ | | |
| ၂၁ | အများပြည်သူရှေ့မှောက်၌ ဆန္ဒမဲများကို ရေတွက်ခြင်းရှိပါသလား။ | | |
| ၂၂ | ဆန္ဒမဲရေတွက်ချိန်တွင် အချေအတင်ဖြစ်ခြင်းမျိုးရှိပါသလား။ | | |

## ထူးခြားဖြစ်စဉ်မှတ်တမ်း

စောင့်ကြည့်လေ့လာသူအမည် ..................................

မဲရုံအမှတ် ....................................

မြို့နယ် ........................................

တိုင်း/ ပြည်နယ် .....................................

ဖြစ်ပွားချိန် .......................................

၁။ ထူးခြားဖြစ်စဉ်၏ သဘာဝ (အမှန်ခြစ်ပါ)

(က) အကြမ်းဖက်မှု (ကိုယ်ထိလက်ရောက်အကြမ်းဖက်မှု (သို့) ပစ္စည်းများကိုဖျက်ဆီးခြင်း) ☐

(ခ) ခြိမ်းခြောက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်ခြင်း ☐

(ဂ) မဲပေးခြင်းအား အနှောင့်အယှက်ပြုခြင်း ☐

(ဃ) မဲရေတွက်ရာတွင် မမှန်မကန်ပြုခြင်း (သို့) မဲပေးရာတွင် မမှန်မကန်ပြုခြင်း ☐

(င) မဲရုံတွင်းမဲပေးရန်ပစ္စည်းများအလုံအလောက်မရှိခြင်း (ဆန္ဒမဲလက်မှတ်၊ ဘောပင်...) ☐

၂။ ထူးခြားဖြစ်စဉ်နှင့် ပတ်သတ်သောအသေးစိတ်မှတ်တမ်း

(က) မည်သူများပါဝင်သနည်း။ (အမည်၊ ရာထူး၊ မည်သည့်အဖွဲ့အစည်း)

..............................................................................................................................

..............................................................................................................................

..............................................................................................................................

(ခ) မည်သည့်နေရာတွင် ဖြစ်ပွားခဲ့သနည်း။ (အသေးစိတ်ဖော်ပြရန်)

..............................................................................................................................

..............................................................................................................................

..............................................................................................................................

(ဂ) ဖြစ်စဉ်အသေးစိတ် (သီးခြားစာရွက်တွင်ဖော်ပြရန်)

၃။ မည်သူများအား ရည်ရွယ်၍ လုပ်ဆောင်ခဲ့သနည်း။

.........................................................................................................................

.........................................................................................................................

.........................................................................................................................

၄။ ဖြစ်စဉ်အတွင်း ထိခိုက်မှုရှိသူများ အရေအတွက် ..........................................................

၅။ မျက်မြင်သက်သေမည်မျှရှိသနည်း။

.........................................................................................................................

၆။ ဖြစ်နိုင်လျှင် မျက်မြင်သက်သေ ၃ ဦး၏အမည်ကိုဖော်ပြပါ။

.........................................................................................................................

.........................................................................................................................

၇။ ဤဖြစ်စဉ်ကို ကိုင်တွယ်ဖြေရှင်းသော ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူ၏အမည်

...........................................................................................................

## ပါတီများမှ လေ့လာ စောင့်ကြည့်ရမည့် စစ်တမ်း

**ကဒ်ပြားအမှတ်**

ကိုယ်စားလှယ် ၏ အမည် -

မိမိ ကိုယ်စားပြုသည့် ပါတီအမည် -

ဝင်ရောက် ယှဉ်ပြိုင်နေသော တိုင်း/ ပြည်နယ် -

ဝင်ရောက် ယှဉ်ပြိုင်နေသော မဲဆန္ဒနယ် အမည် -

*မိမိထပ်မံ ပြောကြားလိုသည်များရှိပါက သီးခြားစာရွက်ဖြင့် ဖော်ပြနိုင်သည်။*

| | မဲစာရင်းမှန်၊မမှန် စစ်ဆေးခြင်း (Voter Registration) | Yes | No |
|---|---|---|---|
| ၁ | မဲစားရင်းအား ရပ်ကွက်ကော်မရှင် (သို့) မြို့နယ်ကော်မရှင်မှ သွားရောက်တောင်းယူကြည့်ရှုခြင်း ပြုလုပ်ပါသလား | | |
| ၂ | ကြားသိထားသောမဲပေးနိုင်သူအရေအတွက်နှင့် ကော်မရှင်မှ ကြေငြာထားသော မဲပေးနိုင်သူ လူဦးရေစုစုပေါင်း နှင့် ကိုက်ညီမှုရှိပါ သလား။ | | |
| ၃ | ရွေးကောက်ပွဲနီးကပ်လာချိန်တွင် တပ်ရင်းတပ်ဖွဲ့များ၊ အစိုးရဝန်ထမ်း အုပ်စုများ၊ လုပ်သား အင်အားများသော ပုဂ္ဂလိက အစုအဖွဲ့များ ( ဥပမာ- ဆောက်လုပ်ရေး လုပ်ငန်း) စသည့် အစုအဖွဲ့များ ပြောင်းရွှေ့လာခြင်းမျိုး ရှိပါသလား။ | | |
| ၄ | ရွေးကောက်ပွဲနီးကပ်လာချိန်တွင် တပ်ရင်းတပ်ဖွဲ့များ၊ အစိုးရဝန်ထမ်း အုပ်စုများ၊ လုပ်သား အင်အားများသော ပုဂ္ဂလိက အစုအဖွဲ့များ ( ဥပမာ- ဆောက်လုပ်ရေး လုပ်ငန်း) စသည့် အစုအဖွဲ့များ ပြောင်းရွှေ့သွားခြင်းမျိုး ရှိပါသလား။ | | |
| ၅ | ရှိပါက မည်သည့် အစုအဖွဲ့မျိုးဖြစ်ကြောင်း ရေးသားဖော်ပြပါ။ | | |
| ၆ | ရပ်ကွက် သို့ ကျေးရွာကော်မရှင် ရုံးခွဲတွင်မဲဆန္ဒရှင်များမှ  မဲစာရင်း တောင်းဆိုလွှာ တင်သွင်းခြင်းမျိုးရှိပါသလား။ | | |
| ၇ | တောင်းဆိုလွှာ တင်သွင်းရန် လွယ်ကူပါသလား။ | | |
| ၈ | နောက်ဆက်တွဲ မဲစာရင်းထုတ်ပြန်ခြင်းရှိပါသလား။ | | |
| ၉ | မဲပေးပိုင်ခွင့် မရှိသောသူများ စာရင်းကို ကော်မရှင်မှပယ်ဖျက်ခြင်း ရှိပါသလား။ | | |
| ၁၀ | နိုင်ငံရေးပါတီအသီးသီးမှ ဒေသဆိုင်ရာ အာဏာပိုင်များကို အသုံးချ၍ တရားမဲ့ပြုကျင့်မှုများ ရှိပါသလား။ | | |

| | | | |
|---|---|---|---|
| | **ပါတီအသီးသီး၏ စည်းရုံးလှုပ်ရှားမှု ကိုစစ်ဆေးခြင်း** | | |
| ၁၁ | မဲဆွယ်စည်းရုံးခြင်း ကိုမည်သို့ ပြုလုပ်ကြပါသလဲ။ | | |
| | ၁။ မဲဆန္ဒရှင်များနှင့် တအိမ်တက်ဆင်း လိုက်လံတွေ့ဆုံခြင်း | | |
| | ၂။ မဲဆန္ဒနယ်အတွင်းတွင် ကားနှင့်ပတ်ခြင်း | | |
| | ၃။ ဆိုင်ရာအစုအဖွဲ့များနှင့် တွေ့ဆုံခြင်း | | |
| | ၄။ လူထုအစည်းအဝေးများ ပြုလုပ်ခြင်း | | |
| | ၅။ လူအများစုဝေးတတ်သော နေရာများတွင်သွားရောက်စည်းရုံးခြင်း | | |
| ၁၂ | မိမိ၏မဲဆန္ဒနယ်တွင် ပြိုင်ဘက်ပါတီတစ်ခုမှ မိမိပါတီ၏ မဲဆွယ်စည်းရုံးမှုကို<br>အနှောင့်အယှက်ဖြစ်စေရန် ကြိုတင်ကြံစည်၍ ထိပ်တိုက်တွေ့ဆုံရန်<br>လုပ်ဆောင်မှုများ ရှိပါသလား။ | | |
| | **ရွေးကောက်ပွဲကော်မရှင် ၏ လုပ်ဆောင်ချက်များအား စစ်ဆေးခြင်း** | | |
| ၁၃ | သက်ဆိုင်ရာ ကော်မရှင်အနေဖြင့် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ<br>နှင့် ပါတီများကို မျှတစွာ ဆက်ဆံပါသလား။ | | |
| ၁၄ | ကော်မရှင် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အချိန်နှင့်<br>တပြေးညီထိရောက်စွာ လုပ်ဆောင်မှု ရှိပါသလား။ | | |
| ၁၅ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များသည်<br>ရပ်ရွာအတွင်းယုံကြည်ကိုးစားရသော သူများဖြင့်ဖွဲ့စည်းထားပါသလား။ | | |
| | **ဒေသဆိုင်ရာ အာဏာပိုင်များ ၏ လုပ်ဆောင်ချက်များအား စစ်ဆေးခြင်း** | | |
| ၁၆ | ဘက်လိုက်ဖိအားပေးမှုများရှိပါသလား။ | | |
| ၁၇ | ပါတီကြီး တစ်ခုခုမှ တရားမဲ့ပြုကျင့်မှုများကို တိုင်တန်းမှုများရှိပါသလား။ | | |
| ၁၈ | တိုင်တန်းမှုများရှိခဲ့လျှင် အရေးယူဆောင်ရွက်မှုများရှိပါသလား။ | | |
| | **လူမှုအဖွဲ့အစည်းများ ၏ အနေအထား ကို စစ်ဆေးခြင်း** | | |
| ၁၉ | လူမှုအဖွဲ့အစည်းများ တက်ကြွစွာပါဝင်မှုရှိပါသလား။ | | |
| ၂၀ | ၎င်းအဖွဲ့အစည်းများမှ မဲပေးခြင်းနှင့်ပက်သက်၍ အသိပညာ ပေးခြင်းများ<br>ရှိပါသလား။ | | |
| ၂၁ | မဲပေးခြင်းနှင့်ပက်သက်၍ အသိပညာပေးစာစောင်များ၊<br>စီဒီများဖြန့်ဝေပေးမှုရှိပါသလား။ | | |
| ၂၂ | ရပ်ကွက်အတွင်းတွင် Voter Education ကို ၎င်းအဖွဲ့စည်းများမှ သီးသန့်သင်<br>ပေးခြင်း မျိုးရှိပါသလား။ | | |

**မဲစပေးချိန်မှစ၍ အားလုံးပြီးဆုံးသည်အထိ မဲရုံထဲတွင်နေခွင့် ရှိသူများသာဖြည့်ရန်**

| | | | |
|---|---|---|---|
| ၁ | မဲရုံကိုယ်စားလှယ်များသည် အောက်ပါအခြေအနေများတွင် အပြည့်အဝ<br>ပါဝင်ဆောင်ရွက်နိုင်မှု ရှိပါသလား။<br>၁) မဲရေတွက်ချိန်<br>၂) မဲအိတ်များကို ချိတ်ပိတ်ချိန်<br>၃) ထို မဲအိတ်များကို မြို့နယ်ကော်မရှင်သို့ ပို့ဆောင်ချိန် | Yes | No |
| ၂ | မဲရုံထဲသို့ ဝင်ခွင့်မရှိသူများ ဝင်ရောက်ခြင်း။ | | |
| ၃ | မဲရုံအတွင်း၌ တာဝန်ကျသူများသည် မိမိလုပ်ပိုင်ခွင့်မရှိသော ကိစ္စများကို<br>ဝင်ရောက်စွက်ဖက်ခြင်း ရှိပါသလား။ | | |
| ၄ | မဲရုံတာဝန်ရှိသူများသည် မဲပေးသူများ၏ လွတ်လပ်စွာမဲပေးရွေးချယ်ခွင့် ကိုထိပါးခြင်း<br>ရှိပါသလား။ | | |
| ၅ | မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား မသမာမှုများပြုလုပ်ရန် ညွှန်ကြားထားခြင်း ရှိပါသလား။ | | |
| ၆ | မဲရုံထဲတွင် ပဋိပက္ခများဖြစ်ပွားခြင်း။ | | |
| ၇ | ပဋိပက္ခများ ဖြစ်ပွားခဲ့လျှင် မဲရုံမှူးမှ တာဝန်ယူဖြေရှင်းခြင်းရှိပါသလား။ | | |
| ၈ | မိမိအနေဖြင့် ကြိုတင်မဲပေးခဲ့ပါသည်။<br>မိမိအနေဖြင့် လျှို့ဝှက်ဆန္ဒမဲပေးခဲ့ပါသည်။ | | |
| ၉ | မိမိအနေဖြင့် မိမိစိတ်ကြိုက်ကိုယ်စားလှယ်လောင်း တစ်ဦးကို မဲပေးရွေးချယ်ခဲ့ပါသလား။ | | |

## ကိုယ်စားလှယ်လောင်းများ မှ လေ့လာစောင့်ကြည့်ရေးမှတ်တမ်း

ကိုယ်စားလှယ်လောင်းအမည်.................................................................................

ကိုယ်စားပြုပါတီ.................................................................................................

မဲဆန္ဒနယ်အမည်...............................................................................................

ကိုယ်စားပြုလွှတ်တော်.......................................................................................

တိုင်း (သို့မဟုတ်) ပြည်နယ်...................................................................................

၁။ ရွေးကောက်ပွဲတွင် နိုင်သည် ( ) ရှုံးသည် ( )

၂။ မဲအရေအတွက်.................................................................................................

၃။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ တရားမဲ့ပြုကျင့်မှုများ ရှိသည်။ ( )မရှိပါ။ ( )

ရှိခဲ့ပါက မည်သည့် မဲရုံများတွင် ဖြစ်ခဲ့သည်ကို ဖော်ပြပေးပါ။

.......................................................................................................................................

.......................................................................................................................................

၄။ လျှို့ဝှက်ဆန္ဒမဲပေးစနစ် ဟုတ်သည် ( ) မဟုတ်ပါ ( )

၅။ ဖော်ပြလိုသော အခြားကိစ္စများကို အောက်တွင် ဖော်ပြနိုင်ပါသည်။

၃.၅
# ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမေးခွန်းများပြုစုရာတွင် ကိုးကားခဲ့သောစာအုပ်များစာရင်း

# References for Election Report Development


1. African Union Election Commission, “Draft Outlines for AU Electoral Observation and Monitoring Missions (version2.0),” 20th Feb, 2002.

2. Bidhayak Das, “ Report of International Election Observation Mission,Upholding Democracy through Ballots Presidential and Provincial Council Elections AFGHANSTAN 2009,” Published by Asian Network for Free Elections (ANFREL) December,2009.

3. Campaign for free and fair elections (CaFFE), “ Parliamentary Elections, Final Election Observation Report 8th & 20th April, 2010,”26th April, 2010.

4. ENEMO Report, “Report the Albanian Parliamentary Elections 2005, International Observation Mission,” European Network of Election Monitoring Organisation 3rd July, 2005.

5. IRI , “IRI Assessmnent Report, “2005 Presidential Election Assessment in Egypt 15th Aug to 9th Sep, 2005,” Oct 2005.

6. National Democratic Institute, NEW National Election Watch, “Observal Manual, Sierra Leone, Presidential and Parliamentry Elections,” 2002.

7. OSCE/ODIHR 2005, “Election Observation Handbook (Fifth Edition),” Reprinted in 2007.

8. Ross Howard, “MEDIA+ELECTION- An Elections Reporting(Handbook),” IMPACS Associate,2004.

9. Sanjay Gathia, Somsri Hananuntasuk, “AFGHANISTAN USHERING IN A NEW ERA OF DEMOCRACY, First General Election Di Afganistan Islami Dawlat/ Dowlat-e Eslami-ye-Afghanistan(Islamic Republic of Afghanstan),” published by Asian Network for Free Elections (ANFREL),2005.

10. The Carter Center, “ Special Report Series,2004 Indonesia Election Report,” June 2005.

11. UNESCO, “Reporting Election Brocast Guidelines,” published by UNESCO,Reuters Foundation, XIX, INDEX for free expression & insi, London .

12. UNESCO, “ The Media and the Election Process Reference Material,” Published by UNESCO,UN, Reuters Foundation, XIX, INDEX for free expression & insi.

13. www.2010myanmarelection.info

14. www.anfrel.org

15. www.africa-union.org

16. www.article19.org

17. www.caffe.lk

18. www.ndi.org

# အပိုင်း(၄)

ရွေးကောက်ပွဲတွင် နေရာစုံမှ ပါဝင်ပတ်သက်ခဲ့သည့် လူငယ်များ၏ အတွေ့အကြုံများကို အခြေခံ၍ရေးသားထားသော သတင်းဆောင်းပါးများ။

# ပြည်သူ့အတွက် ပြည်သူသာရှိသည်နှင့် ၂၀၁၀ ရွေးကောက်ပွဲများ

ယနေ့ မြန်မာ့နိုင်ငံရေးအခြေအနေဟာ အကြပ်အတည်းတစ်ခုကို ဖြတ်သန်းရမယ့် ကာလဖြစ်နေပါတယ်။ ပါဝင်ပတ်သက်သူအားလုံးမှာ သူ့ရည်ရွယ်ချက်နဲ့ သူ့ဦးတည်ချက်နဲ့သူ ရှိကြပါတယ်။ အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေဦးဆောင်တဲ့ စစ်အစိုးရက သူရည်မှန်းတဲ့ အာဏာရေရှည်တည်မြဲရေးကို ပန်းတိုင်ရောက်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လုပ်နေသလို၊ စစ်အစိုးရလုပ်တဲ့ အရာမှန်သမျှကို ဆန့်ကျင်အတိုက်အခံပြုနေသည့် ဗိုလ်ကြောက်ကောက်များ၊ စစ်အစိုးရသွင်းတဲ့ပွဲကို ဝင်ကစားကြမယ့် နိုင်ငံရေးအင်အားစုများ၊ စစ်အစိုးရနောက်ခံပြု ကြံ့ခိုင်ရေးပါတီနဲ့ ပြည်တွင်း၊ ပြည်ပက မီဒီယာများအားလုံးဟာ သူ့ရည်ရွယ်ချက်နဲ့သူရှိနေကြပါတယ်။ သူတို့အချင်းချင်းမှာတော့ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်ရှိကြတယ်။ အဲဒီအကြားမှာ အဓိကအရေးအကြီးဆုံးဖြစ်ပြီး ဘာဆုံးဖြတ်ရမှန်း မသိဖြစ်နေကြတာက မဲဆန္ဒရှင်၊ ပြည်သူတွေဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေး သမိုင်းတလျှောက်လုံးဟာဆိုရင် သဘောမတူညီမှုနဲ့ နိုင်ငံရေးလွန်ဆွဲပွဲတွေသာ တောက်လျှောက်ရှိခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်နှင့် အင်အယ်လ်ဒီမှသည် အမျိုးသားညီလာခံများ၊ ယင်းနောက်အခြေခံဥပဒေရေးဆွဲရေးများအထိ ပြင်းထန်တဲ့ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပါတယ်။ အကွဲအပြဲများစွာနဲ့ သမိုင်းတလျှောက်ကို ဖြတ်သန်းခဲ့ကြရတဲ့ ပြည်သူများဟာ လာမယ့် နိုဝင်ဘာ ၇ ရက်နေ့မှာလည်း မဲဆန္ဒရှင်များ အနေနဲ့ ရွေးကောက်ပွဲကို အကြောင်းမျိုးစုံနဲ့ ပါဝင်ပတ်သက်ရဦးမှာ ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြည်သူများဟာ လမ်းဆုံလမ်းခွမှာ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သမိုင်းပေးသခ်န်းစာအရ မည်သူ့ကိုမှ အားကိုးလို့ရနိုင်မှာ မဟုတ်ဘူးဆိုတာကို အသေအချာသိပြီးလည်း ဖြစ်ပါတယ်။ ရွေးချယ်မှုရဲ့ ထိုက်တန်တဲ့ ရလဒ်ကို ရနိုင်မရနိုင်ကိုလည်းအသေအချာမသိနိုင်သေးတဲ့အနေအထားဖြစ်ပါတယ်။

ဒီ့ကြောင့် "ပြည်သူ့အတွက် ပြည်သူသာရှိသည်" ဆိုတဲ့ စကားရပ်ဟာ မြန်မာလူ့အဖွဲ့အစည်းကို ကိုယ်စားပြုတယ်၊ ရည်ညွှန်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အထက်ပါ စကားရပ်ကို အထောက်အပံ့ပြုနေတဲ့ သမိုင်းအကြောင်း အချက်များစွာနဲ့ သာဓကပေါင်းများစွာကျန်ရှိပါသေးတယ်။

အထင်ရှားဆုံးကို ပြောရမယ်ဆိုရင် ၈၈အရေးအခင်းကို ဦးစွာထောက်ပြချင်ပါတယ်။ ယင်းကာလအတွင်းက မြန်မာပြည်သူများတွေဟာ မိမိတို့ အသက်အိုးအိမ် စည်းစိမ်ကို အကာအကွယ်ပေးမယ့်၊ ကာကွယ်ပေးရမယ့် တပ်မတော်ရှိနေသည့်တိုင် အဆိုပါတပ်မတော်ကိုယ်၌က နိုင်ငံရေးအာဏာဘက်ကို ရပ်တည်ခဲ့တဲ့အတွက် ပြည်သူများရဲ့ လုံခြုံရေးအတွက် ရပ်တည်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ တပ်မတော်ဟာ အာဏာသိမ်းဖို့အတွက်တော့ လုံလောက်သည့် တပ်အင်အားရှိခဲ့ပါတယ်။ နောက်ဆက်တွဲရလဒ်အနေနဲ့ ပြည်သူများဟာ မိမိတို့ အသက်အိုးအိမ်၊ စည်းစိမ်ကို မိမိတို့ဘာသာ ကာကွယ်ခဲ့ရပြီး ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဝမ်းကိုယ် ကျောင်းခဲ့ရပါတယ်။ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်ခဲ့ရခြင်းပဲ ဖြစ်ပါတော့တယ်။

ဒုတိယဖြစ်ရပ်ကတော့ ၂၀၀၈ခုနှစ်မှာ ကြုံတွေ့ခဲ့ရတဲ့ ပြည်သူတစ်သိန်းကျော် သေဆုံးခဲ့ရတဲ့ နာဂစ်မုန်တိုင်း အရေးဖြစ်ပါတယ်။ ကြီးမားတဲ့ သဘာဝဘေး အန္တရာယ်ကြုံတွေ့တဲ့အခါတိုင်းမှာ နိုင်ငံတကာရဲ့ အကူအညီကိုရယူပြီး ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး ကိစ္စရပ်တွေကို လုပ်ကြရပါတယ်။ နိုင်ငံတွင်းအင်အားနဲ့ တိုင်းသူပြည်သားတို့ရဲ့ လူမှုဘဝထူထောင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့အတွက် တတ်နိုင်စွမ်းမရှိတဲ့ အခါမျိုးမှာ နိုင်ငံတကာက အကူအညီကိုယူရတာက သဘာဝပဲဖြစ်ပါတယ်။ ရယူခဲ့တဲ့ အကူအညီဟာဆိုရင်လည်း နိုင်ငံတကာစံညွှန်းနဲ့ ကြည့်မယ်ဆိုရင် ပြောပလောက်အောင် မရှိခဲ့ပါဘူး။ ရှင်းလင်းသိသာတဲ့ ကိစ္စကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ နိုင်ငံရေး ရည်မှန်းချက်များနဲ့ သူ့ရဲ့အာဏာ ရေရှည်တည်မြဲလိုမှုဆိုတဲ့စိုးရိမ်မှုကြောင့် နိုင်ငံတကာ အကူအညီတွေကို မယူခဲ့တဲ့အတွက် နောက်ဆုံးရလဒ်ဟာ ပြည်သူအများ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ အချင်းချင်းဖေးမပြီး မိမိကြမ္မာ၊ မိမိဘဝပြန်လည် ထူထောင်ရေးကိစ္စများကို လုပ်ဆောင်ခဲ့ကြရပါတယ်။

အဆိုပါဖြစ်ရပ်နှစ်ခုကို သုံးသပ်ခြင်းအရ ပြည်သူများသည်သာ ပြည်သူ့အတွက် အားကိုးရာဖြစ်ကြောင်း၊ ပြဿနာဖြစ်တိုင်း ပြည်သူများကိုယ်တိုင်သာ ရင်ဆိုင်ဖြေရှင်းခဲ့ရကြောင်းကို ထင်ရှားစွာတွေ့မြင်နိုင်ပါတယ်။ အကျပ်အတည်းကာလမှာ ပြည်သူတစ်ဦးတစ်ယောက်ခြင်းရဲ့ ဆုံးဖြတ်ချက်သည်သာ အရေးအပါဆုံး အဖြေ ဖြစ်တယ်ဆိုတာကို အရေးအခင်းနဲ့ နာဂစ်မုန်တိုင်းလွန်ကာလ အခြေအနေများက ဖေါ်ပြနေပါသည်။ တတိယဖြစ်ရပ်တစ်ခုရှိပါသေးတယ်။

ဒီပဲယင်းအရေးအခင်းလို့ ဆိုလိုက်ရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ တမင်အကွက်ချလုပ်ကြံထားတဲ့ မသမာမှုကြီးလို့ ကွက်ကွက်ကွင်းကွင်း မြင်ယောင်မိကြမှာ ဖြစ်ပါတယ်။ ဒီလိုစီစဉ်အကွက်ချထားပါလျက်နဲ့ မအောင်မြင်တဲ့လုပ်ကြံမှုလို့ သမိုင်းတွင်စေမယ့် အဖြေကိုထုတ်ပေးသူတွေကတော့ အခြားမဟုတ်ပါဘူး။ ပြည်သူ့အဆုံးအဖြတ်လို့ဆိုရမယ့် တနည်းအားဖြင့် ကျီရွာသားများရဲ့ အဆုံးအဖြတ်ပဲ ဖြစ်ပါတယ်။ ဒေသခံ ကျီရွာသူ၊ ရွာသားများဟာ ပြင်ပက ရောက်ရှိလာတဲ့ ရန်လိုနေတဲ့ လူစိမ်းများကို တာဝန်သိသိစွာခံကာကွယ်ခဲ့တဲ့အတွက် ၎င်းတို့စီစဉ်ထားတဲ့ ဖြစ်စဉ်တစ်ခုလုံး ဟန်ချက်ပျက်ပြောင်းလဲသွားခဲ့ရပါတယ်။၎င်းစစ်ဆင်ရေးတစ်ခုအဖြစ် ယိုကွက်ဟာကွက်မရှိအောင် ကြံစည်ပြုလုပ်ထားတဲ့ လုပ်ကြံမှုကြီးဟာ ပြည်သူများရဲ့ တာဝန်သိတဲ့ ဆုံးဖြတ်ချက်ကြောင့် မမျှော်လင့်တဲ့ အလှည့်အပြောင်းများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း အသက်ဘေးကနေ လက်မတင်ကလေး လွတ်မြောက်ခဲ့ရပါတယ်။

ပြည်သူလူထုရဲ့ ကိုယ့်အားကိုယ်ကိုး ဆုံးဖြတ်ချက်များဟာ မြန်မာလူ့အဖွဲ့အစည်းအတွက် မည်မျှ အရေးပါတယ်ဆိုတဲ့ အတိုင်းအတာကို အထက်ပါဖြစ်ရပ်ဒီသုံးခုက သိသာထင်ရှားစွာ ဖော်ပြနေပါသည်။ ပြင်းထန်စွာဖြစ်ပွားခဲ့တဲ့ ၈၈ အရေးအခင်း၊ ဆိုရှယ်လစ်စနစ်ပြိုလဲမှုနှင့် နာဂစ်မုန်တိုင်း ပြဿနာမှသည် ပြည်သူများ၏ ဘဝရှင်သန်ရေးနှင့်ပြန်လည်ထူထောင်နိုင်ရေးကိစ္စအားလုံးဟာပြည်သူ့အဆုံးအဖြတ်ရဲ့ ရလဒ်များပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့်အခု ၂၀၁၀ရွေးကောက်ပွဲမှာလဲ ဘယ်လိုပဲကြိုတင်ပြင်ဆင်အကွက်ချပြင်ဆင်ထားသည် ဆိုစေကာမူ ပြည်သူလူထုရဲ့ အဆုံးအဖြတ်ကို အားကိုးနိုင်မယ်ဆိုလို့ရှိရင် ရှေ့ကဖြစ်စဉ်တွေလိုပဲ ဆင်ထားတဲ့အကွက်အတိုင်း မဖြစ်နိုင်ရုံသာမက ဆန့်ကျင်ဘက်အဖြေကိုတောင်မှ ထွက်သွားစေနိုင်တယ် ဆိုတဲ့အင်အားနဲ့ အလားအလာရှိနေကြောင်းပြောလိုပါတယ်။ ပြည်သူ့ဆန္ဒပါဝင်သည့် အဆုံးအဖြတ် မည်မျှအရေးပါတယ် ဆိုတာကို အားလုံးကို သိစေလိုပါတယ်။

ယခု ၂၀၁၀ ရွေးကောက်ပွဲကိုလည်း အကြပ်အတည်းတခုအနေနဲ့ ရင်ဆိုင်ရှုမြင်မယ်ဆိုလို့ရှိရင် ဤအနေအထားမှာ ပါဝင်ကြမယ့် အသီးသီးသော နိုင်ငံရေးပါတီတွေ၊ ပွဲသွင်းမယ့် စစ်အစိုးရနဲ့၊ အခင်းအကျင်းအရ ယခုပွဲကို သပိတ်မမှောက်ဘဲ ဝင်ကစားမယ်လို့ ဆုံးဖြတ်တဲ့ နိုင်ငံရေးအင်အားစုတွေ၊ စစ်အစိုးရနောက်ခံပြု

ပြည်ခိုင်ဖြိုးပါတီ၊ ပြည်တွင်းပြည်ပ မီဒီယာများနဲ့ အင်တာနက်ပေါ်မှာ ရှိနေကြတဲ့ လူမှုကွန်ယက်အသုံးပြုနေကြသူ အားလုံးကို စဉ်းစားစေလိုတဲ့ မေးခွန်းတွေရှိပါတယ်။

မြန်မာပြည်တွင်းမှာရှိတဲ့ ဆိုးခံကောင်းခံဖြစ်သလို၊ အရေးအကြီးဆုံးနှင့် အရေးအပါဆုံးလည်းဖြစ်တဲ့ ပြည်သူလူထုရဲ့ လိုအပ်ချက်၊ ပြည်သူများ ဘာလိုချင်သလဲ။ ၎င်းတို့ ဘာတွေစဉ်းစားနေကြပါသလဲဆိုတာကို အသေအချာသိကြပါရဲ့လား လို့မေးစရာရှိပါတယ်။ ပြည်သူများဟာ ရွေးကောက်ပွဲကို ဗွိုက်ကောက် လုပ်ချင်ကြပါသလား၊ ဒါမှမဟုတ် ပြည်သူများဟာ မဲထွက်ပေးချင်နေကြသလား။ အကြောင်းအမျိုးမျိုးကြောင့် ပြည်သူများ မဲထွက်ပေးရမယ်ဆိုရင်ရော ဘယ်လိုမဲပေးရမယ်ဆိုတာ၊ ဘယ်သူ့ကိုတော့ မဲပေးသင့်တယ်ဆိုတာကို သိအောင်လုပ်ထားကြပါသလားဆိုတဲ့ မေးခွန်းများစွာ ရှိပါတယ်။

## မြန်မာပြည်သူများ

မြန်မာပြည်သူများရဲ့ အနေအထားကို ဒီနေရာမှာ ထောက်ပြချင်ပါတယ်။ ပြည်သူများဟာ မိမိတို့ ဘဝရှင်သန်ရေးနဲ့ စားဝတ်နေရေးအဆင်ပြေအောင် ရုန်းကန်နေရသည်ကလွဲပြီး အခြားနိုင်ငံများမှာရှိတဲ့ ပြည်သူတွေ(ဒေသတွင်းမှာ လွန်ခဲ့တဲ့နှစ်တွေက မြန်မာနိုင်ငံနောက်မှာ ကျန်ခဲ့တဲ့ လာအိုနဲ့ ကမ္ဘောဒီးယားတို့လို နိုင်ငံတွေက နိုင်ငံသားတွေ) ခံစားရတဲ့ လူ့ဘဝစည်းစိမ်ဆိုတာမျိုးကို မရရှိကြပါ။ ဒါကြောင့်လည်း နိုင်ငံရေးကို စိတ်ဝင်စားဖို့ အခြေအနေမရှိဘူးလို့ သုံးသပ်မိပါတယ်။ ဒီအနေအထားမှာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ၂၀၁၀ ရွေးကောက်ပွဲဆိုတာ ဖြစ်လာတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လူငယ်များအနေနှင့် ပြည်သူများနှင့် ကိုယ်စားလှယ်လောင်းများကို ထိတွေ့ပြောဆိုကြည့်တဲ့ အခါမှာ တိုင်းပြည်မှာဖြစ်နေတဲ့ လက်ရှိအရှိတရားတွေကို တွေ့မြင်လာရတာတွေရှိပါတယ်။ လက်ရှိ ပြည်သူများရဲ့ အနေအထားဟာဆိုရင် မိမိဘဝရပ်တည်ရေးမှလွဲပြီး ကျန်တာစိတ်မဝင်စားနိုင်သည့် အချက်တစ်ချက်နှင့် မည်သူများကို မည်ကဲ့သို့ မဲပေးရမည်ဆိုသည်ကို မသိတဲ့ အချက်ဟာ လက်ရှိအခြေအနေ အမှန်ဖြစ်ပါသည်။

ဒါပေမယ့်လည်း ပြည်သူအားလုံးဟာဆိုရင် ရွေးကောက်ပွဲဆိုတဲ့ အရှိတရားကိုလည်း မလွဲမသွေ ဖြတ်သန်းကြရမှာပါ။ ယခုလက်ရှိအချိန်မှာ ပြည်သူများရဲ့ဘဝဟာ ရှင်သန်မှုခက်ခဲတာရော၊ ပွဲသွင်းသူစစ်အစိုးရဲ့ ထိန်းချုပ်မှုကြောင့်ပါ နိုင်ငံရေးအပေါ်မှာ

လှုပ်ရှားမှု၊ စိတ်ဝင်စားမှု မရှိပေမယ့် ရွေးကောက်ပွဲ မတိုင်ခင် ၂ ပတ်လောက် အလိုမှာတော့ စိတ်ဝင်စားမှု တက်လာမယ်လို့ ခန့်မှန်းမိပါတယ်။

တကယ်တမ်းကြတော့ ရွေးကောက်ပွဲနဲ့ ပက်သက်လို့ ပြည်သူတွေ ဘာတွေ သိထားလဲ၊ ဘယ်လိုစဉ်းစားနေသလဲ၊ ဘာကို လိုအပ်နေသလဲ၊ ဘယ်လိုသဘောထားတွေရှိသလဲ၊ ဘာကိုယုံကြည်သလဲဆိုတဲ့ ပြည်သူကို ဗဟိုပြုတဲ့ မေးခွန်းတွေကို နိုင်ငံရေးပါတီတွေကစလို့ မီဒီယာ၊ ရွေးကောက်ပွဲကော်မရှင် ၊ တပ်မတော်အစိုးရအဆုံး စဉ်းစားပေးကြပါရဲ့လားဆိုတာကို မချင့်မရဲနဲ့ ထပ်မေးချင်ပါတယ်။ ရွေးကောက်ပွဲ မဝင်ဘူး၊ မဝင်သင့်ဘူးဆိုတဲ့ အင်အားစုများ အတွက်တော့ သီးခြားမေးခွန်းများ ထပ်မေးပါဦးမယ်။

## ပြည်ခိုင်ဖြိုးပါတီ

ပြည်ခိုင်ဖြိုးအနေနဲ့ ဘယ်လိုကြောင့်ပဲ ပေါ်လာပေါ်လာ နိုင်ငံရေးပါတီ တစ်ခုဖြစ်လာတယ်။ ဒါပေမယ့် အထင်အရပြည်ခိုင်ဖြိုးဟာ နိုင်ငံရေးပါတီတခုအနေနဲ့ ပြီးစလွယ် ဖြစ်ကတတ်ဆန်းများ လုပ်နေသလားလို့ တွေးမိပါတယ်။ ပြည်ခိုင်ဖြိုးပါတီရဲ့ ကြေညာစာတမ်းထဲမှာ ဒီမိုကရေစီ ကို ၃၁ ကြိမ်တိတိ ထည့်ပြောထားပေမယ့် အဲဒီပါတီရဲ့ စည်းရုံးရေး အခြေခံသဘောတရားများဆိုတဲ့ စာအုပ်ထဲမှာတော့ ဒီမိုကရေစီ ဆိုတဲ့ စကားဟာ တစ်ခွန်းမှမပါပါဘူး။

ပြည်ခိုင်ဖြိုးပါတီကို သေသေချာချာလေ့လာကြည့်မယ်ဆိုရင် သူတို့ချပြထားတဲ့ ပါတီမူဝါဒတွေ၊ ပါတီရဲ့ အောင်နိုင်ရေး ဗျူဟာတွေဟာ စစ်တပ်တစ်တပ်ရဲ့ စစ်ဆင်ရေးနယ်မြေမှာရှိတဲ့ အများပြည်သူကို ဘယ်လို ရင်ဆိုင်ထိန်းချုပ်မလဲ ဆိုတဲ့ စစ်ဆင်ရေး ပုံစံထဲက မထွက်ပါဘူး။ အဲဒီတော့ ပြည်ခိုင်ဖြိုးပါတီကို မေးချင်ပါတယ်။ ပါတီဟာ အမှန်တကယ်ပဲ ပြည်သူကို အလုပ်အကျွေးပြုမှာလား။ ဒါမှမဟုတ် အာဏာအတွက် အသက်ဆက်ဖို့ အတွက်လားဆိုတာ သေချာရှင်းလင်းအောင် ပြောဖို့သင့်ပါပြီ။ ပြော ပိုင်ခွင့်မရှိရင်သော်လည်းကောင်း၊ထုတ်ဖော်ပြောဆိုလို့မရရင်သော်လည်းကောင်း ကိုယ့် ဟာကို ပြန်ပြီး စဉ်းစားသုံးသပ်ဖို့ သင့်ပါပြီလို့ ပြောလိုပါတယ်။

Population as Enemy ဟု ဆက်လက်သဘောထားနေမည်ဆိုလျှင် ပြည်သူ လူထုနှင့် နားလည်မှုတည်ဆောက်ရန်မဖြစ်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ နီးကပ်လာ တဲ့ ရွေးကောက်ပွဲနဲ့အတူ နောက်ကွယ်က လိုက်ပါလာမယ့် အကြောင်းတရား

များဟာ ခင်ဗျားတို့ကို သမိုင်းမှာ နာမည်ပျက်စာရင်း သွင်းလိုက်နိုင်တဲ့အတွက် ကြောင့်ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ခိုင်ဖြိုးစီးပွားရေးဖြစ်တဲ့ (၅) သိန်းတန်ဖုန်းတွေကို မြန်မာဆက်သွယ်ရေးလုပ်ငန်းက ကိုယ်စားလုပ်ကိုင်ပေးနေရတဲ့ ကိစ္စမျိုးဟာလည်း အစိုးရငွေနဲ့ ပါတီထောင်တယ်ဆိုတာမျိုးကို သက်သေထူနေပြန်ပါသေးတယ်။

## ဒီမိုကရေစီအင်အားစုများ

နိုင်ငံရေးဖြစ်စဉ်ထဲမှာ အရေးအကြီးဆုံးနေရာကပါဝင်တဲ့ အင်အားစုများ ဖြစ်ပါတယ်။ ဒီမိုကရေစီအင်အားစုများအနေနဲ့ အင်အားနည်းတာ၊ ဘက်စုံကနေ မခံမရပ်နိုင်လောက်အောင်ဖိအားပေး တိုက်ခိုက်ခံနေရတာဟာ မှန်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုတရပ်လုံးရဲ့ မျှော်လင့်ချက်ရောင်ခြည်ဖြစ်လို့ တာဝန်ဘယ်လောက် ကြီးတယ်ဆိုတာကို သတိပြုမိကြပါရဲ့လား။ မိမိတို့ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍ မှာရောက်နေတာကိုရော သိကြပါရဲ့လားလို့ မေးလိုပါတယ်။

မစဉ်းစားထားသေးလဲ စဉ်းစားကြဖို့ တိုက်တွန်းလိုပါတယ်။ သမိုင်းတွင်မယ့် လုပ်ဆောင်ချက်များဖြစ်လာမည်ဆိုသည် ကိုလည်းအစဉ်နှလုံးသွင်းထားစေလိုပါတယ်။ တစ်ချို့သော ဒီမိုကရေစီ အင်အားစုများဟာ ဗိုလ်ချုပ်မှူးကြီးအကြိုက် ဒီမိုကရေစီ အင်အားစုအချင်းချင်း နိပ်ကွပ်တာမျိုးကို ပြုလုပ်နေပါသေးတယ်။

## မီဒီယာများ

အရေးကြီးတဲ့ နောက်ကဏ္ဍက မီဒီယာများဖြစ်ပါတယ်။ ပြည်တွင်းမှာ နိုင်ငံရေးသတင်းများကို မဖြစ်မနေ ထည့်သွင်းပြီး ဖော်ပြပေးနေတဲ့ အပတ်စဉ်ထုတ် ဂျာနယ်စောင်ရေ နှစ်ဆယ်နီးပါးရှိပါတယ်။ ပြည်တွင်းမီဒီယာများဟာ အကန့်အသတ်များ အကြား၊ တားဆီးချက်တွေအကြားကနေ ရရင်ရသလောက် နေရာဝင်ယူနိုင်သလို အစဉ်တစိုက်လဲ တွန်းတိုက်နေတဲ့အတွက် အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

နိုင်ငံပိုင်မီဒီယာများဆိုရင်လည်း တကယ်စေတနာမှန်တယ်ဆိုရင် တဖက်က ခေတ်မရှိတော့တဲ့ စတာလင်ခေတ်ပုံစံ ဝါဒဖြန့်တဲ့လုပ်ငန်းကိုလည်းလုပ်ပါ။ ထိုက်တန် တဲ့ ရလဒ်တော့ရမှာပါ။ ဒါပေမယ့် တဖက်ကလည်း ပြည်သူများကို ဘယ်လို မဲပေးသင့်တယ်ဆိုတာမျိုး၊ မဲဘာကြောင့် ပေးသင့်တယ်ဆိုတဲ့ ပညာပေးလုပ်ငန်းမျိုး ကိုလည်း ထိထိမိမိလုပ်လို့ရပါတယ်။ နိုင်ငံရဲ့ သမိုင်းမှာ တာဝန်ကျေတယ်ဆိုတာမျိုးဖြစ်ဖို့

အချိန်မှီပါသေးတယ်။

ပြည်ပအသံလွှင့်ဌာနများရဲ့ မြန်မာဘာသာနဲ့ ထုတ်လွှင့်တဲ့ အစီအစဉ်များနဲ့ ပြည်ပရောက် မြန်မာများ လုပ်ဆောင်နေတဲ့အွန်လိုင်းမီဒီယာတွေ အားလုံးကို လေ့လာကြည့်မယ်ဆိုရင် မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်ပြီးတော့ ရွေးကောက်ပွဲကို ပြိုင်ပွဲတစ်ခုလို့ ကြည့်ရှုဆုံးဖြတ်၊ ရှုမြင်သုံးသပ်နေကြတာကိုတွေ့ရပါတယ်။ သူတို့မှာမူဝါဒရေးရာ ရည်မှန်းချက်မရှိသလို၊ မဟာဗျူဟာကျကျ ဦးတည်ချက်လည်းရှိကြပုံ မပေါ်ပါဘူး။ ၎င်းတို့သည် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးကို တစ်သက်လုံးထိုင်အော်လာကြသည့်တိုင် မြန်မာနိုင်ငံတွင်းရှိ မည်သည့် ဒီမိုကရေစီအင်အားစုများကိုမဆို ထောက်ခံပေးသည့်၊ စဉ်းစားပေးသည့် မူဝါဒမျိုးရပ်တည်ချက်မျိုးမရှိပါ။

ပြည်ပမီဒီယာများဟာ ရွေးကောက်ပွဲကို လူတစ်ယောက်ရေနစ်နေပုံအဆင့်ဆင့်ဓာတ်ပုံရိုက်ကူးနေတဲ့ ဓာတ်ပုံဆရာလိုကျင့်ကြံတယ်။ Game Schema ကဲ့သို့ သဘောထားပြုမူတယ်။ ဘာလို့လည်းဆိုတော့ ရွေးကောက်ပွဲနဲ့ NLD နှစ်ဘက်အားပြိုင်ပွဲမှာ တော်လှန်ရေးသမားများပီပီ NLD ဘက်က ရပ်လိုက်ကြလို့ပဲဖြစ်ပါတယ်။

ပြည်ပရှိမီဒီယာများအနေနဲ့ အမျိုးသားဒီမိုကရေစီပါတီအဖွဲ့ချုပ် NLD အပေါ်မှာလည်း သံယောဇဉ်ရှိနိုင်၊ ထောက်ခံနိုင်ပါတယ်။ သို့သော် ငါနဲ့မတူ ငါ့ရန်သူ သဘောမျိုးထားကာ ရပ်တည်သည့် အခြေအနေမျိုးမှာ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက်၊ ရလဒ်ကောင်းရရန်အတွက် အထောက်အကူဖြစ်မည်မထင်ပါ။ ၎င်းတို့ရဲ့ဆောင်ရွက်ချက်ဟာ ဒီမိုကရေစီ အင်အားစုများအပေါ်မှာ ကြိုတင်စီရင်ချက်ချသလို ဖြစ်နေပါတယ်။ ပြည်သူတွေက သူတို့ကိုဘယ်လို သဘောထားသလဲ ဆိုတာကို မစူးစမ်းပဲ စီရင်ချက်ချသလိုမျိုး ဆောင်ရွက်ခြင်းဟာ ပြည်သူလူထုအပေါ် စေတနာထားသည့် ဆောင်ရွက်ချက်မျိုးဟု မပြောနိုင်ပါ။

ဖြစ်သင့်သည်မှာ ပြည်သူများ၏ အမှန်တကယ်လိုလားချက်ကို မေးမြန်းရန်လိုအပ်ပြီး လိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်သူများဘက်က ရပ်တည်ပေးရန်လိုအပ်ပါတယ်။ ဒါမှ ပြည်သူတွေက ဒီမီဒီယာတွေရဲ့ အစွမ်းနဲ့ Informed Decisions တွေ လုပ်နိုင်မှာ ဖြစ်ပါတယ်။ မဲထည့်မယ့်ပြည်သူကို ဘယ်သို့ မဲထည့်နိုင်တယ်ဆိုတာ ပြောသင့်ပါတယ်။

မြန်မာပြည်သူနဲ့ မြန်မာ့လူ့အဖွဲ့အစည်းဟာ မွေးဖွားချိန်ကနေ သေဆုံးချိန်အထိ တလျှောက်လုံးမှာ ဘယ်သူ့ အကူအညီမှမပါဘဲ ကိုယ့်ကိုကိုယ်သာ အားကိုးခဲ့ကြတာပါ။ တသက်လုံး ဘယ်သူ့အကူအညီမှ မရခဲ့ဘူး ဆိုတာမျိုးရဲ့ အဓိက အကြောင်းဟာ စစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်မှုကြောင့်ဖြစ်ပါတယ်။ အဲဒီတော့ ပြည်ပ မီဒီယာများအနေနဲ့ အဓိက အကြောင်းဖြစ်တဲ့ စစ်အာဏာရှင်စနစ် ပျောက်ကွယ်သွားရေးဆိုတဲ့ ကိစ္စကို အထောက်အကူဖြစ်အောင် လုပ်မပေးနိုင်ဘူးဆိုရင် သူတို့ထုတ်လွှင့်ပြောဆိုနေတာ အားလုံးဟာ ပြည်သူအတွက် အထောက်အကူဖြစ်နိုင်လား မဖြစ်နိုင်ဘူးလားဆိုတာက မေးခွန်းကြီး ဖြစ်နေပါတယ်။ ပြည်ပမီဒီယာများဟာ ပြည်သူလူထုရဲ့ သဘောထားကိုလဲ မစောကြောဘူး၊ NLD ရဲ့ သဘောထားကို ပြည်သူလူထုသဘောထားအဖြစ်ပုံဖော်တယ်။ ကိုယ့်ဘက်က မဟုတ်ဘူးဆိုရင် ကြားထဲကပေါ်လာတဲ့သူတွေကို သံသယအကျိုး ခံစားခွင့်မပေးဘူးဆိုတဲ့ အမြင်မျိုး ရှိနေတာကို တွေ့နေရပါတယ်။ အဲဒါကို ပြောင်းနိုင်ပါ သေးသလား။ အချိန်မှီသေးသလား။ ကုစရာဆေးရှိသေးသလားဆိုတာပြည်ပကမီဒီယာ များအတွက် မေးခွန်းဖြစ်ပါတယ်။ ယင်းတို့ဟာ ပြည်သူအတွက် အသုံးတည့်တဲ့ သတင်းအချက်အလက်အမှန်ကို ပေးနိုင်ရဲ့လားဆိုတာကို ကိုယ့်ကိုကိုယ်ပြန်မေးဖို့ သင့်တယ်။ ရောက်တယ်ဆိုလဲ တစ်မျိုးပေါ့။ ဒါပေမယ့် ကျွန်ုပ်တို့ဟာ ပြည်သူ ထဲက ပြည်သူဖြစ်တဲ့အတွက် မိမိခြေထောက်ပေါ် မိမိရပ်တည်ဖို့အတွက် တည့်တည့်မထိ သေးဘူးဆိုတာကို သိစေချင်ပါတယ်။

## Onlineပေါ်မှာရှိတဲ့မြန်မာများ

အင်တာနက်ကို အသုံးပြုပြီး အွန်လိုင်းပေါ်မှာ ရှိနေကြတဲ့ ပြည်ပရောက် ပြည်သူများအနေနှင့်လည်း ပြည်ပမှာရောက်နေကြလို့ မိမိတို့မှာ တာဝန်မရှိဘူး ဆိုတဲ့ အတွေးအမြင်မျိုးထက် မြန်မာနိုင်ငံဆိုင်ရာ သတင်းစုံကို အတားအဆီး ကင်းကင်းရယူနိုင်တဲ့ အနေအထားမှာ မိမိနဲ့အဆက်အစပ်ရှိတဲ့ မိသားစုတွေ မိတ်ဆွေအပေါင်းအသင်းတွေကို အခွင့်အလမ်းတစ်ခုအနေနဲ့ သူတို့လိုအပ်မယ့် အချက် အလက်မျိုးကို စုစည်းပေးနိုင်မယ်၊ ပို့ပေးနိုင်မယ်ဆိုရင် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချဖို့ အထောက်အကူဖြစ်နိုင်မယ်ဆိုတာကို သတိပြုမိကြစေချင်ပါတယ်။ အွန်လိုင်းပေါ်မှာ

ရှိတဲ့ ပြည်ပရောက်မြန်မာများဟာ ကျွန်တော်တို့ ပြည်သူလူထုရဲ့ အခက်အခဲကို ကိုယ်ချင်းစာမပေးနိုင်ဘူးလို့ ခံစားရတယ်။ သူတို့ ပြောနေတာအားလုံးဟာ မင်းတို့ ခဏလေးဆက်တောင့်ထားလိုက်ဦးလို့ ပြောနေသလိုဘဲ။ ကျွန်တော်တို့ကို ဘာ အဖြေမှမပေးနိုင်ဘူး။ ဒီမိုကရေစီရရှိရေးက တစ်ပြားသားမှ မလျှော့နိုင်ဘူးလို့ တင်းမာ လွန်းတာကို Facebook တွေ ပေါ်မှာလည်းတွေ့နေရပါတယ်။

## မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ

မြန်မာနိုင်ငံရဲ့ခေါင်းဆောင်များကဤ္ဇာဟာပွင့်ပွင့်လင်းလင်းပြောရရင်အားရစရာ မရှိပါဘူး။ လွတ်လပ်ရေး ရယူပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း ကလွဲလို့ နောက်ပိုင်း ခေါင်းဆောင်များဖြစ်တဲ့ ဦးနု၊ ဦးနေဝင်း၊ ဦးသန်းရွှေအထိ ပြည်သူများအားမကိုးခဲ့ရဘူး၊ အားကိုးနိုင်လောက်အောင်လဲ အသုံးမကျခဲ့ကြဘူး။ သူတို့ရဲ့ ရှားပါးလှတဲ့ ကောင်းကွက် တွေကို ဖယ်ပြီးပြောရရင် မြန်မာ့သမိုင်းမှာရှိခဲ့တဲ့ အထက်ပါခေါင်းဆောင်များဟာ ဘယ်လိုပြောပြော ပြည်သူတွေရဲ့ဘဝကို မြှင့်တင်ပေးတဲ့ လုပ်ငန်းဖြစ်တဲ့ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဘယ်သူမှ လုပ်မပေးနိုင်ခဲ့ကြပါဘူး။ ဒါကြောင့်နောင်ပေါ် လာမယ့် ခေါင်းဆောင်များကို ကြိုပြီး မေးခွန်းထုတ် ထားချင်တာက နိုင်ငံရေးအာဏာ ရယူဖို့ စဉ်းစားနေကြတယ်ဆိုရင် ပြည်သူတွေရဲ့ဘဝကို အမှန်တကယ် မြှင့်တင်ပေးနိုင်ဖို့ ဆိုတဲ့အရေးကို မိမိတို့ အာဏာရယူရုံ သက်သက်ထက် ကျော်ပြီး စဉ်းစားထားပါရဲ့လား ဆိုတာပါပဲခင်ဗျာ။ အရပ်သား ဒီမိုကရေစီခေါင်းဆောင်များကလည်း ဒီမိုကရေစီ ရရင် အားလုံးကောင်းသွားမှာပါ ဆိုတာထက် ဘာကြောင့်ဘယ်လိုဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး။

နောက်ဆုံးအနေနဲ့ နိဂုံးသဘောပြောလိုတာကတော့ အထက်ကဖော်ပြခဲ့တဲ့ အဖွဲ့အစည်းအသီးသီးပုဂ္ဂိုလ်အသီးသီးဟာ သာမန်ပြည်သူလူထု သိချင်ကြတဲ့ အခု မေးခွန်းများနဲ့ ပတ်သက်ပြီး ဘယ်လိုစဉ်းစားထားကြပါသလဲ။ ဘယ်လိုစဉ်းစားကြမှာ ပါလဲ။ အမဲတမ်းခံဘက်ကရှိခဲ့တဲ့ ပြည်သူလူထုကတော့ အခုကိစ္စမှာလည်းခပ်တည် တည်ပါပဲ။ အတိတ်ကာလကဖြစ်ရပ်များက သင်ခန်းစာကောင်းကောင်းရယူထားကြ ပြီးဖြစ်တဲ့ပြည်သူများဟာကိုယ့်အားကိုကိုးပြီး ကိုယ်ကြမ္မာကိုယ်ဖန်တီးဖို့အဆင်သင့်ပါပဲ။

ကျွန်တော်တို့လူငယ်များအနေနဲ့ပြောလိုတာကဘယ်သူတွေဘာပဲလုပ်လုပ်၊ဘယ်ကိစ္စပဲ အကောင်အထည်ဖော်ဖော် မိမိတို့ ကိုယ်ကျိုးစီးပွားထက် ပြည်သူလူထုဗဟိုပြုသော စဉ်းစားတွေးခေါ်မှုများနှင့် ဒီ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်သည်များကို စဉ်းစား လုပ်ဆောင်ပေးကြပါလို့ မေတ္တာရပ်ခံလိုက်ရပါတယ်။ ။

မြန်မာလူငယ်ကွန်ရက်

Myanmar lunge Network (26-9-2010) ထုတ်ပြန်ချက်

# ကွမ်းခြံကုန်းနှင့် ရွေးကောက်ပွဲရလဒ်

တစ်ပြည်လုံးတွင် ကျင်းပမည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ ပါတီဝင်ကိုယ်စားဝင်ရောက် ယှဉ်ပြိုင်ကြသည့် အမတ်လောင်းများကို မဲပေးရွေးချယ်ရန်အတွက် နံနက် ၆ နာရီ မဲရုံ စဖွင့်သည်နှင့် မဲပေး မည့်သူများ ကွမ်းခြံကုန်းမြို့နယ်ရှိ သက်ဆိုင်ရာ မဲရုံဆီကို တဖွဲဖွဲနှင့် လာရောက် မဲပေး ကြသည့် မြင်ကွင်းသည် နေ့လည်ပိုင်းသို့ ရောက်ရှိချိန်တွင် တဖြည်းဖြည်း ကျဲပါး သွားခဲ့ကြသည်။

"တောနယ်တွေက မဲပေးဖို့သွားရင် မနက်အစောကြီးကိုသွားကြတာ အလုပ် များတဲ့သူတွေပဲကျန်တယ်" ဟု ကွမ်းခြံကုန်း မြို့နယ်ရှိ မဲပေးမှုအခြေအနေနှင့် ပတ်သက်၍ တော်ခရမ်းကြီးကျေးရွာ အနောက်ပိုင်းမှ ရယက ဥက္ကဋ္ဌ ဦးဟန်မြင့်က ပြောကြားသည်။

အဆိုပါ ကျေးရွာအပါအဝင် ကွမ်းခြံကုန်းမြို့နယ်တွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ကရင် ပြည်သူ့ပါတီ၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီစသည့် ပါတီ (၅) ခု ဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြပြီး မဲအများစုမှာ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရရှိခဲ့ပြီး တစ်ပြည်လုံးတွင် ကြိုတင် မဲအများဆုံး ရရှိခဲ့သည့်ပါတီဖြစ်သည်။

ကွမ်းခြံကုန်းမြို့နယ်တွင် လက်ရှိအာဏာရပါတီဖြစ်သည့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မဲဆွယ် စည်းရုံးရာတွင် အချို့ရွာများတွင် ဆန်အိတ်ဝေခြင်း၊ ဆီဝေခြင်း နှင့် နေအိမ်များ ဆောက်လုပ်ပေးမည် စသည့် အခြေခံလိုအပ်ချက်များ ကိုပါ ထည့်သွင်း မဲဆွယ်စည်းရုံးခဲ့ကြောင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ကျေးရွာများမှ ကိုယ်တိုင်မဲ ပေးခဲ့ သူများက ဆိုသည်။

ကွမ်းခြံကုန်းအပိုင် မေတ္တာကျေးရွာတွင် ပြည်ခိုင်ဖြိုးပါတီမှ တစ်အိမ်ထောင် လျှင် ဆန်တစ်အိတ်နှင့် ဆီတစ်ပုံးကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်း ဖြစ်သည့် ၉ ရက်နေ့တွင် ပေးဝေသွားမည်ဖြစ်ကြောင်း မဲဆွယ်ပြီးစီးသည့် နောက်ပိုင်း တွင် အဆိုပါကျေးရွာမှ အမျိုးသားဒီမိုကရေစီအင်အားစုပါတီသို့ မဲထည့်သူ တစ်ဦးသာ ရှိပြီး ကျန်မဲများမှာ ပြည်ခိုင်ဖြိုးပါတီမှ ရရှိခဲ့ကြောင်း အဆိုပါကျေးရွာနှင့် နီးစပ်သူ တစ်ဦးကဆိုသည်။

အထက်ပါကျေးရွာတွင် အိမ်ခြေ ၈၀၀ ဝန်းကျင်အထိရှိကြောင်း မေတ္တာ ကျေးရွာမှ နေထိုင်သူတစ်ဦးက ဆိုသည်။ ကွမ်းခြံကုန်းမြို့နယ်၏ ကျေးရွာများတွင် အပါအဝင်ဖြစ်သည့် သောက်ကုန်ကျေးရွာတွင် မဲပေးသည့် အခြေအနေမှာ ပြည်ခိုင်ဖြိုး ပါတီတစ်ခုမှလွဲ၍ ကျန်သည့် မည်သည့်ပါတီမှ မဲထည့်ခွင့်မရှိကြောင်း မိမိ ကိုယ်ပိုင် လွတ်လပ်ခွင့်ဖြင့် မဲပေးခွင့်မရှိဘဲ ပြည်ခိုင်ဖြိုးပါတီမှ သက်ဆိုင်သူများက စောင့်ကြည့်နေ သည့်အနေအထားမျိုး ဖြစ်သည့်အတွက် ယခင်က မဲပေးချင်သော်လည်း မဲရုံရှေ့သို့ ရောက်မှ မဲပေးချင်စိတ်မရှိတော့ပဲ လှည့်ပြန်လာခဲ့ကြောင်း၊ ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စား လှယ်လောင်းအကူမှလွဲ၍ ကျန်သည့်ပါတီများ၏ ကိုယ်စားလှယ်လောင်းအကူမရှိ ကြောင်း၊ မိမိတို့ကျေးရွာတွင် အိမ်ခြေ ၅၀၀ ရှိပြီး မဲပေးနိုင်သည့်လူဦးရေမှာ တစ်ထောင် ကျော်ရှိကြောင်း သောက်ကုန်ကျေးရွာမှ အထက်ပါအတိုင်း ကြုံတွေ့ရပုံနှင့် ပတ်သက် ၍ အဆိုပါ ကျေးရွာတွင်နေထိုင်သူတစ်ဦးမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေစဉ် အချိန်နေ့လည် ၂နာရီခန့်တွင် ဆက်သွယ်ပြောကြားသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနေချိန်ဖြစ်သည့် နိုဝင်ဘာ ၇ရက်နေ့တွင် ကျေးလက်နေ ပြည်သူအများစုမှာ မဲပေးနည်းစနစ်၊ ကိုယ်ပိုင်အခွင့်အရေး စသည်တို့ကို သေချာနားလည် သဘောပေါက်ရန် ခဲယဉ်းနေသေးပြီး ရွေးကောက်ပွဲကို မဲပေးရာတွင် တောင်းဆိုခြိမ်းခြောက်မှု မျိုးစုံကြုံတွေ့ ရသည့်အနေအထားမျိုး ဖြစ်သည့် အလျောက် လွတ်လပ်စွာ မဲပေးခွင့်မရသည့် သဘောပင်ဖြစ်သည်။

ကွမ်းခြံကုန်းမြို့နယ်ပိုင် တော်ခရမ်းကြီးကျေးရွာအလယ်ပိုင်းတွင် မဲရုံ ၁မှ၄ အထိရှိပြီး မဲရုံ၁နှင့်၄မှာ မဲရုံ ပိတ်သိမ်း၍ မဲရေတွက်ချိန် ညနေ ၄နာရီတွင် မဲရေတွက်မှုကို မဲရုံမှူးနှင့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်းအကူ ဦးလွန်းသီ နှင့် ကျန်ရွာသားများရှေ့တွင် ရေတွက်သော်လည်း မဲရုံ ၂-၃ တွင် ညနေ ၅ နာရီအ ထိမဲရေတွက်ခြင်းမရှိကြောင်း၊ မဲရေတွက်ရန် အချိန်ကျော်နေပြီဖြစ်သည့်အတွက် မဲရေတွက်ရန် တောင်းဆိုရာတွင် မဲရုံကိုပိတ်၍ မည်သည့် လေ့လာစောင့်ကြည့်သူမှ မပါဘဲ မဲရေတွက်ခဲ့ကြောင်း အဆိုပါ ကျေးရွာတွင် မဲသွားပေးခဲ့သည့် သူတစ်ဦးမှ ပြောကြားသည်။

မဲဆွယ်စည်းရုံးခွင့်ကို အပြည့်အဝမရရှိကြောင်း၊ အသံချဲ့စက်နှင့် မဲဆွယ်ခွင့် မရှိကြောင်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဝေငှသည့်လက်ကမ်းစာစောင်မှအပ

မည်သည့် လက်ကမ်းစာစောင်ကိုမှ မဲဆွယ်စည်းရုံးသည့် ကျေးရွာတစ်လျှောက်တွင် မယူဝံ့သူကများကြောင်း ကွမ်းခြံကုန်းမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် တစည်ပါတီမှ တိုင်းဒေသကြီး ၂ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသက်လှိုင်က ဆိုသည်။

ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နိုဝင်ဘာ ၇ ရက်နေ့ မဲရုံပိတ်သိမ်းပြီး ၄နာရီအကြာတွင် တစည်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် ဦးမင်းနိုင်မှ ဦးဆောင်၍ ကွမ်းခြံကုန်းမြို့နယ် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးတွင် ကန့်ကွက်စာတင်ခဲ့ပြီး NDF ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် ဦးတင်လင်းမှ နှုတ်ဖြင့် မည်သည့်ရလဒ်ကိုမှ လက်မှတ်ထိုးသွားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ "ကျွန်တော် Boycott လုပ်တယ်" ဟု တစည်ပါတီမှ ဦးမင်းနိုင်က ဆိုသည်။

ကွမ်းခြံကုန်းမြို့နယ်နှင့် ၇ မိုင်ကွာဝေးသည့် သပြုစမ်းကျေးရွာတွင် မဲပေးနိုင်သည့် လူဦးရေ ၇၀၀ ဝန်းကျင်ခန့်အထိရှိပြီး မဲရုံ (၃)ရှိသည်။ မဲရုံ(၁)တွင် ပညာရေးဌာနမှ ဆရာမများရှိပြီး ကြံ့ခိုင်ရေးပါတီမှ ကိုယ်စားလှယ်လောင်းအကူ၊ တစည်ပါတီမှ ကိုယ်စားလှယ်လောင်းအကူနှင့် အဆိုပါကျေးရွာတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့် ခေတ်သစ်ပြည်သူ့ပါတီမှ ကိုယ်စားလှယ်လောင်းအကူတို့ရှိနေပြီး ကျေးရွာလူကြီးများ၊ ကြံ့ခိုင်ရေးပါတီမှ စည်းရုံးရေးမှူးများ၊ ပါတီဝင်များ မဲရုံပရဝုဏ်အတွင်းရှိနေပြီး မဲလာရောက်ထည့်သူများကို ပညာရေးဌာနမှ ဆရာမများက ကိုယ်တိုင် ကြံ့ခိုင်ရေးပါတီဘက်မှ ဝင်ရောက်အမှန်ခြစ်ပေး လျက်ရှိသည်ကို တွေ့ရသည်။

"ဘယ်လို မဲပေးရမယ်ဆိုတာမသိကြလို့ ကူပေးတာပါ"ဟု အဆိုပါ မဲရုံမှ တာဝန်ကျဆရာမ ဒေါ်မူမူသန်းက ဆိုသည်။ "ကြံ့ခိုင်ရေးပါတီကလူတွေ မဲရုံတောင် မဖွင့်သေးဘူး အထဲမှာရောက်နေပြီ ကျွန်တော်လာမှ အပြင်ထွက် ခိုင်းရတယ်" ဟု ကွမ်းခြံကုန်းမြို့နယ် NDF ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လောင်း ဦးတင်လင်းကဆိုသည်။

မဲရုံပရဝုဏ်နှင့် မဲရုံအတွင်းကိုယ်စားလှယ်လောင်းအကူမှလွဲ၍ ကျန်သည့် ပါတီဝင်များမရှိသော်လည်း သပြုစမ်းကျေးရွာတွင် ကြံ့ခိုင်ရေးပါတီတံဆိပ်ပါ အင်္ကျီများ ဝတ်ဆင်ထားသည့် ပါတီဝင်များကိုလည်း တွေ့ရသည်။

"တခြားသူတွေဆို ကြိုတင်မဲယူတယ်။ တို့က ခမောက်ကို ထည့်မှာမို့လို့ လာမယူဘူး" ဟု ကွမ်းခြံကုန်းမြို့နယ်တောင်ပိုင်း ဇမ္ဗူသီရိလမ်းနေ အသက် ၈၃နှစ်အရွယ်ရှိ

ဒေါ်တင်လှက မဲထည့်ရန် အနေးယာဉ်ဖြင့် လာရောက်စဉ် ပြောကြားသည်။

ကွမ်းခြံကုန်းမြို့နယ်တွင် မဲရုံပေါင်း ၁၇၈ ရုံနှင့် မဲပေးနိုင်သည့်လူဦးရေမှာ ၇၁၁၄၉ ဦးအထိရှိကြောင်း မြို့နယ်ကော်မရှင်မှ တရားဝင် သတင်းထုတ်ပြန်ချက်အရ သိရသည်။ ကွမ်းခြံကုန်းမြို့နယ် မန်းသလိပ်ကျေးရွာတွင် မဲရုံမှ တာဝန်ကျဆရာမမှ ဝင်ရောက် အမှန်ခြစ် သည့်အတွက် အဆိုပါကျေးရွာမှ ကော်မရှင်ဥက္ကဌက မြို့နယ်ကော်မရှင်ရုံးသို့ စာတင်တိုင်ကြားခဲ့ကြောင်း အဆိုပါ ကျေးရွာမှ မဲထည့်ခဲ့သည့် အခြေအနေနှင့်ပတ်သက်၍ ခေတ်သစ်ပြည်သူ့ပါတီမှ ပါတီဝင်တစ်ဦးကဆိုသည်။

ကွမ်းခြံကုန်းမြို့နယ်တွင် အပါအဝင်ဖြစ်သည့် မယ်ရမ်းကျေးရွာတွင် ကြံ့ခိုင်ရေး ပါတီ အမျိုးသားလွှတ်တော်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် ဦးခင်ရွှေမှ မကျင်းပမီ တစ်ရက်အလိုမှ စတင်၍ အိမ်ခြေ ၅ဂဂ အတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ် နှုန်းဝေငှခဲ့ပြီး သယ်ယူစရိတ်အနေဖြင့် တစ်အိတ်လျှင် ၅ဂဂ ကျပ် ပေးဆောင် ရကြောင်း သိရ သည်။

အထက်ပါကျေးရွာတွင် မဲရေတွက်ပြီး နောက်ဆုံးရလဒ်ကို တစည‌ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအကူ လက်မှတ်ထိုး၍ အတည်ပြုခြင်းမရှိသော်လည်း အဆိုပါစာရင်းများကို မြို့နယ်ကော်မရှင်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ "ကွမ်းခြံကုန်းမှာ တစည‌နဲ့ NDF (ခမောက်) နဲ့က ပူးပေါင်းနေရတဲ့သဘောပဲ" ဟု တစည‌ပါတီမှ တိုင်းဒေသကြီးလွှတ်တော်(၂) ကိုယ်စားလှယ်လောင်း ဦးသက်လှိုင် က ထပ်မံပြောကြားသည်။

"သမီးတို့ကတော့ TV ထဲကလိုပဲအောက်မေ့လို့"ဟု ဇမ္ဗူသီရိလမ်းနေ အသက် ၂၃ နှစ်အရွယ်ရှိ အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးက မဲမပေးမီကာလ ရုပ်မြင်သံကြား တွင် ပြသထားပုံနှင့် အပြင်ဘက်တွင် တကယ်လက်တွေ့ မဲပေးရသည့်အခြေအနေ ကွာခြားချက်နှင့်ပတ်သက်၍ ပြောကြားသည်။

တီဗွီထဲတွင်ဖော်ပြထားသည့် မဲပေးပုံမှာ စနစ်ကျနသော်လည်း ပုံနှင့်မဲရုံတွင်း ပြကွက်များမှာ မတူညီကြောင်း၊ မဲရုံတွင်း မည်သူမဆို ဝင်ရောက်နေနိုင်သည့် အနေအထားမျိုးဖြစ်ပြီး မဲပုံးနှင့် မဲရုံအတွင်းအပြင်တွင် လွတ်လပ်စွာ သွားလာလျက် ရှိနေကြောင်း ယင်းကြုံတွေ့ရပုံနှင့် ပတ်သက်၍ ဆက်လက်ပြောကြားသည်။

"အရင်ကမဲပေးချင်တဲ့စိတ်ရှိတယ်။ ကိုယ်ပေးချင်တာ မပေးရတဲ့အတွက် မဲမပေးပဲ ပြန်လာတယ်" ဟု ညောင်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက တယ်လီဖုန်း မှ

# မန္တလေးနှင့် ရွေးကောက်ပွဲ

"အဖေ ဘယ်နှစ်နာရီထိုးပြီတုန်းဗျ" သူအိပ်ယာမှ လူးလဲထရင်း မေးလိုက်သည်။

"ဟော့ကောင် မနက်လေးနာရီပဲရှိသေးတယ် အဲလောက်မရှူးနဲ့ကွ မိုးတောင် မလင်းသေးဘူး၊ ဘာမှဟုတ်မှာလဲမဟုတ်ဘဲနဲ့ အိပ်ရေးပျက်တယ်။ နှိုးစက်ပေးထားတယ် အချိန်တန်ရင်မြည်မှာပေါ့" အဖေက သူ့ကို မကြည်ပေါက်နှင့်ပြောသည်။

ဒါကို သူထပ်ပြီးအတွန့်တက်လိုက်သေးသည်။

"အဖေက ဘာသိလို့လဲ။ ဒီနေ့က တကယ့်နေ့ဗျ စတဲ့အချိန်ကနေ ပိတ်တဲ့အချိန်ထိ လွဲလို့မဖြစ်ဘူး ၊ တိုင်းပြည်အတွက် အရာရာပြောင်းလဲပစ်မယ့်နေ့ဗျ၊ အခုလွတ်သွားရင် နောက်ငါးနှစ်ပြန်စောင့်ရမှာဗျ"

"ဟော့ကောင် ဘာမှပြောမနေနဲ့ နောက်ဆုံးဒါကဒါပဲ ။အလကား အိပ်ရေးပျက်တာပဲ အဖတ်တင်မယ်" အဖေက သူ့ကို ဘုတောလိုက်သည်။

သူဘာမှ ပြန်မပြောဖြစ်တော့။ ဆက်အိပ်လို့လဲမရ။ ဟိုလှိမ့်ဒီလှိမ့်နှင့်ပင် ခြောက်နာရီ ထိုးရန်စောင့်ရပေတော့မည်။

ထိုနေ့ကား နိုဝင်ဘာ ၇ ရက်၊ ၂၀၁၀ခုနှစ်၊ ပြက္ခဒိန်ထဲမှ သာမန် ရက်စွဲ တစ်ခုသာဖြစ်သော်လည်း မြန်မာနိုင်ငံအတွက်တော့ ထူးခြားသောနေ့တစ်နေ့ဖြစ်သည်။ တိုင်းပြည်ကို နှစ်ပေါင်း နှစ်ဆယ်ကျော် အာဏာသိမ်း၍ ဖိနှိပ်အုပ်ချုပ်ထားသော တပ်မတော်အစိုးရက ဦးဆောင်ကျင်းပပေးသည့် နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံး အကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည့်နေ့ဖြစ်သည်။

သင်တန်းဆင်းကာစ သတင်းထောက်ပေါက်စတစ်ဦးဖြစ်သော သူ့အနေဖြင့် သူများထက်တက်ကြွနေသည်မှာ အထူးအဆန်းမဟုတ်တော့။

နာရီမြည်သံကြောင့် သူ့အတွေးတို့ လွင့်စင်သွားသည်။ ကမန်းကတန်းထကာ အဝတ်အစားလဲ၍ အိမ်အပြင်ထွက်တော့သည်။ မဲရုံက အိမ်အနီးနားတွင်မို့ တော်သေး သည်။ မြို့ထဲရှိ မဲရုံ အားလုံးကိုလည်း လှည့်ပတ်ကြည့်ရန် စီစဉ်ထားပြီးဖြစ်သည်။ ရွေးကောက်ပွဲသတင်းနှင့်ပက်သက်၍ သူ့နာမည်ကို သတင်းလောကသားတို့အကြား ကျော်ကြား စေရမည်ဟု စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။

မဲရုံမှာ သူပညာသင်ကြားခဲ့သော အထက်တန်းကျောင်း တစ်ကျောင်း

ဖြစ်သည်။ အ.ထ.က(၂၀) ဟူသော ဆိုင်းဘုတ်အောက်ဝယ် အောင်မြေသာစံ ၂ ၊ ပြည်ကြီးရန်လုံ မဲရုံ(၂)ဟူသော အစိမ်းနောက်ခံ အဖြူစာလုံးကြီးက ခန့်ညားနေသည်။ မဲရုံရှေ့တွင် ရက်ကွက်အကျိုးဆောင်အဖွဲ့ဝင်များ၊ လုံခြုံရေးရဲဘော်များ၊ မီးသတ်များနှင့် ကျောင်းထဲတွင်တော့ မဲရုံမှူးနှင့် မဲရုံဝန်ထမ်း ဆရာမများက မဲပုံးများကို စတင်၍ ဖွင့်ပြလိုက်သည်။ ပါတီများမှကိုယ်စားလှယ်များပင် စုံအောင် မရောက်သေး။

ထိုစဉ်မှာပင် မဲပေးမည့်သူ နှစ်ယောက် ရောက်လာသည်။ မဲရုံအတွင်း ဝင်သွားကြသည်။ မဲရုံဝန်ထမ်းများက မှတ်ပုံတင်နံပါတ်နှင့် အမည်စာရင်း တိုက်ဆိုင်စစ်ဆေးကာ မဲထည့်ခွင့်ပြုလိုက်သည်။ ထို့နောက် မဲပေးပြီးပြန်ထွက်လာသော ပထမဆုံး မဲဆန္ဒရှင်ကို သူ အင်တာဗျူး လုပ်တော့သည်။

''အဆင်ပြေပါတယ်။ ဘာမှမပြောကြဘူး၊ ကိုယ်ကြိုက်တာထည့်၊ ထည့်ချင်တာထည့်လို့ရတယ်။'' ဟု မဲဆန္ဒရှင်က ရွှင်လန်းစွာ ဖြေသည်။

"ဟော့ကောင်ဘာလာရှုပ်တာလဲ၊ မတွေ့တာကြာပြီ" ရဲယူနီဖောင်းနှင့် ရဲဘော်တစ်ယောက် လာမေး၍ လက်ထဲတွင် ဂုက်ကိုင်လာသော ဟန်းဆက်မှ အသံဖမ်းထားခြင်းကို ပိတ်လိုက်သည်။ သေချာကြည့်လိုက်မှ ကျောင်းတုန်းက ဆိုးဖော်တေဖက် မောင်ကျော်နိုင်စိုးပါလား။

"ဘာမှမရှုပ်ပါဘူးဆရာရယ်၊ ဆရာကရော ဒီမှာတာဝန်ကျတာလားဟင်" သူ နောက်လိုက်သည်။

"အေးဟုတ်တယ်ကွ၊ လာကွာ လက်ဖက်ရည် သောက်ရအောင်။ ဒီနားက မကောင်းဘူးကွ" ရဲဘော်ကျော်နိုင်စိုးက လက်ဖက်ရည်ဆိုင်ဘက် ဦးတည် လိုက်သည်။ သတင်းတော့ရပေဦးတော့မည်။

"ဒီလိုပါပဲကွာ။ ငါလဲ အဝေးသင်ပြီးတည်းက ရဲထဲဝင်လိုက်တာ၊ မင်းရော ဘာလုပ်နေလဲ" စသည်ဖြင့် အစချီကာ ရောက်တတ်ရာရာပြောကြသည်။

"ငါတို့ကို စခန်းက မှာထားတယ်ကွာ၊ မဲရုံရှေ့ကို မလိုအပ်ပဲမသွားဖို့၊ တော်ကြာလူတွေက ယူနီဖောင်းမြင်ရင် လန့်ဖျပ်ပြီး ကိုယ်ကြိုက်တာကို မပေးရဲဘဲ နေကြမှာစိုးလို့လေ" ရဲဘော်သူငယ်ချင်းစကားကြောင့် ခေါင်းပင်ထောင်သွားသည်။

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ၊ နိုင်ငံတော်က အမှန်တကယ်ပင် စေတနာနှင့် ပြောင်းလဲလိုက်ခြင်းပေလား။

သူငယ်ချင်းကိုနှုတ်ဆက်ပြီး မြို့ထဲရှိ မဲရုံများကို လှည့်ပတ်ကြည့်ရန် စိတ်ကူး

လိုက်သည်။ မဲရုံတိုင်းမှာ လူတွေအပြည့်ပါလား။ အစက ရွေးကောက်ပွဲကို မည်သူမျှ စိတ်မဝင်စားကြ၊ မန္တလေးသည် နိုင်ငံရေးနှင့်ပက်သက်လျှင်အထနေးသည်ဟု ဝေဖန်ခဲ့သော နာမည်ကျော် ပြည်တွင်းဂျာနယ်တစ်စောင်တော့ ဘာပြောဦးမည်မသိပေ။ မိုးလင်းတည်းက တစ်ယောက်ကအစ အလျှိုအလျှိုဖြင့် မဲလာပေးကြရာ ၇၀ ရာခိုင်နှုန်းအောက် မလျော့ ဟု အမတ်လောင်းတစ်ဦးက ထင်မြင်ချက်ပေးသည်။

''အဖွားတို့ကတော့ခမောက်ပဲပေးတာ၊ ၉၀ တုန်းကလည်း ခမောက်ကိုပဲ ပေးခဲ့တာ။ အခုလဲခမောက်ပဲ၊'' အဘွားအို တစ်ဦးက သူ့စိတ်ကြိုက် မဲပေးခဲ့ရပုံကို ပြန်ပြောနေသည်။

မြို့ထဲရှိမဲရုံတစ်ရုံမှ မဲပေးပြီးပြန်လာသူတစ်ဦးက "ကြိုက်တာပေးလို့ ရပါတယ်ဗျာ။ ဘယ်သူ့ကိုထည့်ပါလို့လဲမပြောဘူး၊ ဘာမှလဲမလုပ်ကြပါဘူး၊ အားလုံး အေးအေးဆေးဆေးပါပဲ၊ လူတွေက စွတ်ရွှတ်ပြီးပြောချင်ရာပြောကြတာ" ဟု ပြောသွားသည်မှာ ရွေးကောက်ပွဲအပေါ် ယုံကြည်ချက်အပြည့်နှင့်။

နေ့ခင်းမှာတော့ ပြဿနာလေးအနည်းငယ်ကို စတွေ့ရသည်။ ပုလဲငွေရောင်မဲရုံ ၂ တွင် တာဝန်ကျ ဆရာမတစ်ဦးက မဲလာပေးသူများထဲတွင် ယောင်လည်လည်ဖြစ်နေသူ သုံးလေးဦးခန့်ကို ဆန္ဒပြုသည့်ပုံးနားထိ ကပ်၍ကြည့်ပြီး ဟိုဟာခြစ် ဒီဟာခြစ်ဟု ပြောနေတာ သူကိုယ်တိုင်မြင်လိုက်ရသည်။ ချက်ချင်းပင် မဲရုံမှူးကို ခေါ်ပြီး ကန့်ကွက်သည်။ မဲရုံမှူးက မဲပုံးများထည့်မည် စိုးသောကြောင့်ဟု အကြောင်းပြသည်။ တာဝန်ကျ ဆရာမပြောနေတာ ကိုယ်တိုင်မြင်ကြောင်း၊ သုံးလေးဦးခန့်ရှိနေ၍ မဲရုံမှူးကို ခေါ်ပြခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင် မီဒီယာသမားတစ်ဦး ဖြစ်ကြောင်း ပြောတော့မှ ထိုဆရာမကို ခေါ်ယူသတိပေးပါမည်ဟု မဲရုံမှူးက ဆိုသည်။

မဲရုံမှအထွက် အနောက်က ဆူဆူညံညံအသံကြား၍ လှည့်အကြည့် အမျိုးသမီးတစ်ဦးက သူမတို့အိမ်ထောင်စု တစ်ခုလုံး စာရင်းတွင် ရှာမတွေ့ဟုဆိုသည်။ မဲရုံတာဝန်ရှိသူ တစ်ဦးကလည်း မဲပေးပိုင်ခွင့်ရှိသူစာရင်းများကို ရွေးကောက်ပွဲနေ့မတိုင်မီ ရက်အတော်ကြာကပင် မဲရုံများ၌ ကပ်ထားပြီး ဖြစ်ကြောင်းနှင့် စာရင်းတွင် မိမိအမည် မပါဝင်ပါက ရပ်ကွက်ကော်မရှင်ကို အကြောင်းကြားနိုင်ကြောင်း သတင်းစာများတွင်လည်း ကြေငြာထားပြီးဖြစ်ကြောင်း၊ ယခုအချိန်မှ မိမိတို့လည်း မည်သို့မျှ မတတ်နိုင်ကြောင်း၊ အကယ်၍ မဲပေးလိုပါက ရပ်ကွက်ထောက်ခံစာယူခဲ့ပါဟု ပြန်လည်ပြောဆိုနေသံ ကြားလိုက်သည်။

"ရပါတယ်။ မပေးရလဲ နေပါစေတော့။ ဘာမှမဖြစ်ဘူး၊ အလုပ်ရှုပ်မခံချင်တော့ဘူး" အမျိုးသမီးက ပြောပြောဆိုဆို ဆိုင်ကယ် မောင်းထွက်သွားသည်။ မကြာပါ ချာတိတ် တစ်ယောက်ယောက်လာပြီး အထက်ပါအတိုင်း ပြန်လည်ဖြစ်ပွားသည်။ ထိုချာတိတ် လဲပြန်သွားသည်။

"အဲဒါခက်တာပဲဗျာ၊ လူတွေက စိတ်ဝင်တစားမရှိကြဘူး၊ သူများပေးလို့ လိုက်ပေးကြတာ။ ဒီမှာမဲစာရင်း မပါတဲ့သူတွေ အများကြီးပဲ။ ကွန်ပျူတာ ရိုက်တဲ့သူတွေလဲ မျက်စိမှားနိုင်တာပေါ့၊ စာရွက် လေးငါးခြောက်ရွက်လောက်ကလဲ ပျောက်သွားသေးတယ်။ စောစောတည်းက အကြောင်းကြားရင်ပြီးတာပဲ၊ အခုမှတော့။ ကျွန်တော့်မိတ်ဆွေလဲ တစ်မိသားစုလုံး ရှစ်ယောက်လောက်ရှိမယ် နာမည်မပါလို့မပေးရဘူးလေ" မဲရုံဝန်ထမ်းက သူ့ကိုရှင်းပြနေသည်။

ဒီလိုဆိုရင် ဒီမဲရုံမှာ မဲမပေး လိုက်ရတဲ့သူတွေ အများကြီးပါလား၊ မဲပေးခွင့်မရ၍ ပြန်သွားကြတာပဲတွေ့သည်။ ဘယ်သူမှ မဲပေးလို့ရအောင် ရပ်ကွက်ဥက္ကဌဆီ သွားသည် ဟုမကြားရ။ အခြားရပ်ကွက်မဲရုံတွေမှာရော။

အခြားရပ်ကွက်၊ အခြားမဲရုံတွေမှာလဲ ထိုကဲ့သို့ပင်ဖြစ်သည်။ နာမည်စာရင်းမပါ၍ မဲမပေးလိုက်ရသူတွေအများကြီး၊ ထိုအိမ်ထောင်စုတွေအားလုံးသည် ကြောက်တတ်သူများ၊ နာမည်စာရင်းမပါ၍ မဲပေးခွင့်ရအောင် ဆက်လက်လုပ်ဆောင်မည့်သူများမဟုတ်ကြ။ မဆီမဆိုင် မာမီးခေါက်ဆွဲကြော်ငြာကို သတိရလိုက်သည်။

" အကြံအစည်တစ်ခုခုတော့ရှိရမယ်" ဟူသတတ်။

ထိုအကြံအစည်သည် အမှန်တကယ်ရှိကြောင်း ညပိုင်းကျမှ လက်တွေ့ သိရတော့သည်။ ညနေလေးနာရီမှာ မဲရုံတွေ ပိတ်သည်။ ထိုစဉ်တည်းက မဲရုံကို မည်သူမျှ ဝင်ခွင့်မရတော့၊ ပါတီကိုယ်စားလှယ် အချို့ပင် ဝင်ခွင့်မရ၍ အခြေအတင်ဖြစ်ကြသည်။ နောက်တော့ ဝင်ခွင့်ရသွားကြသည်။

မဲရုံများတွင် ရေတွက်ချက်အရ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အပြတ်အသတ် အနိုင်ရနေသည်။ ပြည်ပ အသံလွှင့်ဌာနများမှလည်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးတင်အောင်အောင်၊ ဒေါက်တာလှစိုးညွှန့်၊ ဦးကျော်အောင်၊ ဦးခင်မောင်သက်တို့ မဲရုံများတွင် အပြတ်အသတ် အနိုင်ရနေသည်ဟု ကြေငြာသွားသည်။

မြို့နယ်ကော်မရှင်တွင် မဲရုံများမှ မဲစာရင်းများ၊ မဲထုပ်များ ရောက်လာကြ

သည်။ ရေတွက်ရင်းနှင့်ပင် ညဆယ့်တစ်နာရီထိမပြီးနိုင်ပေ။ အောင်မြေသာစံ တစ်မြို့နယ်ထဲတွင်ပင် မဲရုံပေါင်း ၇၇ ရုံ ရှိရာ ညဆယ့်တစ်နာရီထိ ၂၂ ရုံသာ ရေတွက်နိုင်သေးသည်ဟုဆိုသည်။ ကော်မရှင်ရုံးခန်းထဲတွင် အမတ်လောင်းများ ကြိုတင်မဲ ရေတွက်နေသည်ကို ကြည့်ရှုနေကြသည်။

"ကိုယ်ကတော့ရှုံးနေတယ်၊ လူတွေက တံဆိပ်ကိုကြိုက်တော့ ခမောက်မှ ခမောက်ပဲ၊ ကိုယ်တို့ဥက္ကဋ္ဌ ဦးသုဝေကတော့ ရှန်ပိန်ပုလင်းတောင်ဝယ်ထားပြီ၊ အောင်ပွဲ ခံဖို့၊ ဒေါ်သန်းသန်းနုတို့လဲ ရှုံးကြတယ်၊" ဒီမိုကရက်တစ်ပါတီမှ ဒေါက်တာ တင်မောင်ထွန်း ၏ ပြောစကား။

အမျိုးသားဒီမိုကရေစီအင်အားစုရုံးချုပ်တွင် ဦးတင်အောင်အောင်၊ ဒေါက်တာ လှစိုးညွန့်နှင့် ဗဟိုကော်မတီဝင် ရွှေနေ ဦးမြင့်သွင် တို့ကို တွေ့ရသည်။ အမျိုးသား ဒီမိုကရေစီအင်အားစုမှ အကုန်လုံး အနိုင်ရနေကြောင်း ပြောသည်။ ထိုစဉ်မှာပင် ကော်မရှင်ရုံးမှ ပြန်လာကြသော အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လူငယ်များက မဲရုံများမှ ကော်မရှင်ရုံးသို့ ရောက်ရှိလာသော စာရင်းများကို ဦးမြင့်သွင်ကို ပေးလိုက်သည်။ မဲရုံအတော်များများ ကျန်နေသေးသော်လည်း ယူလာသမျှ မဲရုံ စာရင်းတိုင်းတွင် အမျိုးသားဒီမိုကရေစီအင်အားစုမှပင် အနိုင်ရနေသေးသည်။

"ကြိုတင်မဲတွေလဲပါတယ် အန်ကယ်ရေ၊ ကြိုတင်မဲ ၁၂၈ မဲမှာ ကျွန်တော်တို့က ၃ မဲ၊ တ.စ.ည က၂ မဲ နဲ့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၂ မဲတဲ့ဗျ၊" လူငယ်က ဦးမြင့်သွင်ကို စာရင်းပေးလိုက်သည်။ ထိုသို့ပင် ကြိုတင်မဲစာရင်း ရောက်လာတိုင်း ပြည်ခိုင်ဖြိုးပါတီမှ အပြတ်အသတ်အနိုင်ရနေမှုကြောင့် မဲ ၂၀၀၀ ကျော်နိုင်နေသော ဦးတင်အောင်အောင်မှာ ၆၀၀ ကျော်သာ အသာရနိုင်တော့သည်။

"တော်သေးတယ် ကြိုတင်မဲက တစ်ရာကျော်လေးတွေမို့ ၊ သုံးလေးရာသာဆို ကျုပ်တို့တော့ မလွယ်ဘူး" ဦးတင်အောင်အောင်က ဦးမြင့်သွင်ကို ပြောလိုက်သည်။

"အင်း၊ ကျန်းမာရေးဝန်ကြီးနဲ့ပြိုင်ရတဲ့ ဦးခင်မောင်သက်တောင် အပြတ်အသတ် နိုင်နေတယ်ဗျ၊ အခြေနေက ကောင်းပါတယ်" ဦးမြင့်သွင်က ပြန်ပြောလိုက်သည်။

ည ၂ နာရီထိ မဲရေတွက်လို့မပြီးသေး၊ အခြားမြို့နယ်များတွင်လည်း ထိုသို့ပင်ဖြစ်သည်။ ဒီလိုဆိုလျှင် မနက်လေးမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက အပြတ်အသတ်အနိုင်ရရှိနေပြီဟု တွက်နိုင်ပြီလား။

မနက်အိပ်ယာထမှ တိုင်းကော်မရှင်ရုံးခွဲသို့ သွားတော့မည်ဟု တွေးကာ အိပ်လိုက်တော့သည်။ မနက်စောစောထကာ တိုင်းကော်မရှင်ရုံးသို့ သွားသည်။ မည်သူ့ကိုမှ ဝင်ခွင့် မပေးသေးပါ။ မဲများရေတွက်ဆဲဟု အစောင့်ရဲဘော်များက ဖြေသည်။ ခရိုင်ကော်မရှင်ရုံးရှေ့တွင် ကျန်းမာရေးဝန်ကြီးနှင့် ပြိုင်ခဲ့သော ဦးခင်မောင်သက်၏ ကိုယ်စားလှယ်ကို တွေ့သည်။

"နိုင်တာတော့နိုင်နေပြီကွ၊ ည ၂ နာရီလောက်ထိ မဲ၁၆၀၀ကျော်နိုင်ထားတယ်။ အခု သိရကြောင်း လက်မှတ်လာထိုးတာ ဟု ၎င်းကဆိုသည်။

မကြာပါ၊ ထိုကိုယ်စားလှယ် မျက်နှာထားတင်းတင်းနှင့် ပြန်ဆင်းလာသည်။ ဘာဖြစ်တာလဲမေးတော့ "ရှုံးတယ်ကွ၊ ညက ကြံ့ခိုင်မဲ ၂၀၀၀ ကျော် ရောက်လာတယ်တဲ့။ ကော်မရှင်ရုံးမှာတုန်းက ငါတို့ရှေ့မှာရေတာ ကြံ့တင်မဲ ၃၉၈ မဲပဲရှိတာ။ ငါတို့ပြန် သွားမှ ဘယ်ကဘယ်လိုရောက်လာတယ်မသိဘူး" ဒေါသသံနှင့် ပြန်ဖြေသည်။ ဒါဆို ၆၀၀ ကျော်သာ အနိုင်ရထားသော ဦးတင်အောင်အောင် တို့ရော မည်သို့ ရှိမည်နည်း။

အမရပူရနယ်တွင် မပြိုင်ခင်တည်းက နိုင်မည်ဟု သတင်းပြေးခဲ့သော ဒေါက်တာသန်းမြင့် လည်းရှုံးသည်။ ဒေါက်တာသန်းမြင့်မှာ အစ္စလာမ်ဘာသာဝင်ဖြစ်ပြီး၊ အမရပူရ နယ်တစ်ကြောတွင် မွတ်စလင်ဘာသာဝင်ဦးရေ အများအပြားရှိရာ သေချာပေါက် နိုင်မည်ဟု ထင်ကြေးပေးခံထားရာမှ မွတ်စလင်ရပ်ကွက်တိုင်းတွင်ရှုံးပြီး အခြားရပ်ကွက် အချို့တွင် နိုင်သည်။

ဩဂုတ်လခန့်ကရိုက်မှုဖြင့် အဖမ်းခံထားရသော မွတ်စလင် ခြောက်ဦးကို ပြန်လွှတ် ပေးမည်။ မွတ်စလင်မ်အားလုံး မဲရုံရှေ့ မလာရဟု ပြည်ခိုင်ဖြိုးက ညှိနှိုင်းထားသည်ဟု ဆိုသည်။ ထို့ပြင် အမရပူရမြို့နယ်ရှိ မဲရုံအားလုံးတွင် ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်များ သာမက ၎င်းတို့ကို လာရောက် လက်ဖက်ရည်ပို့၊ ကွမ်းယာပို့သူများ အတား အဆီးမရှိ ဝင်ထွက် သွားလာနေကြပြီး မဲရုံမှူးများကလည်း တားဆီးခြင်း မရှိ ဟု ဒေါက်တာသန်းမြင့်၏ ကိုယ်စားလှယ်များထံမှသိရသည်။

မဲရုံတိုင်းတွင် ပြည်ခိုင်ဖြိုးမှ ကိုယ်စားလှယ်များလက်ထဲတွင် မဲစာရင်းဖြည့်သွင်းသည့် ပုံစံ ၁၉ ခေါ် စာရွက်လေးများပါ လာကြပြီး၊ မဲရုံပိတ်သည်နှင့် ပြည်ခိုင်ဖြိုး ရုံးချုပ်သို့ အကြောင်းကြား၊ ထိုမှတဆင့် လိုအပ်သည့် ကြံ့တင်မဲကို အဆင်သင့်ပြင်၊ ဝန်ကြီး တစ်ဦးဦး၏ အမိန့်ဖြင့် ကော်မရှင်ကလက်ခံပေးလိုက်ရပြီး ကော်မရှင်မှာ နေရင်းထိုင်ရင်း တရားခံဖြစ်သွားသည်ဟု ဦးခင်မောင်သက်၏ ကိုယ်စားလှယ်က

ထင်မြင်ချက်ပေးသည်။

နောက်တစ်ရက်အထိ မဲရေတွက်ခဲ့ရသော မွန္တလေး၏ ရွေးကောက်ပွဲသည် မျက်လှည့်ဆန်ဆန်ပင် ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ရုပ်ဆိုး အကျည်းတန်စွာ ပွဲသိမ်းခဲ့သည်။

အမည်စာရင်းကျန်ခဲ့၍ မဲပေးခွင့်မရခဲ့သောမဲများသည် ကြိုတင်မဲဖြစ်သွားပြီလား၊ လူထုသည် ရွေးကောက်ပွဲကို အယုံအကြည်ရှိပါမည်လား၊ နောက်ငါးနှစ်ကြာ ရွေးကောက်ပွဲရောက်လျှင် မဲပေးကြဦးမှာလား၊ သေချာတာကတော့ နောက်ထပ်ငါးနှစ် စောင့်ကြည့်ရတော့မည် ဖြစ်သည်။ ။

# ကျေးရူးရှင် စပါးနံ့နှင့် ငွေခြသေ့်တို့ အားပြိုင် ခြသေ့်နိုင်

နိုဝင်ဘာ(၆)ရက်

ကျွန်တော် အပါအဝင် သူငယ်ချင်း အပေါင်းအသင်းများဖြစ်ကြသော အလယ်တန်းပြ ဆရာများနှင့် ငါးယောက် အဖွဲ့သည် မြို့မှ သုံးမိုင်၊ လေးဖာလုံဝေးသော ရွာသာယာ မဲရုံ(၂)တွင် တာဝန်ကျသည်။

သို့ဖြစ်၍ ကျွန်တော်တို့အဖွဲ့သည် နံနက် ၆၊ ၇နာရီ မဲရုံဖွင့်ချိန်မှသွား၍ မဖြစ်သော ကားလမ်းမရှိ၊ ဆိုင်ကယ်သာ အမြန်ဆုံးယာဉ်ရှိသည့် ထိုရွာကလေးသို့ နိုဝင်ဘာ ၆ ရက်နေ့၊ နေ့ခင်း ၁၂နာရီမှစ၍ ဆိုက်တွဲငှားပြီး ထွက်ခွာခဲ့ကြရာ ထိုရွာလေးသို့ နေ့ခင်း ၁နာရီခွဲတွင် ရောက်ရှိသွားသည်။

သက်ဆိုင်ရာ မဲရုံမှူး ကျောင်းအုပ်ဆရာမကြီးမှ ကျောက်ကျောများ၊ အသုပ်စုံများဖြင့် ကြိုဆိုဧည့်ခံသည်။ အနားယူပြီး လုပ်ငန်းကိစ္စများကို ကြို၍ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ ထို့နောက် ရွာထဲမှ တပည့်ဟောင်းများက အလည်ခေါ်၍ လိုက်သွားကြရသည်။ အလုပ်ကိစ္စမပြောဘဲ ကျောင်းကိစ္စ၊ စီးပွားရေး အဆင်ပြေမပြေ၊ လယ်ယာလုပ်ငန်း ကောင်းမကောင်း အာလွှာပသလ္လာပ စကားများပြောပြီး ပြန်ခဲ့ကြသည်။

ညနေ ၆နာရီတွင် ဥက္ကဋ္ဌကြီးမှ ညနေစာကျွေးမွေး၍ ကျွန်တော်တို့ အဖွဲ့အပြင် အခြားတာဝန်ရှိသူ လုံခြုံရေးများပါ ထမင်းသုံးဆောင်ကြသည်။ ကြက်သားကို ထပ်ထပ်ဖြည့်ပေးနေ၍ ပြုံးစိစိဖြင့် စားလိုက်ကြရာ ထမင်းနစ်ပန်းကန် ပြောင်သွားတော့သည်။ ထမင်းစားပြီး ဘုန်းတော်ကြီးကျောင်းသို့ လမ်းလျှောက်သွားကြရာ အညောင်း လည်းပြေ ဗိုက်လဲချောင်စေသဖြင့် အဆင်ပြေသွားတော့သည်။

ဆရာတော်အား ကျွန်တော်တို့အဖွဲ့မှ တစ်ယောက် တစ်ထောင်စီစု၍ ငါးထောင်ကျပ် လှူဒါန်းခဲ့ရာ မြို့နှင့် အတန်ငယ်ဝေးနေသော ဆရာတော်မှာ ဝမ်းသာပီတိ ဖြစ်နေရှာသည်။ ဆရာတော်မှာ သူကိုယ်တိုင်ဖော်စပ်ထားသော အစာကြေဆေးများလည်း တစ်ယောက် သုံးထုပ်စီ စွန့်လိုက်၍ အိမ်ပြန်လက်ဆောင်ပင် ရလိုက်သေးသည်။

ဆရာတော်ကျောင်းမှ ပြန်လာပြီး ဥက္ကဋ္ဌကြီးနှင့် စကားအနည်းငယ်ပြောပြီး နံနက်စောစောထကြရမည် ဖြစ်သဖြင့် အိပ်ယာကိုယ်စီဝင်ကြသည်။

နိဝင်ဘာ(၇)ရက်

နိဝင်ဘာ (၇)ရက်သို့ရောက်လာပါပြီ။ နံနက်လေးနာရီခွဲပြီဖြစ်၍ ဥက္ကဋ္ဌကြီးမှ လာနှိုးသဖြင့် ကျွန်တော်တို့ အိပ်ယာထကြသည်။ မျက်နှာသစ်၊ ရေအိမ်သွား၊ ကျောင်းဝတ်စုံများ ဝတ်ဆင်ကြပြီး တိုက်ပုံကိုယ်စီ ထပ်မံဆင်မြန်းကာ နံနက်စာ (breakfast) သုံးဆောင်ကြသည်။

ပြီးလျှင် လုံခြုံရေး ရဲဘော် အပါအဝင်တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ သည် သစ်လွင်လှပ သန့်ပြန့်နေသည့် အဖြူ အစိမ်းများ ကိုယ်စီနှင့် မဲရုံရှိရာ ကျောင်း ဆောင်ဆီသို့ ချီတက်ခဲ့ကြသည်မှာ ကျက်သရေရှိနေပါတော့သည်။

(၁)အရည်အသွေးကောင်း၊ အရည်အချင်းပြည့်ဝ ဥစ္စာပစ္စည်းကြွယ်ဝသော ဘာသာသာသနာ ထွန်းပြောင်လှသည့် အမိမြန်မာပြည်ကြီးသည် ကျေးလက်မြို့ရွာ မကျန် ဖြင့် ပျားပန်းခတ်မျှ အရေးကြီးစွာဖြင့် နက်နက်နဲနဲ ဂရုစိုက် ဆောင်ရွက် နေကြချိန်ဖြစ်သည်။

အမိမြန်မာပြည်ကြီးအား နိုင်ငံသစ်လူသစ် စိတ်သစ်ဖြစ်စေရန် ပြောင်းလဲစ ပြုနေခြင်းဖြစ်သည်။ လူတိုင်းလူတိုင်း အရေးပါ၍ လူတိုင်းလူတိုင်း အပြုံးဝေဆာစွာဖြင့် အားဖြည့်နေကြသည်။

ပြည်သူပြည်သားများမှ အသွင်ပြောင်းကာလကို ဆင်နွှဲနေကြချိန်တွင် ဆောင်းဧကရီ ဘုရင်မကြီးသည်လည်း နှင်းပုဝါကို ပြည့်ပြည့်ဝဝ လွှမ်းခြုံလျက် နိဝင်ဘာ ၇ရက် နံနက်ခင်းတွင် ပြည်သူများအား မှတ်မှတ်ရရ ဖြစ်စေ၍ ကိုယ်ထင်ပြ ပြောဆို နေသယောင်ယောင် အားဖြည့်ကူညီနေသလိုလို ဆောင်းဧကရီ ဘုရင်မကြီးကိုလဲ အသိအမှတ်ပြုစေချင်သည့် အလား နှင်းများဝေဖြာစွာ ကျဆင်းနေပေတော့သည်။

နံနက် ၆နာရီတွင်မဲရုံစဖွင့်သည်နှင့် ဆန္ဒမဲပေးကြမည့် ပြည်သူပြည်သားများ တဖွဲဖွဲရောက်ရှိလာကြသကဲ့သို့ မဲစာရင်းကြည့်သူ မဲလက်မှတ်ထုတ်ပေးသူများလဲ ဂရုတစိုက်ဖြင့် အမှားမရှိရန် လေးလေးစားစား ဆောင်ရွက်နေကြသည်။ ဆန္ဒမဲပေးမည့် စာရင်းအရ ငါးရာနီးနီးရှိသည်။

မဲရုံကြီးကြပ်သူများ မဲရုံအကူများမှလဲ "ဒီဘက်ကိုပါပြပါ။ ကြိုက်ရာတစ်ဦးဦးကို အမှန်ခြစ်ခြစ်ပါ။ ဒီမဲပုံးမှာ လာထည့်ပါ" စသည်ဖြင့် ကူညီဆောင်ရွက်နေကြသည်။ မဲပေးသူများမှ အချို့မှာ တောင်သူလယ်သမားရိုးသားသူများ ဖြစ်၍ နားမလည်ကြပါ။ "ဒီမဲပုံးဘက်လာပါအုံး" ဟူ၍လည်းခေါ်ကြရသည်။ ဒီလိုလဲ "လက်မှတ်ထိုးပါအုံး၊

ဒီမှာလဲထိုးပါအုံး” ဖြင့် မနားတမ်းပြောကြရသည်။ တချို့ဦးကြီးများ က မဲလက်မှတ်ကိုဖတ်ကြည့်ပြီး “ဒီမှာတော့၊ ဟိုဘက်တုန်းကလို ဦးမောင်လေးလဲ မပါတော့ဘူး” ဟုပြောကြသည်။ ဒီမဲပုံးက ဒီလူ ဒီလူတွေဆိုတာကို မဲရုံးအကူများက ပြောပြကြရပြန်သည်။

ဟိုဘက်က မဲပုံးကိုလဲ သွားရအုံးမယ်လို့ တိုင်းဒေသကြီးဘက် လွှတ်လိုက်ရပြန်သည်။ လက်မှတ်ထိုးခိုင်းပြန်တော့ “ဟ လက်မှတ်ကလဲ ထိုးလိုက်ရတာပါလား။ မင်္ဂလာဆောင်တုန်းကတောင် ဒီလောက်လက်မှတ်မထိုးရဘူး” ဟု ပြော၍ အားလုံး ပြုံးကြရသည်။

အချို့မှာ ထုတ်ပေးလိုက်သည့် မဲလက်မှတ်လေးကိုင်ပြီး တွေဝေစွာဖြင့် မေးလဲမမေးရဲနဲ့ မဲပုံးထဲထည့်ရန် လုပ်နေ၍ “ ဟိုး ဟိုး ဟိုအခန်းထဲမှာ ကြိုက်တဲ့သူကို သွားခြစ်လိုက်ပါအုံး” ဟု ပြောကြရသည်။

အချို့က နောက်ပြောင်စွာဖြင့် “တစ်ယောက်ထဲခြစ်နော်။ နှစ်ယောက်ခြစ်လို့ မရဘူး။ ငါးရံ့နှစ်ကောင်မဖမ်းနဲ့ဆိုတာ ကြားဖူးတယ်မို့လား” ဟု အချင်းချင်းပြောသံများကြောင့် အလုပ်မအားသည့်ကြားမှ ပြုံးရ ရယ်ရနှင့် ပင်ပန်းသည်မထင်ရပေ။

အချို့မှာ အချင်းချင်း တီးတိုးပြောနေကြသေးသည်။ “စပါးနံ့ကို ကျေးဇူးမကန်း နဲ့နော်၊ အဲဒါနင်တို့ အသက်သခင် ဟု ပြောနေကြသေး၍” ပြုံးမိပါသည်။

ရိုးသားလှသည့် တောသူတောင်သားများသည် အပြစ်မမြင်တတ်သကဲ့သို့ မြင်ရာထင်ရာကိုပြောကြ ပြုလုပ်ကြပေသည်။

အချို့က ပြောကြသေးသည်။ “ဟဲ့ ခြသေ့်ဆိုတာ ငွေပဲဟ၊ ခြသေ့်ရှိရင် ဘာမဆိုလုပ်လို့ရတယ်” ပြောကြ သေးသည်။

ဤသို့ဖြင့် ပြုံးစရာ ရယ်စရာများနှင့် နေ့ခင်း ၁၀း၃၀ နာရီသို့ရောက်လာပြီ။ မဲပေးသူများလဲ ထက်ဝက်နီးပါး ပြီးသွားပြီ။ ရွာထဲရှိလူများ ကုန်သလောက်ဖြစ်၍ တောသွား အုံသွားများကျန်တော့သည်။

လူရှင်းချိန်တွင် ကျေးရွာဥက္ကဋ္ဌကြီးမှ ကြီးကြပ်၍ အမျိုးသမီးများအဖွဲ့မှ ထမင်းပြင်ပွဲများကို ဖွန်းတပ်ပြီး တစ်ဦးတစ်ပန်းကန်စီလိုက်ဝေ၍ မိမိနေရာတွင်တင် ထိုင်လျက်နှင့် ပြင်ပွဲထမင်းပန်းကန်များကို ဆာဆာနှင့် စားလိုက်ရာ တက်တက်သာ ပြောင်ပါတော့သည်။

အလုပ်လုပ်ကိုင်နေရင်း အစားအသောက်စားရခြင်းတို့သည် တမူထူးခြား၍

မည်သည့် အလုပ်နေရာ မည်သည့် စားသောက်ဆိုင်များနှင့် မျှမတူဘဲ စိတ်ရောကိုယ်ပါ အရာရာ မတူပြောင်းလဲဘို့ အုတ်မြစ်ချနေသည့်အလား ထူးခြားသည့် အရသာကို ခံစားနေမိပါတော့သည်။ ပင်ပန်းမှု လုံးဝမရှိသကဲ့သို့ တာဝန်ယူ ဆောင်ရွက်နေရသည် ကိုပင် ကျေနပ်နေမိ တော့သည်။

ကျွန်တော်တို့ ထမင်းစားပြီး ခြေညောင်းလက်ဆန့် အနီးအနားသွားသူသွား နားသူနားနှင့်ရှိနေစဉ် ၁၁နာရီခန့်တွင် ခရိုင်ကော်မရှင် ဥက္ကဋ္ဌကြီးများနှင့်အဖွဲ့ ရောက်ရှိလာကြသည်။ မဲရုံအခြေအနေနှင့် ဆန္ဒမဲပေးပြီးသူ ကျန်ရှိသူ အရေအတွက် များ မေးမြန်းပြီး လိုအပ်တာများကို ညွှန်ကြား၍ ပြန်လည်ထွက်ခွာသွားကြသည်။

၁၁း၃၀ခန့်အချိန်မှ စ၍ တဖြည်းဖြည်းလာရောက် ဆန္ဒမဲပေးကြပြန်ရာ လေးဦး တစ်စု ငါးဦးတစ်စုနှင့် ဆန္ဒမဲ ပေးကြမည့်သူ သုံးပုံတစ်ပုံခန့်သာ ကျန်ရှိ ပါတော့သည်။

နေ့ခင်း ၂နာရီခန့်တွင် မြို့နယ်ကော်မရှင်ရုံးမှ တာဝန်ရှိသူတစ်ဦး ထပ်မံ ရောက်ရှိလာပြီး အခြေအနေကို မေးမြန်း၍ သုံးပုံနှစ်ပုံခန့် လာပေးကြပြီး တစ်ပုံသာ ကျန်တော့ကြောင်း သိသွားသဖြင့် တာဝန်ရှိသူများ အနေဖြင့် ကျေနပ်ဝမ်းသာ မိကြောင်း ပြောသွားသည်။

တောပြန် စားပြီးသောက်ပြီး ကျန်ရှိသူများလာရောက်ဆန္ဒပြုကြပြန်ရာ သုံး နာရီ တိတိတွင် အားလုံးနီးနီး ပြီးသွားပါပြီ။ ခရီးလွန်သူ အနည်းငယ်သာကျန်ရှိသည်။

ခရီးလွန်များ ပြန်လည်ရောက်လာခဲ့သော်ဆိုပြီး စောင့်ဆိုင်းနေကြရင်း လေးနာရီတိတိတွင် မဲရုံပိတ်ပြီဖြစ်ကြောင်း အသံချဲ့စက်ဖြင့် ရပ်ကွက်ကျေးရွာ ဥက္ကဋ္ဌကြီး မှ ကြေငြာလိုက်ပါတော့သည်။

လေးနာရီတိတိတွင် အဖွဲ့ဝင်များ အလုပ်ကို ရပ်ဆိုင်း၍ သက်ဆိုင်ရာ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ကိုယ်စားလှယ်များ အသိသက်သေများ အားလုံးရှေ့တွင် ပြည်သူ့ လွှတ်တော်မဲပုံးကို မဲရုံမှူးမှ ဖွင့်ပြီး လက်ခံပုံးထဲသွန်လိုက်သည်။

ဆန္ဒမဲပေးထားသည့် စာရင်းနှင့် မဲလက်မှတ်ကိုက်ညီမှု ရှိမရှိ စတင် ရေတွက်ကြည့်သည်။ ကိုက်ညီမှုရှိ၍ ထပ်မံအမတ်လောင်းသုံးဦး၏ လက်ခံပုံး တစ်ခုစီ သို့ ခွဲခြားထည့်လိုက်သည်။ ပယ်မဲပုံးတွင် (၁၇)မဲရရှိ၍ ခြသေ့် ၂၉၁၊ စပါးနှံ ၁၅၄ ရရှိသွားသည်။ ၅နာရီတွင် ပြီးစီးသွားသည်။

၅နာရီတွင် အမျိုးသားလွှတ်တော်ပုံးကို တာဝန်ရှိသူများရှေ့တွင် သွန်ချပြီး မဲစာရင်းနှင့် ကိုက်ညီမှုရှိမရှိ ရေတွက်လိုက်ရာ ကိုက်ညီပါသဖြင့် ပယ်မဲအပါအဝင် ထပ်

မဲခွဲထုတ်ကြပြန်ရာ အမျိုးသားလွှတ်တော်တွင် ခြသေ့်(၂၈၁)၊ စပါးနှံ(၁၆၉)၊ ပယ်မဲ ၁၂မဲဖြင့် ခြသေ့်မှ ဦးဆောင်ရရှိပြန်သည်။

၅နာရီ ၄၅တွင် တိုင်းဒေသကြီး ပုံးအားဖွင့်ဖောက် စစ်ဆေး ခွဲထုတ်ပြုလုပ်ကြရာတွင် ခြသေ့် ၂၈၁၊ စပါးနှံ ၁၆၉၊ ပယ်မဲ (၁၃)ဖြင့် အောင်မြင်စွာ ပြီးစီးသွားသည်။ မဲရုံမှူးမှ အောင်မြင်စေ၊ သီချင်းဖြင့် အောင်စည် အောင်မောင်းတီးသံဖွင့်စေပြီး အောင်မြင်စွာ ပြီးစီးသွားသည်။ နာရီကို ကြည့်လိုက်ရာ ညနေ ၆နာရီထိုး နေပါပြီ။

ကျွန်တော်တို့အဖွဲ့ မိမိ၏နေရပ် မြို့တော်သို့ပြန်ရန် ဥက္ကဋ္ဌကြီးမှ ဆိုင်ကယ် ၅စီး စီစဉ်ထားပြီးဖြစ်၍ ဆိုင်ကယ်ကိုယ်စီဖြင့် ရွာမှ လူငယ်များက တင်ဆောင်ပြီး လိုက်ပို့၍ ပြန်ခဲ့ကြသည်။

မှောင်စပြုနေပြီဖြစ်၍ လမ်းကို ဂရုစိုက်မောင်းရန်ပြောကြားရင်း အလုပ်ကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီး သွားသကဲ့သို့ တာဝန်ကျသော အမိနိုင်ငံ၏ သားကောင်း ပီပီသသဖြင့် အားရကျေနပ်ခြင်းများ၊ အတွေ့အကြုံသစ်များ၊ အေးချမ်းခြင်း ပီတိများဖြင့် မိမိနေအိမ်သို့ရောက်ရှိပါပြီ။

မိသားစုအား အတွေ့အကြုံများ ဖောက်သည်ချပြီး ၁၀နာရီထိုးနေပြီဖြစ်၍ စိတ်ချလက်ချ အနားယူလိုက်ရာ အေးချမ်းစွာဖြင့် အိပ်ပျော်သွားပါတော့သည်။ ။

# မုဒုံမြို့က ရွေးကောက်ပွဲ အခြေအနေ

အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ မုဒုံ ဟု အစိမ်းရောင်ကြွေပြားပေါ်တွင် အဖြူရောင်စာလုံးတို့ ကပ်ထားသော ဆိုင်းဘုတ်ကို လှမ်းမြင် လိုက်ရသည်။ ယင်းနှင့် တပြိုင်နက်ပင် ကျောင်းရှေ့ကတ္တရာလမ်းဘေး မြေနေရာလွတ်ပေါ်တွင် အနံ ၅ ပေ၊ အလျား ၇ ပေခန့်ရှိ ဗင်နိုင်းဆိုင်းဘုတ်တစ်ခုကို မြင်လိုက်ရသည်။ အစိမ်းရောင် နောက်ခံတွင် အဖြူရောင် ခြသေ့်လေးကောင်ကို ယင်းဆိုင်းဘုတ်ပေါ်တွင် မြင်တွေ့နေရသည်။ အချိန်သည် နိုဝင်ဘာ ၇ ရက်နေ့ နေ့လည် ၁၁ နာရီခန့် ဖြစ်သည်။ မဲလာပေးသူတစ်ချို့ ယင်းဆိုင်းဘုတ်၏ မျက်နှာမူရာအရပ်မှ လာနေသည်။ အချို့အမှတ်မထင် မော့ကြည့်သည်။ အချို့မဲ့ရွဲ့သည်။ အချို့ပြုံးကြသည်။ ဆိုင်းဘုတ် ပေါ်ရှိ တတိယ ခြသေ့်ဘေးတွင် ဦးအုန်းမြင့်ဟူသော စာသားနှင့် အမှန်ခြစ်က တည်တည်ငြိမ်ငြိမ်ပင် ရပ်တန့် နေသည်။

ယင်းသို့ ဗင်နိုင်းပေါ်တွင် ဦးအုန်းမြင့်ဟုသာ ရေးထားသော်လည်း မနေ့က ရသော လက်ကမ်းကြော်ငြာတွင် နိုင်အုန်းမြင့် ဟုရေးထားသည်။ မွန်လူမျိုးများသည် လူငယ်များကို 'မင်း' ဆိုသည့် စာလုံး သုံးနှုန်းလေ့ရှိပြီး၊ လူကြီးများကို 'နိုင်' ဆိုသည့် စာလုံးသုံးနှုန်း ခေါ်ဝေါ်သည်။ သို့သော် ဦးအုန်းမြင့် ခေါ် နိုင်အုန်းမြင့်ကို မုဒုံသား စစ်စစ်များကမူ မွန်လူမျိုး မဟုတ်ပါဟု အတည်ပြုသည်။ မုဒုံသားတော့ မှန်ပေသည်။ သို့သော် မုဒုံသားတိုင်း မွန်လူမျိုးမဟုတ်ပေ။

မုဒုံမြို့နယ်တွင် မွန်လူမျိုး အများဆုံး နေထိုင်ပြီး ဗမာလူမျိုး၊ ကရင်လူမျိုး အနည်းစုတို့ နေထိုင်ကြသည်။

ဦးအုန်းမြင့် နာမည်ပါဝင်သော ယင်းဗင်နိုင်းဆိုင်းဘုတ် တည်နေရာနှင့် ကျောင်း၏ အကွာအဝေးက ၁၈ ပေ (သုံးကိုက်ကျော်) ခန့်သာ ရှိသည်။ ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက်ပွဲနေ့တွင် ကိုက် ၅၀၀ အတွင်း စည်းရုံးလှုံ့ဆော်ခွင့် မရှိဟု အတိအလင်း ဖော်ပြထားသော်လည်း ဤဆိုင်းဘုတ်ကို ဖြုတ်ရန် မေ့ကျန်ခဲ့ဟန်တူသည်။။ မုဒုံမြို့ရှိ မဲရုံအရေအတွက် ထက်ဝက်ခန့်တွင် အလားတူ မေ့ကျန်ခဲ့သည်။

မွန်ပြည်နယ် မုဒုံမြို့တွင် ပြည်သူ့လွှတ်တော်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမြသိန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးမောင်မောင်မြင့် နှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ ဦးအေးမောင် ခေါ် နိုင်အေးမောင်၊ အမျိုးသား

ဒီမိုကရေစီအင်အားစုပါတီမှ ဦးတင်ဆိုင်တို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် ၅ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးသန်းထွန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ မွန်ပြည်နယ် ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ ဦးနိုင်ထွန်းအုံတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ပြည်နယ်လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ရွေးချယ်မည် ဖြစ်သဖြင့် မဲဆန္ဒနယ် အမှတ် ၁ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအုန်းမြင့် (သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်အုန်းမြင့်)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးစိုးဝင်းနှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီမှ ဦးမောင်သိုက်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးကြည်ထွန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသောင်းငယ်နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ (ဦးထွန်းရီ) ဒေါက်တာ မင်းနွယ်စိုးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

မုဒုံမြို့နယ်တွင် မဲဆန္ဒနယ် အသီးသီးတွင် အဓိကယှဉ်ပြိုင်ခဲ့သည်မှာ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ ဖြစ်သည်။ ရွေးကောက်ပွဲကြိုကာလ သိသာသော ကန့်သတ်တားမြစ်ချက်တစ်ခုမှာ ရန်ကုန်၊ မန္တလေးနှင့် ကချင်ပြည်နယ်တို့ အပါအဝင် အခြားပြည်နယ်နှင့် တိုင်းအချို့တွင် မော်တော်ယာဉ်၊ အသံချဲ့စက်တို့ဖြင့် လှည့်လည် စည်းရုံးခွင့်ပြုခဲ့သော်လည်း မုဒုံမြို့နယ် တွင် ယင်းကို ပြည်နယ်ကော်မရှင်မှ ခွင့်ပြုခဲ့ခြင်း မရှိပေ။ မော်တော်ယာဉ်ဖြင့် လှည့်လည်ခွင့် မရှိခဲ့သော်လည်း ဆိုက်ကားဖြင့် လှည့်လည်စည်းရုံးခွင့် ရရှိခဲ့သည်။ မုဒုံတွင် ယှဉ်ပြိုင်သည့် တစည အပါအဝင် အတိုက်အခံပါတီများကို အသံချဲ့စက်ဖြင့် စည်းရုံးခွင့်မပြုဘဲ ခွင့်ပြုချက် အကြိမ်ကြိမ်လျှောက်ထားမှ တစ်ကြိမ်တစ်လေသာ ရရှိခဲ့သည်။ ကြံ့ဖွံ့ပါတီကမူ နေ့စဉ်ပင် "ဒီမြေဟာ ငါတို့မြေ မြန်မာပိုင် ဘိုးဘွားတို့မြေ ----- စီးပွားရေး ပိတ်ဆို့တာ တို့မမှုပါ" စသည့် စာသားတို့ ပါဝင်သည့် အကော်ဒီယံ အုန်းကျော် သီဆိုသောသီချင်း (ယခု ရွေးကောက်ပွဲတွင် စည်းရုံးရေးသီချင်းအဖြစ် အသုံးပြုသော သီချင်း) ကို အကြိမ်ကြိမ်၊ အဖန်ဖန်၊ အထပ်ထပ် ဖွင့်လှစ်နေခဲ့ကြောင်း မုဒုံမြို့ခံများနှင့် မုဒုံအခြေစိုက် အတိုက်အခံပါတီများမှ စုံစမ်း သိရှိရသည်။

မုဒုံမြို့နယ်တွင် မဲစာရင်းမှားခြင်းကြောင့် မဲပေးခွင့်လက်လွတ်ရသည့်

အဖြစ် မတွေ့ရှိခဲ့ရပါ။ သို့သော် အစိုးရမှ ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရှိသူစာရင်းနှင့် ပြည်နယ် ကော်မရှင်မှ ကြိုတင်ရရှိထားသော ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ ကွာခြားချက် ရှိနေသည်။ မွန်ပြည်နယ်ရှိ မြို့နယ်တိုင်းလိုလိုတွင် ကွာခြားချက်ရှိနေခြင်း ဖြစ်သည်။ မဲပေးခွင့်ရှိသူ ပမာဏမှာ ပြည်နယ်စာရင်းတွင် များနေပြီး အစိုးရမှ ထုတ်ပြန်သော စာရင်းတွင် နည်းနေသည်။ ကွာခြားချက်မှာ နှစ်သောင်းဝန်းကျင်ဖြစ်ပြီး ယင်းပမာဏမှာ ၁၅ ရာခိုင်နှုန်းဝန်းကျင် ရှိသည်။

ကော့ခပုံကျေးရွာ မူလတန်းကျောင်းရှေ့တွင် ရဲတပ်ဖွဲ့ဝတ်စုံဖြင့် လူသုံးဦး ရပ်နေသည်။ လက်ကိုင်တုတ်နှင့် လက်ထိပ်တို့ကို ခါးတွင် ချိတ်ထားသည်မှအပ မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိပေ။ သူတို့ဘေးတွင် ကြံ့ဖွံ့ပါတီဝင်များ၊ ကျေးရွာ ရယကများကို တွေ့ရသည်။ ကျောင်းဝင်းအတွင်းဝင်သွားသည်နှင့် ဦးစွာ တွေ့ရသည်မှာ ကျေးရွာရယကများဖြစ်ပြီး၊ ၎င်းတို့ဘေးတွင် အဖြူအစိမ်းဝတ် ကြံ့ဖွံ့ ပါတီဝင်များကိုပါ တွေ့ရသည်။ မဲရုံအဖြစ် ပြုလုပ်ထားသည့် စာသင်ခန်းရှေ့တွင် မီးသတ်ဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးကိုလည်း တွေ့ရသည်။

ယင်းသို့ မဲရုံလုံခြုံရေး တာဝန်ယူထားသူများတွင် ရဲ၊ မီးသတ်၊ ကြက်ခြေနီ၊ ရပ်ကွက် တာဝန်ရှိသူများ ပါဝင်သည်။ ရဲများမှအပ ၎င်းတို့ အားလုံး ကြံ့ဖွံ့ပါတီဝင်များ ဖြစ်ကြသည်။

မဲရုံပြုလုပ်ထားသော စာသင်ခန်း၏ အကျယ်မှာ ၁၅ ပေ၊ ပေ ၂၀ ဝန်းကျင်ခန့် ရှိသည်။ နံနက် ၁၀ နာရီ ဝန်းကျင် ဖြစ်သဖြင့် နံရံကို ကျောမှီထားသော မဲပေးခန်းများ တွင် မဲပေးနေသူ အချို့နှင့် ၎င်းတို့နောက်နားတွင် ကြံ့ဖွံ့ပါတီတံဆိပ်နှင့် ပါတီဝတ်စုံ ဆန်ဆန် စတစ်အင်္ကျီ အဖြူနှင့် ပုဆိုးအစိမ်းဝတ်ဆင်ထားသူအချို့ကို တွေ့မြင်ရသည်။ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်သည် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ကရင်ပြည်သူ့ပါတီနှင့် ကရင်လူမျိုးများဖြင့် စုဖွဲ့ထားသည့် ဖလုံဆဝေါ်ဒီမိုကရက် တစ်ပါတီ တို့အတွက် ရပ်တည်ချက် မညီမျှသည့် သတ်မှတ်ချက် တစ်ရပ်အဖြစ် ၎င်းတို့ပါတီဝင်များ မဲရုံသို့ လာရောက်မဲပေးပါက တိုင်းရင်းသားဝတ်စုံမဝတ်ရန် ကန့်သတ်ခဲ့သည်။ ပါတီဝင်မွန်လူမျိုးများ အနေဖြင့် ၎င်းတို့ တစ်သက်လုံး ဝတ်ဆင် လာသော မွန်ပုဆိုးကို ယင်းနေ့တွင် ဝတ်ဆင်ခွင့်မရသဖြင့် အကြီးအကျယ် ဒေါသ ထွက်နေသည်ကို တွေ့ရသည်။ ယင်းသို့ တိုင်းရင်းသားပါတီများကို တိုင်းရင်းသား ဝတ်စုံ ဝတ်ဆင်ရန် ကန့်သတ်ခဲ့သော်လည်း ကြံ့ဖွံ့ပါတီဝင်များကမူ ၎င်းတို့၏ ပါတီ

ဝတ်စုံနှင့် ပါတီတံဆိပ်များ ဝတ်ဆင်၍ မဲရုံများတွင် ဥဒဟို ဝင်ထွက်သွားလာနေသည်ကို တွေ့ရသည်။

"မဲပေးရတာ ကျောမလုံဘူး" ဟု မဲပေးသူတစ်ဦးက ဆိုသည်။

မဲရုံတိုင်းတွင် မဲပေးခန်းများ ထားရှိသည့်စနစ်မှာ မဲပေးသူများအတွက် သိသာသော ခြိမ်းခြောက် ဟန့်တားမှုတစ်ခု ဖြစ်နေသည်။ လျှို့ဝှက်မဲပေးစနစ်ဟု ဆိုသည့်တိုင် မိမိ ဘယ်ပါတီကို မဲပေးသည်ကို အလိုရှိသူက အချိန်မရွေး စောင့်ကြည့် နိုင်သည့်ပုံစံ ဖြစ်နေသည်။

မဲပေးခန်းများ ပြတင်းပေါက်များနှင့် နီးကပ်စွာ တည်ရှိခြင်း၊ မဲပေးခန်းများတွင် မဲပေးနေမှုကို ကိုယ်စားလှယ် သို့မဟုတ် မဲရုံဝန်ထမ်းများက အလွယ်တကူ ကြည့် နိုင်ခြင်း၊ မဲပေးခန်းများကို သီးသန့်ခန်းပုံစံ လုပ်ထားခြင်း မရှိသည့်အပြင် မဲပေးသူသည် မဲရုံဝန်ထမ်းများကို မျက်နှာမူထားခြင်း မဟုတ်ဘဲ ကျောပေးထားရခြင်း၊ မဲပေးခြင်းကို မမြင်စေရန် ပြုလုပ်ထားသည့် အကာအရံများသည် နံရံဘက်တွင်သာရှိခြင်း၊ စာသင်ခန်းများကို မဲရုံသတ်မှတ်ထားခြင်း ဖြစ်ရာ မဲရုံများ ကျဉ်းမြောင်းသဖြင့် မဲရုံ ဝန်ထမ်းများ အနေဖြင့် ထိုင်ရာမထပင် မဲပေးမှုကို အတိုင်းသား မြင်တွေ့နေရခြင်း၊ မဲရုံကျယ်လွန်းသော မုဒုံ အထက ၁ ကဲ့သို့ ကျောင်းမျိုးတွင်မူ စနစ်တကျ မရှိဘဲ အလှူအိမ်ကဲ့သို့ မဲပေးသူရော၊ မပေးသူပါ ပျားပန်းခတ်၊ ယောက်ယက်ခတ်နိုင်လွန်းပြီး၊ မဲပေးခန်း တစ်ခုတွင် လူသုံးယောက်ခန့်က ပြုံခဲစောင့်ဆိုင်းနေရခြင်းတို့က မဲပေးသူ တစ်ဦးချင်းစီ၏ လွတ်လပ်စွာ မဲပေးပိုင်ခွင့်ကို အလိုအလျောက် ချိုးဖောက်သကဲ့သို့ ဖြစ်ဖ်နေသည်။

"ဒီနေ့ တစ်ခြားပါတီတွေကို မဲထည့်တဲ့သူတွေကို သူရဲကောင်းလို့ ပြောလို့ ရတယ်။ မဲရုံက ရိုးရိုးကြည့်ရင် မထူးဘူး။ တကယ်တမ်းကျ ခြိမ်းခြောက်ထားတာ၊ မဲရုံမဟုတ်ဘူး။ ကြံ့ဖွံ့ရုံးဖြစ်နေတယ်" ဟု မုဒုံမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် တွင် ဝင်ရောက် ယှဉ်ပြိုင်သည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးတင်ဆိုင်က ပြောသည်။

မုဒုံမြို့နယ် အထက ၁ တွင် မဲရုံဝန်ထမ်း ၈၀ ခန့်ရှိပြီး၊ ကော့ခပုံတွင် မဲရုံဝန်ထမ်း ၆၂ ဦးခန့်ရှိသည်။ မဲရုံတိုင်းတွင် လုံခြုံရေး ချထားသူများ အပါအဝင် မဲရုံဝန်ထမ်းဦးရေ ၆၀ အထက်ရှိနေပြီး၊ အချို့မဲရုံများတွင် တစ်ရာအထက်ပင် ရှိနေ သည်။ ယင်းသို့ မဲရုံဝန်ထမ်း အများအပြားထားရှိခြင်း၏ သိသာသော ရည်ရွယ်ချက်

တစ်ရပ်မှာ အဆိုပါ မဲရုံဝန်ထမ်းများကို ကြိုတင်မဲအနေဖြင့် ကောက်ခံထားပြီး လိုအပ် သလို ထည့်သွင်းအသုံးပြုနိုင်ရန် ဖြစ်သည်ဟု နိုင်ငံရေးပါတီများက သုံးသပ်သည်။

မဲရုံဝန်ထမ်းရွေးချယ်မှုပုံစံအရ မဲရုံမှူးများအပါအဝင် မဲစာရင်းစစ်သူ၊ ထုတ်ပေးသူများမှာ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ ဖြစ်သည်။ ပညာရေး ဝန်ထမ်းများသည် ဝန်ကြီးဌာနဖွဲ့စည်းပုံနှင့် ညွှန်ကြားချက်အရ ကြံ့ဖွံ့အသင်းတွင် မဖြစ်မနေ ပါဝင်ထားရသူများ ဖြစ်သည်။ ပါတီအင်အားပြစာရင်းများအရလည်း ၎င်းတို့ ပါဝင်သည်ကို တွက်ချက်သိရှိနိုင်သည်ဟု ၎င်းတို့က ဆိုသည်။

မဲရုံအကူဝန်ထမ်းများမှာ ကြံ့ဖွံ့ပါတီဝင်များဟု အမည်မခံထားသည့်တိုင် ယခင် ကြံ့ဖွံ့အသင်း၏ လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လေ့ရှိသူများ ကိုသာ ရွေးချယ်ထားခြင်း ဖြစ်သည်။

ခြိမ်းခြောက်သည့်ပုံစံမျိုးကို အသုံးပြုမှုမရှိဘဲ တိုက်တွန်းအားပေးသည့် ပုံစံမျိုး၊ ကူညီဆောင်ရွက်(ခြင်္သေ့ရုပ်တွင် အမှန်ခြစ်ရန် အတွက်သာ) ပေးသည့် ပုံစံမျိုးကိုသာ ပြုလုပ်ကြသည်။ မဲရုံဝန်ထမ်းများအားလုံးလိုလို ခြင်္သေ့ကို မဲထည့်ရန် တိုက်တွန်း အားပေးမှု ပြုလုပ်ကြသည်ကို မျက်မြင်သက်သေများ၊ ကိုယ်တွေ့ကြုံရသူများ အမြောက်အမြား ရှိနေသည်။

ကမာဝက်ကျေးရွာရှိ၊ ကမာဝက် အထက်တန်းကျောင်း၏ မဲရုံအခြေအနေမှာ မဲရုံအမည်ပြောင်းလဲသွားသည် မှအပ ကော့ခပုံ ကျေးရွာနှင့် ထပ်တူပင်ဖြစ်သည်။ ကြံ့ဖွံ့ပါတီဝင်များ၊ ကိုယ်စားလှယ်များသည် မဲရုံကြိုဆိုရေး တာဝန်ခံများ နေရာကို စေတနာ့ဝန်ထမ်း ထမ်းဆောင်နေကြသည်။

ကြံ့ဖွံ့ပါတီကိုယ်စားလှယ်များသည် မဲရုံအတွင်း သတ်မှတ်နေရာတွင် မရှိဘဲ မဲပေးခန်းများအနီး သွားရောက်၍ မဲပေးမှုကို စွက်ဖက် ဖိအားပေးခြင်းများကိုလည်း အထက ၁ မုဒုံ၊ ကော့ခပုံမူလတန်းကျောင်း၊ ကမာဝက် အထက်တန်းကျောင်းတို့တွင် သာမက မဲရုံတိုင်းလိုလိုတွင် တွေ့ရသည်။

ရယက ဥက္ကဌ၊ ရပ်ကွက် ကော်မရှင်နှင့် ကြံ့ဖွံ့ရပ်ကွက် စည်းရုံးရေးမှူးတို့မှာ တစ်ယောက်တည်း ဖြစ်နေသည်ကိုလည်း တွေ့ခဲ့ရသည်။ ၎င်းတို့သည် ကော်မရှင် တာဝန်အရဟုဆိုကာ မဲရုံသို့လာရောက်ပြီး ခြင်္သေ့ကို အမှန်ခြစ်ရန် လှုံ့ဆော်မှု၊ တိုက်တွန်းမှု၊ ခြိမ်းခြောက်မှုများ ရှိနေခဲ့သည်။

ထို့ပြင် ကြံ့ဖွံ့များသည် ကြိုတင်မဲထည့်ရန် အိမ်တိုင်ရာရောက် လိုက်လံခေါ်ယူ

ကြရာ၌ "မဲမထည့်က မိမိတာဝန်" ဟုဆိုကာ မဲဆန္ဒရှင် များကို ခေါ်ယူစုဆောင်း နေကြသည်ကို တွေ့ရှိရသည်။ ယင်းအသုံးအနှုန်းကို ခေါ်ယူခံရသည့် ပြည်သူများက သဘောပေါက်ကြသည်မှာ မဲမထည့်က အဖမ်းခံရနိုင်သည်ဟုသာဖြစ်ပြီး ယင်းအဓိပ္ပာယ်မျိုးပေါက်ရောက်စေရန်လည်း ကြံ့ဖွံ့များက သွယ်ဝိုက် အာဏာပြ ပြောဆိုခဲ့ကြသည်။

နေ့ခင်းပိုင်းကတည်းကပင် မဲပေးသူများ မရှိတော့ပြီဖြစ်သည့် အတွက် မုဒုံ အထက ၁ ကျောင်းဝင်းအတွင်း မနက်ပိုင်း မြင်ကွင်းနှင့် ကွာခြားစွာပင် လူသူရှင်းနေသည်။

"သော့ခတ်လိုက်၊ သော့ခတ်လိုက်တော့" ဟု လှမ်းအော်သံကို ကြားလိုက်သံနှင့်အတူ ရယက တစ်ဦးက စေ့ထားသော သံပန်းတံခါး ဂျက်ကို လှမ်းပိတ်ပြီး သော့ခတ်လိုက်သည့် မြင်ကွင်းကို မြင်တွေ့ရသည်။ မဲရေတွက်မည့် နေရာတွင် မဲရုံဝန်ထမ်းများ၊ မွန်ပါတီ၊ တစည ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ကိုယ်စားလှယ် နှစ်ဦးစီကို တွေ့ရသည်။ ကြံ့ဖွံ့ပါတီဝင်ဟု ယူဆရသူများမှာ မည်မျှရှိမည်ပင် ရေတွက်ရန် ခက်ခဲလှသည်။

မဲရေတွက်မှုကို မဲဆန္ဒရှင်များ ရှေ့မှောက်တွင် ရေတွက်မည်၊ မဲဆန္ဒရှင်များ လွတ်လပ်စွာ လေ့လာ ကြည့်ရှုခွင့်ရှိသည် ဆိုသော်လည်း တကယ်တမ်းတွင် ကြည့်ရှုခွင့်မရချေ။ မဲရုံပိတ်ချိန်တွင် မဲရုံပရဝုဏ်ကို အပြီးပိတ်လိုက်သည်။ လုံခြုံရေးကို ပိုမိုချထားခဲ့သည်။ ကြည့်ရှုခွင့် တောင်းသူများကို ဖြေရှင်းချက်တောင်းသည်။

မဲရေချိန်တွင် ကြည့်ရှုခွင့်ရသူများမှာ ပါတီကိုယ်စားလှယ်များ၊ ရယကများ၊ စအဖ၊ မဲရုံဝန်ထမ်းများ၊ ကော်မရှင်များသာ ဖြစ်သည်။

မဲရေတွက်စဉ်အချိန်တွင် ပယ်မဲသတ်မှတ်ချက်ကို မဲရုံမှူး တစ်ဦးတည်းဆန္ဒဖြင့် ဆုံးဖြတ်သည်မှအပ ကျန်မဲခိုးမှု တစ်စုံတစ်ရာ မပြုခဲ့ဟု ယူဆရသည်။

ပယ်မဲသတ်မှတ်ချက်များနှင့် ပတ်သက်၍ သတ်မှတ်ချက်ရှိသော်လည်း ပါတီများ သိထားသော သတ်မှတ်ချက်နှင့် မဲရုံမှူးများ သိထားသော၊ မဲစစ်ဆေးသောသူများ သိထားသော ကွာခြားချက်များ ရှိနေသည်ကို တွေ့ရသည်။ မဲရုံတစ်ခုနှင့် တစ်ခုပင် ပယ်မဲ ဆုံးဖြတ်ချက် ကွာခြားနေသည်။ ယင်းအချက်ကပင် မဲရုံမှူးများ၏ ဘက်လိုက်မှု သမာသမတ်မကျမှုကို တွေ့မြင်နေရသည်။

ပယ်မဲများတွင် တမင်တကာပင် ပြုလုပ်သွားသော ပယ်မဲ၊ သတ်မှတ်ချက်နှင့် အကျုံးမဝင်သဖြင့် ပယ်မဲဖြစ်သွားသည့် မဲဟု အကြမ်းဖျင်း နှစ်ပိုင်းခွဲနိုင်သည်။

သတ်မှတ်ချက်နှင့် အကျုံးမဝင်သော ပယ်မဲများတွင် အမှန်ခြစ်ကို ပီပီသသမခြစ်ခြင်းများ အဓိက ဖြစ်သည်။ ပုံစံလေးမျိုးကို အများဆုံး တွေ့ရသည်။ အမှန်ခြစ်ပြီးကာမှ မထင်ရှားသဖြင့် ထပ်ခြစ်ချိန်တွင် နှစ်ထပ်သဖွယ်ဖြစ်သွားခြင်း၊ အလားတူ ပိုမိုထင်ရှားရန် ထပ်ခြစ်လိုက်ချိန်တွင် အစွန်းများ ကြက်ခြေခတ်သဏ္ဌာန် ဖြစ်သွားခြင်း၊ အမှန်ခြစ်ခေါင်း မပါသဖြင့် မျဉ်းကြောင်းသက်သက်ဖြစ်နေခြင်း၊ အမှန်ခြစ်ပြောင်းပြန်၊ ဇောက်ထိုးဖြစ်နေခြင်းတို့ဖြစ်သည်။ သို့ရာတွင် ပါတီပေါ် မူတည်၍ ဘက်လိုက်ခြင်းကို တွေ့ရှိရသည်။ ပယ်မဲများ၏ တစ်ရာခိုင်နှုန်းခန့်သာ ကြံ့ဖွံ့ပါတီ ရရှိသည်ဟု လေ့လာစောင့်ကြည့်သူတို့က သုံးသပ်သည်။

ရပ်ကွက်အတွင်း ကြိုတင်မဲများ အလုံးအရင်းလိုက်လံကောက်ခံမှုကို ပါတီအသီးသီးက ကန့်ကွက်ခဲ့သဖြင့် ကြိုတင်မဲကောက်ခံမှုကို အထိုက်အလျောက် တားမြစ်မှုများ ပြုလုပ်ခဲ့သည်။ သို့သော် တားမြစ်ရုံသာရှိခဲ့ပြီး ဥပဒေ၊ သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခဲ့ခြင်း မရှိသည့် ကြိုတင်မဲများကို ပယ်ဖျက်ခြင်း မပြုခဲ့ပေ။ ထို့ကြောင့် မဲရုံအသီးသီးတွင် ကြံ့ဖွံ့က အသာရခဲ့သည်။

ကြိုတင်မဲများနှင့် ပတ်သက်သည့် ထူးခြားချက်မှာ ကြံ့ဖွံ့က နာတစ်ဖျားသာရုံ အနေအထားဖြင့်သာ မဲရုံအသီးသီးတွင် ဝင်လာခြင်းဖြစ်ပြီး ကော်မရှင်မှ ရလဒ် ထုတ်ပြန်ချိန်တွင်မူ နှစ်ဆ ကွာခြားနေခြင်း ဖြစ်သည်။

ဥပမာ မွန်ပါတီနှင့် ကြံ့ဖွံ့သည် မဲရုံများ၏ ရလဒ် (မဲရုံသို့ရောက်သည့် ကြိုတင်မဲများ အပါအဝင်) အရ ရာဂဏန်းသာ ကွာခြားသော်လည်း ပြည်နယ် ကော်မရှင်၊ ပြည်ထောင်စုကော်မရှင်တို့၏ ထုတ်ပြန်ချက်အရမူ နှစ်ဆ (သောင်းဂဏန်း) ကွာခြားနေသည်။

ပြည်နယ် အမှတ် ၁ တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ဗိုလ်ချုပ်အုန်းမြင့်သည် ပြည်နယ် ၂ တွင် ဝင်ရောက် ယှဉ်ပြိုင်သည့် မွန်ပါတီမှ ဒေါက်တာမင်းနွယ်စိုးကို မဲပေးရန် အတွက် ၎င်းတို့၏ အမာခံ ကြံ့ဖွံ့ပါတီဝင်များကို ငွေ ၅၀၀၀ ကျပ်နှင့် အင်္ကျီ၊ ပုဆိုးတစ်စုံစီပေး၍ မဲဝယ်ပေးခဲ့သည်။ ပြည်နယ် ၂ တွင် ဒေါက်တာမင်းနွယ်စိုး အနိုင်ရရှိခြင်းနှင့် ပတ်သက်၍ မွန်ပါတီကိုယ်တိုင်က ကြံ့ဖွံ့ပါတီ၏ လျော့ကွက်တစ်ခု ဖြစ်ကြောင်း ရိပ်မိခဲ့သည်။

ဒေါက်တာမင်းနွယ်စိုး၏ ပြည်နယ် ၂ မှအပ ကျန်လွှတ်တော်နေရာ သုံးခုလုံးကို ကြံ့ဖွံ့ပါတီက ရယူခဲ့သည်။ ။

# ရွေးကောက်ပွဲမျှတသော်လည်း အောင်ပွဲမခံနိုင်ခဲ့သည့် မြေလတ်က မြင်းခြံမြို့

မြင်းခြံမြို့သည် မန္တလေးတိုင်းဒေသကြီးတွင်ပါဝင်၍ နိုင်ငံရေးအရ ကွန်မြူနစ်များ ကြီးစိုးခဲ့ရာဒေသဖြစ်ပြီး သခင်စိုး၊ သခင်သန်းထွန်းတို့၏ အမာခံဒေသဖြစ်သည်။ နိုင်ငံရေးနှင့်ပတ်သက်လျှင် အစဉ်အလာရှိခဲ့သော မြို့တစ်မြို့လည်းဖြစ်သည်။ နိုင်ငံရေးသမား အတော်များများလည်း ပေါ်ထွက်ခဲ့ဖူးသည်။

သို့ရာတွင် နိုဝင်ဘာရွေးကောက်ပွဲသည် မြင်းခြံမြို့မှ ဟုတ်ပါရဲ့လားဟု မေးရမလိုပင်၊ မည်သူမှ ရွေးကောက်ပွဲကို စိတ်မဝင်စားကြပေ။ သက်ကြီးပိုင်းအချို့နှင့် ယခင် NLD ပါတီလူငယ်ဟောင်းများသာ ရွေးကောက်ပွဲ သတင်းများကို စောင့်ဖတ်ခြင်း၊ ပါတီများကို လေ့လာခြင်းရှိသည်။ သို့ရာတွင် ထိုလူစုမှာလည်း မြို့နှင့်ယှဉ်လျှင် လွန်စွာနည်းပါးသော ပမာဏသာဖြစ်သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များပါတီ၊ တ.စ.ညနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် စသည်ဖြင့် ပါတီလေးငါးခု ယှဉ်ပြိုင်ကြသည်။

ထိုအထဲတွင် ပြည်ခိုင်ဖြိုးနှင့် ၈၈မျိုးဆက်တို့က စည်းရုံးရေးအင်အား အကောင်းဆုံးဖြစ်ပြီး နိုင်ငံရေးတွင် အစဉ်အလာ ကြီးမားခဲ့သည့် တ.စ.ည သည် လက်ကမ်းကြော်ငြာပင် အနည်းအကျဉ်းသာဝေခဲ့သည်ဟု သိရသည်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည်လည်း တစ်ရက်တည်းသာ လာရောက်မဲဆွယ် စည်းရုံးမှု ပြုလုပ်ခဲ့သည်ဟု သိရသည်။

"ဦးလေးတို့ကတော့ ဦးသုဝေရဲ့ဒီမိုကရက်တစ်ပါတီကို ကြိုက်တယ်။ ကဒေါင်းအလံနဲ့လေ၊ သူတို့မှာက အစဉ်အလာရှိတဲ့ နိုင်ငံရေးသမားတွေပါတယ်။ ကဒေါင်းကိုပဲကြိုက်တယ်။" ပင်စင်စားဘဏ်ဝန်ထမ်းတစ်ဦးက ဆိုသည်။

"အင်း၊ ခမောက်က ကိုထက်နိုင်ဆိုတဲ့ လူငယ်လေးလဲ ကြိုက်ပါတယ်။ ဒါပေမယ့်မျှပေးရမှာပဲ။ အားလုံးက ကိုယ့်မိတ်ဆွေတွေပဲဆိုတော့ မဲသုံးမဲကို တစ်မဲစီပေးလိုက်မယ်" မြင်းခြံမြို့မှ ရပ်မိရပ်ဖ တစ်ဦး၏ ပြောစကားဖြစ်သည်။

"ငါတို့လည်း ကြည့်နေတာပဲကွ၊ ဘယ်သူ့ကိုပေးရမယ်မသိဘူး။ တ.စ.ည ကတော့ လက်ကမ်းကြော်ငြာကို မတွေ့သေးတာ။ အမျိုးသားဒီမိုကရေစီအင်အားစု

ကလဲ တစ်ရက်သားပဲ ကြော်ငြာလေးလာဝေပြီး ပြန်သွားတာ။ ကြည့်ရတာ ပါတီတွေကိုက ကြောက်ပုံရတယ်ကွ။ ငါတို့က သူတို့လာစည်းရုံးတာ၊ ဘာတွေပြောမလဲ သိချင်တာ။ ဘာမှလဲ ဟုတ်တိပတ်တိ စည်းရုံးရေးမလုပ်ကြဘူး။" ဟု NLD လူငယ်ဟောင်းတစ်ဦးက ဆိုသည်။

အခြား NLD လူငယ်ဟောင်းတစ်ဦးကလဲ "ငါတို့ကတော့ကွာ၊ ကိုယ့်ခမောက်ကိုယ် ပေးချင်တာပေါ့။ စည်းရုံးရေးလာမလုပ်လဲပေးရမှာပဲ။ ငါတို့ပေးရမှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ပဲ ၂ နေရာပဲပေးရမှာ၊ ကျန်တာတော့ ပေးမနေဘူး။ အစတည်းက ခမောက်ပဲ။ ထောင်ထဲလဲဝင်ခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် ခမောက်ပဲ" ဟု ဝင်ပြောသည်။

"ခေတ်အဆက်ဆက်ကိုလဲ ဖြတ်သန်းခဲ့ပြီးသားပါ။ ကျွန်တော်က ပင်လုံဇာတိ၊ မြင်းခြံမှာနေတာ၊ မုန့်ဟင်းခါးဆိုင် ဖွင့်ထားတယ်။ ဆိုင်နာမည်ကိုတောင် ပင်လုံလို့ ပေးထားတာ၊ ဇာတိမို့ပေးတာမဟုတ်ဘူး။ တကယ့်ကို တိုင်းရင်းသား စည်းလုံးညီညွတ်ခဲ့တဲ့ နေရာမို့လို့ ပေးထားတာ။ အခုလဲ တကယ့်ကို တိုင်းပြည်ကိုအကျိုးပြုမယ်လို့ ယုံကြည်ရတဲ့ ပါတီကို ပေးမှာပါ" ဟု နိုင်ငံရေးကို စိတ်ဝင်တစား လေ့လာခဲ့သူတစ်ဦးက ဆိုသည်။

ထိုလူနည်းစုနှင့် ဆန့်ကျင်စွာပင် အခြားသူတို့မှာ ရွေးကောက်ပွဲကိုလည်း မသိကြ၊ ဆန္ဒမဲပေးနည်းကိုလည်း မသိကြ၊ နိုဝင်ဘာ ၇ ရက်နေ့သည်ပင် ဘာမှန်းမသိ၊ မဲပေးမည်လားမေးတော့။

"မဲတော့သွားပေးမယ်။ ဘယ်သူ့ကိုပေးရမယ်ဆိုတာတော့ မသိဘူး။ မပေးရင် ဖမ်းမလားမသိဘူး။ ပြဿနာတော့ မတက်ချင်ဘူး ပေးတော့ပေးမယ်" အမျိုးသမီးကြီးတစ်ဦးက ဆိုသည်။

"ကြိုက်ရင်အမှန်ခြစ်၊ မကြိုက်ရင် အမှားခြစ်ပဲမဟုတ်လား။ အဲလိုပေးရမှာမဟုတ်လား။"

"ဟာဘယ်ကသာ အဒေါ်ကလဲ မဲက သုံးမဲပေးရမှာဗျ။ အမျိုးသားလွှတ်တော်ရယ်၊ ပြည်သူ့လွှတ်တော်ရယ်၊ တိုင်းဒေသကြီးလွှတ်တော်ရယ်၊ ကိုယ်ကြိုက်တဲ့သူရဲ့ဘေးကွက်ထဲမှာ အမှန်ခြစ်တစ်ခုပဲ ခြစ်ရမှာဗျ။ တစ်ခုထက်ပိုရင် အပယ်ခံရလိမ့်မယ်။"

"ဟုတ်လား၊ ဟဲ့လာကြစမ်း၊ ကောင်မလေးတွေမဲက သုံးမဲပေးရမှာတဲ့၊ နင်ပြန်ရှင်းပြလိုက်" ပုံနှိပ်တိုက် တစ်တိုက်မှ ဆိုင်ရှင်ဖြစ်သူ အငြိမ်းစားကျောင်းဆရာမ

တစ်ဦးနှင့် တူဖြစ်သူတို့ အချီအချ ပြောဆိုနေကြခြင်း ဖြစ်သည်။

ထိုသို့ပင် မဲပေးနည်းကို မသိရှိကြသူမှာ အများစုဖြစ်သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီအတွက် စည်းရုံးရေးဆင်းရန် လာသူ လူငယ် တစ်ဦးက သူ့အတွေ့အကြုံကို ပြောပြရာတွင်-

၎င်း၏ဆွေမျိုး အများစုရှိရာ မြင်းခြံသို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ မှ ပြည်သူ့လွှတ်တော်တွင် ဝင်ရောက် ယှဉ်ပြိုင်မည့် ကိုထက်နိုင်အတွက် စည်းရုံးရေး ဆင်းရန် လာခဲ့ကြောင်း၊ အမျိုးများနှင့် ရင်းနှီးသော မိတ်ဆွေများ အားလုံးက နိုင်ငံရေး ကို စိတ်မဝင်စားကြသည့်အပြင်၊ နိုင်ငံရေးလုပ်သည့်အတွက် တားကြကြောင်း၊ လူကြီးများကလည်း အပြစ်တင်ကြောင်း၊ အချိန်တန်လျှင် လက်ရှိအစိုးရသာ အနိုင်ရ သွားမည်ဖြစ်ကြောင်း၊ အခန့်မသင့်လျှင် အဖမ်းခံရနိုင်၍ နိုင်ငံရေးမလုပ်ပါနှင့်ဟုသာ အများဆုံးကြားခဲ့ရသည်ဟု ဆိုသည်။

"ဒါဆိုရင် ရွေးကောက်ပွဲပြီးသွားရင် အားလုံးကောင်းသွားမယ်၊ ဒီမိုကရေစီရရင် ငါတို့ကရော ကောင်းကောင်း နေရမှာလား၊ နိုင်ငံကကောင်းသွားမှာလား။" ထိုလူငယ်၏ အစ်မဝမ်းကွဲတစ်ယောက်က ဝင်မေးလိုက်သည်။

"အဲဒါခင်ဗျားတို့နဲ့ပဲဆိုင်တယ်။ ခင်ဗျားတို့အတွက် ကောင်းတာလုပ်ပေးမယ့် ပါတီကို ခင်ဗျားတို့ပဲ ရွေးချယ်ရမှာ" ဟု ထိုလူငယ်က ပြန်ဖြေလိုက်သည်။

"အစကတော့မသိဘူး။ အခုနီးလာတော့ ပြောကြဆိုကြနဲ့ မဲပေးသင့်တယ် ဆိုတာတော့ သိပါပြီ။ မဲတော့ သွားပေးမယ်" ဟု ဒေသခံအမျိုးသမီး တစ်ဦးက ဆိုသည်။

"ကျွန်မတို့ မှတ်ပုံတင် အခုထိလုပ်လို့ မလုပ်ဘူး။ ကျွန်မတို့လည်း တိုင်းရင်းသားပဲ၊ အစိုးရဝန်ထမ်းပဲ။ အခုထိ ကျွန်မတို့ထဲက လူငယ်တွေ မှတ်ပုံတင် လုပ်ရင် အရမ်းခက်ခဲတယ်၊ နောက်တက်လာမယ့် အစိုးရကလဲ ဒါတွေကို ဖြေရှင်းပေး နိုင်လိမ့်မယ်လို့ မယုံဘူး၊ ကျွန်မလဲ မဲရုံဝန်ထမ်းထဲမှာ ပါတယ်။ ဘာညွှန်ကြားချက်မှ တော့ မရှိဘူး။ ပေးလဲမထားဘူး။ ဒါပေမယ့် ကျွန်မထင်တယ် ဒုံရင်းက ဒုံရင်းပဲလေ" ကျောင်းဆရာမ တစ်ဦးက ဆိုသည်။

"ဟိုနေ့ကတော့ ကြံ့ခိုင်ရေးကကောင်တွေ လာတယ်။ စည်းရုံးရေးဆင်းတာ။ အမှန်ခြစ်တတ်အောင် ဒီနားလေးမှာ ခြစ်ပါလားလို့ ဘောလ်ပင်နဲ့ စာရွက်နဲ့ ထုတ်ပေး တယ်။ ရတယ် မလိုဘူး။ ကျုပ်နားလည်တယ်။ ခင်ဗျားတို့ အိမ်ထဲမဝင်နဲ့လို့ အော်လွှတ် လိုက်တယ်" ဟု NLD လူငယ်ဟောင်းက ဆိုသည်။

"အမျိုးသားလွှတ်တော်မှာ ပြိုင်မယ့် ဦးအောင်ငွေက သာစည်သား၊ ဒါပေမယ့် သူလဲ အခုထိ စည်းရုံးရေး ဆင်းတာ မမြင်ရသေးဘူး" ဟု ၎င်းက ဆက်လက် ပြောကြား သည်။

"ကျွန်တော်တို့က ရခိုင်မွတ်စလင်မ်တွေ။ ဘူးသီးတောင်က ကျွန်တော်တို့ အမျိုးတွေ ဒီကိုလာလို့မရဘူး။ မတွေ့တာ အနှစ် ၂၀ ကျော်နေပြီ။ သူတို့နဲ့လဲ တွေ့ချင် တယ်။ အဲဒါနဲ့ ကြံ့ခိုင်ရေးပါတီရဲ့ မဲရုံကိုယ်စားလှယ်လောင်း လုပ်ဖို့ လျှောက်လိုက် တယ်။ ရခိုင်ကို ခရီးသွားဖို့ သွားရင်လဲ ကြံ့ခိုင်ရေးအတွက် စည်းရုံးရေးဆင်းခဲ့ပါ့မယ်လို့ ပြောပြလိုက်တာ ခရီးသွားခွင့်ရတယ်။ အမျိုးတွေနဲ့လဲ တွေ့ရတယ်။ ပြန်လာတော့ ပုဆိုး တစ်ထည်လက်ဆောင် ပေးတယ်။ အားလုံးက သဘောလဲကောင်းကြပါတယ်။ ကျွန်တော် ကြံ့ခိုင်ရေးပါတီရဲ့ မဲရုံကိုယ်စားလှယ်လုပ်မယ်။ အိမ်ကလူတွေလဲ ကြံ့ခိုင်ရေး ကိုပဲ မဲပေးကြမှာပါ။ အပြန်အလှန် အကျိုးပြုရတာပါပဲ။" ရခိုင်မွတ်စလင် အဘိုးအို တစ်ဦးက ရှည်လျားစွာ ရှင်းပြသည်။

သူ၏လုပ်ရပ်ကိုလဲ ဂုဏ်ယူနေပုံရသည်။ မြင်းခြံမြို့နယ်တွင် ပတ်ချာလည်၌ ရွာများဝန်းရံလျက်ရှိပြီး၊ အများစုမှာ ပြည်ခိုင်ဖြိုးရွာများ ဖြစ်ကြသည်။ မြင်းခြံလမ်း တလျှောက် ရွာများတွင် ပြည်ခိုင်ဖြိုးရွာဟူသော ကျောက်တိုင်များနှင့် ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်များ၏ ကြော်ငြာဆိုင်းဘုတ်ကြီးများ စိုက်ထူထားသည်ကို တွေ့ရသည်။ ဆိုင်းဘုတ်ကြီးများမှာ မြင်းခြံမြို့မှ နွားထိုးကြီးမြို့နယ်၊ မြစ်သားမြို့နယ်များအထိဖြစ်ပြီး အခြားပါတီများ၏ ကြော်ငြာဆိုင်းဘုတ်များကို လုံးဝမတွေ့ခဲ့ရပေ။

ထိုကျေးရွာများမှ ဒေသခံများ၏ ပြောကြားချက်အရ ရွာများသို့ စည်းရုံးရေး လာရောက် ဆင်းသည်မှာလည်း ပြည်ခိုင်ဖြိုးပါတီသာရှိပြီး၊ ထိုပါတီမှပင် ရေတွင်းများ တူးပေးခြင်း၊ လမ်းများဖောက်လုပ်ပေးခြင်းများ ပြုလုပ်ပေးကြောင်း၊ ပြည်ခိုင်ဖြိုးကိုသာ မဲပေးမည်ဖြစ်ကြောင်း ပြောကြားကြသည်။ အများစုမှာ ရွေးကောက်ပွဲဆိုသည်ကို နားမလည်ကြဘဲ ၎င်းတို့ကို အကူအညီပေးနေသည့် ပြည်ခိုင်ဖြိုးကို ကျေနပ်စွာ မဲပေးကြမည့် သဘောပင် ဖြစ်သည်။

မြင်းခြံမြို့မှ မိုင်အနည်းငယ်သာ ကွာဝေးသော တောင်သာမြို့နယ်တွင် လက်ရှိစက်မှုဝန်ကြီး ဦးအောင်သောင်းသည် ပြည်ခိုင်ဖြိုးပါတီကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ဝန်ကြီးဖြစ်သော်လည်း ဒေသခံများနှင့် ကျွမ်းဝင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးများကို ရွေးကောက်ပွဲ မတိုင်ခင် ဝန်ကြီးဘဝကပင်

လုပ်ဆောင်ခဲ့ခြင်းကြောင့် ၎င်းကို ထောက်ခံမည့်သူ များပြားသည်ကို တွေ့ရသည်။

အများစုမှာ တောသူတောင်သားများဖြစ်ပြီး၊ အချို့မှာ စာပေမတတ်မြောက်ကြပေ။ ဦးသောင်း၏ ကိုယ်စားလှယ်များက အောက်ဆုံးက ပုံကိုအမှန်ခြစ်ခဲ့ရန် မှာကြား ထား၍ အားလုံးအောက်ဆုံးက အကွက်တွင် အမှန်ခြစ်ခဲ့သည်ဟု ဆိုကြသည်။ ဆန္ဒမဲ လက်မှတ်များတွင် ပြည်ခိုင်ဖြိုးပါတီကို အောက်ဆုံးတွင် ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။

မြို့ပေါ်ရှိ နိုင်ငံရေးကို စိတ်ဝင်စားကြသော လူအနည်းအကျဉ်းမှအပ အခြားသူများမှာ မိမိတို့၏ စီးပွားရေး ကိစ္စတွင်သာ အာရုံစိုက်ကြခြင်း၊ နိုင်ငံရေးအပေါ်တွင် ကြောက်ရွံ့စိတ် ရှိကြခြင်း၊ မဲပေးနည်းကိုပင် မသိကြခြင်း၊ ပြည်ခိုင်ဖြိုးပါတီမှအပ အခြားပါတီများမှာလဲ အင်အားနည်းပါးသည့်အပြင် စည်းရုံးရေးလုပ်ရန် ရန်ပုံငွေအင်အား မတောင့်တင်းခြင်းတို့ကြောင့် မြင်းခြံမြို့၏ ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုးပါတီ၏ ပွဲသာ ဖြစ်လိမ့်မည်ဟု စောစီးစွာ အဖြေထုတ်၍ ရနေပြီ ဖြစ်သည်။

ကွန်မြူနစ်တို့ ကြီးစိုးရာဒေသ၊ "နေဝင်း၊ စိန်လွင်၊ သတ်ပစ် သတ်ပစ်" ဟု နိုင်ငံရေး ကြွေးကြော်သံ ညံခဲ့သော မြင်းခြံမြို့သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်ခန့် နှင့်ယှဉ်လျှင် များစွာကွဲပြားသွားခဲ့ပြီ ဖြစ်သည်။ ရွေးကောက်ပွဲတွင်လည်း တွက်ဆထားသည့်အတိုင်း ပြည်ခိုင်ဖြိုးပါတီကပင် အနိုင်ရရှိခဲ့သည်။

မြင်းခြံမြို့၏ ရွေးကောက်ပွဲကို သုံးသပ်ရလျှင် တရားမျှတမှုရှိခဲ့သည်ဟု ဆိုနိုင်သည်။ မြင်းခြံမြို့တွင် ပြည်ခိုင်ဖြိုးပါတီ အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ၊ ကြိုတင်ပြင်ဆင်မှု အားကောင်းခြင်း၊ စည်းရုံးရေးကို အင်တိုက်အားတိုက် လုပ်ဆောင်နိုင်ခဲ့ခြင်း၊ လူထုက နိုင်ငံရေးကို မသိနားမလည်ခြင်းနှင့် အခြားပြိုင်ဘက်ပါတီများမှာ အင်အားနည်း၍ စည်းရုံးရေး မလုပ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ။

# ခံစားချက်မျိုးစုံ ပေးခဲ့သည့် ရှမ်းပြည်နယ်မှ ရွေးကောက်ပွဲ

နိုဝင်ဘာ(၇)ရက်၊ ၂၀၁၀ ခုနှစ်

မိုးစလင်းတဲ့အချိန် ကားပြတင်းအပြင်ကို လှမ်းကြည့်တော့ နှင်းမှုန်လေးတွေကြောင့် ပတ်ဝန်းကျင်က မှုန်ဝါးဝါးပဲ ရှိပါသေးတယ်။ ကျွန်မ တစ်သက်လုံး တစ်ခါမှ မထည့်ဖူးတဲ့ မဲကိုထည့်ချင်လွန်းလို့ ရန်ကုန်ကနေ မိုင် (၅၀၀) ကျော် ဝေးတဲ့ ကျွန်မရဲ့ ဇာတိ ကျောက်မဲမြို့ကို တကူးတက ပြန်ခဲ့ပါတယ်။ ကျွန်မလေ မဲထည့်ရမှာကို ရင်ခုန်လွန်းလို့ ကားပေါ်မှာ ကောင်းကောင်းတောင် အိပ်မပျော်ပါဘူး။ မနက်ဖြန် ဘယ်လိုမျိုး ကြုံတွေ့ရမလဲဆိုတာ စဉ်းစားရင်းနဲ့ မိုးမြန်မြန်လင်းပါစေလို့ ဆုတောင်းနေမိတယ်။ ကြည့်နေရင်းနဲ့ ပတ်ဝန်းကျင်က တဖြည်းဖြည်းနဲ့ လင်းလာပါပြီ။ နာရီကို ကြည့်လိုက်တော့ မနက်(၆)နာရီ ထိုးနေပါပြီ။ မဲရုံတွေ ဖွင့်တဲ့အချိန်ရောက်ပြီပေါ့။ တကယ်တမ်း ကျွန်မက မဲရုံဖွင့်ချိန်အမှီ ရောက်ချင်တာ။

ကျွန်မစိတ်ထဲမှာ စိုးထိတ်နေတာတစ်ခု ရှိတယ်။ လူတွေမဲမှ လာထည့်ကြပါ့မလား ဆိုတာပေါ့။ ဒါပေမယ့် ကျွန်မရဲ့ စိတ်ပူပင်မှုတွေက မကြာခင်မှာပဲ အားလုံး ပျောက်ကွယ်သွားပါတော့တယ်။ ကားလမ်းဘေး ရွာလေးတွေရဲ့ မဲရုံ(စာသင်ကျောင်း) ရှေ့မှာ လူတွေမှ တန်းစီနေကြတာ အများကြီးပဲ။ ထော်လာဂျီတွေနဲ့လည်း လူတွေ လာနေတာကို တွေ့ရတယ်။ ကျွန်မစိတ်ထဲမှာ တစ်ခုတော့ စိတ်အေးသွားပါပြီ။ ရှမ်းပြည်ဆောင်းတွင်း ချမ်းချမ်းစီးစီး မနက်(၆)နာရီခွဲအချိန်မှာတောင် လူတွေ တက်ကြွစွာနဲ့ မဲလာထည့်နေတာကိုကြည့်ပြီး ကျွန်မ မျက်ရည်တောင် ဝဲမိပါတယ်။ အပြောင်းအလဲ လိုချင်ကြရှာလွန်းလို့ အရိုးထိအောင်အေးတဲ့ အအေးဒဏ်ကိုတောင် မမှုကြပါလား။

ကျွန်မ ကျောက်မဲကိုရောက်တော့ မနက်(၇)နာရီခွဲနေပါပြီ။ ကျွန်မမြို့ထဲ ရောက်တော့ လူတွေ အတူတူ မဲသွားထည့်ဖို့ တစ်ယောက်နဲ့တစ်ယောက် အော်ပြောနေတာတွေလည်း ကြားနေရပါတယ်။ ဒါနဲ့ ကျွန်မနဲ့ ရင်းနှီးတဲ့ အဒေါ်တစ်ယောက်ကို တွေ့တော့ အဒေါ်ဘယ်သူ့ကိုထည့်မှာလဲလို့ မေးကြည့်လိုက်တော့ "အန်တီကတော့ ကျားဖြူပါတီကိုပဲ မဲပေးမှာ" လို့ ကျွန်မကို ပြန်ဖြေပါတယ်။ ကျွန်မအိမ်နားက လူတွေကလည်း ကျားဖြူပါတီကိုပဲ မဲပေးမှာလို့ ပြောပါတယ်။ ဒါပေမယ့် ကျွန်မအိမ်က အဒေါ် (ကျောင်းဆရာမ)ကတော့ ခြင်္သေ့ကို ပေးမယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ဝန်ထမ်းတွေ

အကုန်လုံးကို ခြသေ့်ပဲ ပေးရမယ်လို့ ခယက ဥက္ကဌက အမိန့်ပေးထားတယ်တဲ့။ ဝန်ထမ်းတွေ (အထူးသဖြင့် ကျောင်းဆရာမတွေ) က မဲရုံစောင့်ရမှာဆိုတော့ ကြိုတင်မဲ တွေ ထည့်ရပါတယ်။ ကြိုတင်မဲမှာ တစ်ဖက်က နံပါတ်ပါပါတယ်။ ဒါ့ကြောင့် ကြိုတင်မဲ မှာ ဘယ်သူက ဘယ်ပါတီကို မဲထည့်သလဲဆိုတာ သိရပါတယ်။ ခြသေ့်ကို မဲထည့်ရင် လစာ (၃၀၀၀၀) တိုးပေးမယ်လို့လဲ ပြောနေကြပါတယ်။ ဒါပေမယ့် ရပ်ကွက်ထဲက လူတွေကတော့ ကျားဖြူကိုပဲ မဲပေးကြပါတယ်။

ကျွန်မ မဲထည့်ရမယ့် မဲရုံက ကျွန်မ သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းထိ ကျောင်းတက်ခဲ့တဲ့ အထက(၂) ကျောက်မဲမှာပါ။ ကျွန်မ ဘေးအိမ်က ညီမဝမ်းကွဲလေး ကို ခေါ်ပြီး၊ မဲသွားထည့်ကြပါတယ်။ မဲရုံအဝင်မှာ ဟန်းဖုန်းပါရင် ထားခဲ့ဖို့ ပြောပါတယ်။ လူကို စစ်တာတော့ မရှိပါဘူး။ မထားခဲ့ချင်ရင်တော့ မပါဘူးလို့ ဖြေရင် ရမယ်ထင်ပါတယ်။ ကျွန်မကတော့ ပြဿနာမဖြစ်ချင်တာနဲ့ ကျွန်မဟန်းဖုန်းကို ပေး လိုက်ပါတယ်။ မဲထည့်ဖို့အတွက် အိမ်တိုင်ရာရောက် ကဒ်ပြားလေးတွေ လိုက်ဝေထား တာ ရှိပါတယ်။ နံပါတ်လေးတွေပါပါတယ်။ ကျောက်မဲမြို့မှာတော့ ကျွန်မသိသလောက် သတ်မှတ်စည်းကမ်းနဲ့ညီရဲ့သားနဲ့ မဲထည့်ခွင့်မရတဲ့သူ မရှိပါဘူး။ အကုန်လုံး ကဒ်ပြား (တံုကင်လိုဟာ) ရကြပါတယ်။

မဲရုံအပြင်မှာ မဲထည့်ဖို့ စောင့်ရင်းနဲ့ (ပြည်ခိုင်ဖြိုးကလို့ ထင်ရတဲ့) တိုက်ပုံဝတ် ဦးလေးကြီးတစ်ယောက်ကို ညနေ မဲလက်မှတ်တွေ ရေတွက်တဲ့အချိန်ကျရင် လာကြည့် လို့ရလားလို့ မေးတော့ မရဘူးလို့ ပြန်ပြောပါတယ်။ သက်ဆိုင်ရာပါတီက ကိုယ်စားလှယ်တွေ ထားပြီးသားဖြစ်တဲ့အတွက် မဲရေတွက်တဲ့အချိန်မှာ အပြင်လူ ဝင်လို့ မရဘူးလို့ ကျွန်မကို ပြောပါတယ်။ ကျွန်မအလှည့်ရောက်လို့ မဲဝင်ပေးတဲ့အခါမှာ တံုကင်ကဒ် တောင်းပါတယ်။ မှတ်ပုံတင်နဲ့တော့ မတိုက်ပါဘူး။ ဒါပေမယ့် မဲလက်မှတ် ထုတ်ပေးတဲ့ ဆရာမက ကျွန်မကို စာသင်ဖူးတဲ့ ဆရာမဖြစ်တဲ့အတွက် ကျွန်မကို သိပါတယ်။ မဲလက်မှတ်ထုတ်ပေးရင်းနဲ့ အဆင်ပြေလား ဘာညာ ကျွန်မကိုတောင် စကားပြောပါတယ်။

ကျွန်မ မဲလက်မှတ်တွေထုတ်ပြီး လျှို့ဝှက်ဆန္ဒမဲပေးတဲ့ နေရာမှာ ဆန္ဒမဲပေးပြီး မဲပုံးထဲကို သွားထည့်ပါတယ်။ ဘယ်သူကမှ ကျွန်မကို မနှောင့်ယှက်ပါဘူး။ ကျွန်မ လွတ်လွတ်လပ်လပ်ပဲ မဲပုံး ၃ ပုံးလုံးကို မဲထည့်ခဲ့ပြီး ပြန်ထွက်လာပါတယ်။ အလားတူပဲ ကျွန်မညီမကိုလဲ အနှောင့်အယှက် မပေးကြပါဘူး။ ကျွန်မ အမေ သွားထည့်တော့လဲ

အဲဒီလိုပါပဲ။

ကျွန်မ အဲဒီနေ့တစ်နေ့လုံး ငြိမ်ငြိမ်သက်သက်ကို ထိုင်လို့ကိုမရပါဘူး။ ကျွန်မ အဖြေတွေကို အရမ်းသိချင် နေပါတယ်။ ညနေ လေးနာရီကျော်တာနဲ့ ကျွန်မ မဲရုံတွေနားကို မယောင်မလည် သွားနေပါတယ်။ ကျားဖြူရုံးကိုလည်း ဖုန်းတွေ ခဏခဏ ဆက်မေးမိတယ်။ အခြေအနေကောင်းတယ် ဆိုတဲ့ အသံတွေ ဆက်တိုက်ကြားရတော့ ကျွန်မလေ ပျော်လိုက်တာဆိုတာ။ အဲဒီအချိန်ထိ ရန်ကုန်ဘက်က သတင်းတွေကလည်း ခမောက်နိုင်တယ်ဆိုတာ ထွက်နေတော့ ကျွန်မအရမ်းပျော်တာပဲ။ မဲရုံတွေမှာ ကျားဖြူက (၃၀၀) လောက်ရတဲ့အချိန်မှာ ခြသေ့်က (၁၇)မဲ လောက်ပဲရပါတယ်။ ကျွန်မတို့ မဲထွက်ပေးရကျိုး နပ်သွားပါတယ်။ ကျားဖြူပါတီက ကျောက်မဲမြို့မှာ မဲ အပြတ်အသတ်နဲ့ နိုင်သွားပါပြီ။ ည (၁၀)နာရီလောက်မှာ အဖြေကို ပြတ်ပြတ်သားသား သိလိုက်ရပါတယ်။

သီပေါမြို့မှာဆိုရင်လည်း ရွေးကောက်ပွဲကော်မရှင်က အရမ်းကို တရားမျှတမှု ရှိပါတယ်။ ကြိုတင်မဲကို ၇ ရက်နေ့ မနက်(၈)နာရီမှာ ပါတီကိုယ်စားလှယ်တွေ အရှေ့မှာ ရေတွက်ပါတယ်။ ညနေ လေးနာရီကျော်မှ ရောက်လာတဲ့ ကြိုတင်မဲကို ပယ်ပါတယ်။ သီပေါမြို့မှာလည်း ကျားဖြူ အပြတ်အသတ် နိုင်ပါတယ်။

လားရှိုးသတင်းကို ကြားရတဲ့အချိန်မှာတော့ ကျွန်မ ဝမ်းနည်းပက်လက် ခံစားလိုက်ရပါတယ်။ (၇)ရက်နေ့ ညအထိ ကျားဖြူနိုင်နေပြီးတော့ နောက်တစ်ရက် မနက်ကျတော့ ကြိုတင်မဲလက်မှတ် (၉၀၀၀)ကျော် ထပ်ရောက်လာပြီး ခြသေ့်က နိုင်သွားပါတယ်။

ဘာပဲပြောပြော ကျွန်မတို့ရဲ့ ရွေးကောက်ပွဲကြီးကတော့ ပြီးသွားပါပြီ။ အများစုက ခြသေ့်အနိုင်ရရှိ သွားပါပြီ။ ကျွန်မကတော့ မဲထွက်ပေးလိုက်တဲ့အတွက် နောင်တမရပါဘူး။ ကျွန်မ တာဝန်ကျေပါတယ်။ ဘာကြောင့်လဲဆိုတော့ ခြသေ့်ကို ကြိုတင်မဲပေးတဲ့ စာရင်းထဲမှာ ကျွန်မနာမည် ဘယ်လိုမှ မပါနိုင်လို့ပါ။ မိုးတစ်ပေါက် ထဲက ဘာမှမဖြစ်ပေမယ့် မိုးစက်လေးတွေ အများကြီး စုလိုက်တဲ့အချိန်မှာတော့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်အထိ ဖြစ်သွားမှာပါ။ ဒီတစ်ခါ ရွေးကောက်ပွဲကတော့ ကျွန်မကို ရင်ခုန်စရာ၊ ပျော်ရွှင်စရာ၊ ဒေါသထွက်စရာ ခံစားချက်အမျိုးမျိုးကို ပေးသွားခဲ့ပါပြီ။ ။

# ကြိုတင်မဲက လာရောက်ဆန္ဒပြုသူထက် ပိုများခဲ့သည့် ၄ မြို့နယ် (ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ နေပြည်တော်)

ရမည်းသင်း

တစ်ထပ် အုတ်ညှပ် မူလတန်းကျောင်း တစ်ကျောင်းတွင်ဖြစ်သည်။ ပိုမိုတိကျစွာ ပြောရလျှင် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကြည်တော်ကုန်းရပ်ကွက်ရှိ မူလတန်းကျောင်းငယ် တစ်ကျောင်းထဲတွင် ဖြစ်သည်။

နိုဝင်ဘာ (၇)ရက် မနက်တွင် ၂၀၁၀ ရွေးကောက်ပွဲ ဆန္ဒမဲပေးရာ မဲရုံတစ်ရုံအဖြစ်သို့ ယာယီအသွင် ကူးပြောင်းသွားသော အဆိုပါ မူလတန်းကျောင်းငယ်ထဲသို့ ကြည်တော်ကုန်းရပ်ကွက်နေ မဲဆန္ဒရှင် ပြည်သူများ ဦးတည်သွားလာနေကြသည်။

မဲဆန္ဒရှင်များ ဆန္ဒမဲ လျှို့ဝှက်ပေးနိုင်ရန် စီစဉ်ထားသော နေရာမှာ ပျဉ်ချပ်သုံးချပ်ကို လူတစ်ကိုယ်ဝင်စာလုပ်၍ ကာရံထားသော နေရာ တစ်နေရာဖြစ်သည်။ အဆိုပါ နေရာနှင့် လေးပေခန့် အကွာတွင် ဆန္ဒမဲပုံးများရှိနေသည်။ ဆန္ဒမဲပုံးများနှင့် လေးပေခန့် အကွာတွင် မဲရုံမှူးနှင့် မဲရုံကိုယ်စားလှယ်အချို့ရှိနေသည်။ ဆန္ဒမဲလက်မှတ် ထုတ်ပေး သူများကို ဝင်ပေါက်တွင် စားပွဲရှည် တစ်လုံးဖြင့် တွေ့ရသည်။

မဲရုံအတွင်းမှ ထွက်လာသော မဲဆန္ဒရှင်အများစုပေးခဲ့သော မဲများမှာ မည်သည့် ပါတီအတွက် ဖြစ်သည်ကိုမူ ကာယကံရှင် မဲဆန္ဒရှင်ကိုယ်တိုင်က အသိဆုံးဖြစ်မည်။ မဲရုံပိတ်ချိန် ညနေလေးနာရီမှစတင်၍ ဆန္ဒမဲများ ရေတွက်ချိန်တွင်မူ မဲဆန္ဒရှင်များက ကြိုတင် ပေးထားကြသည်ဟု ဆိုသော ကြိုတင်ဆန္ဒမဲ လက်မှတ်များကိုပါ မဲရုံမှူးက မြန်မာပြည် တန်တလျား မဲရုံအများစုတွင် ပြုလုပ်သည့်အတိုင်း ထည့်သွင်းရေတွက်ခဲ့သည်ဟု မဲရေတွက်ရာတွင် စောင့်ကြည့်နေခဲ့သည့် ရပ်မိရပ်ဖများနှင့် နိုင်ငံရေးပါတီများ၏ မဲရုံကိုယ်စားလှယ်များက ဆိုသည်။

"နှစ်ရာ....နှစ်ရာ့တစ်၊ နှစ်ရာ့နှစ်....ကဲသုံးရာငါးဆယ် ကျော်တယ်... အားလုံးအမြင်ပဲနော်" ဟုဆိုကာ ကြံ့ခိုင်ရေးပါတီကို အမှန်ခြစ် ဆန္ဒပြုထားသော ကြိုတင်မဲများကို စုစုပေါင်း မဲစာရင်းတွင် ထည့်သွင်းလိုက်သည်။

## စုစုပေါင်းမဲရုံအရေအတွက်နှင့် မဲလာပေးသူဦးရေ

ရမည်းသင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်ကြီး (၁၁)ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု (၆၈)အုပ်စု ရှိပါသည်။ မဲပေးနိုင်သူဦးရေ နှစ်သိန်းခွဲကျော်ရှိပြီး မဲရုံပေါင်း ၂၃၇ ရုံဖွင့်လှစ်ခဲ့သည်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်က တစ်ဆင့် သိရှိရသည်။ ရမည်းသင်းအရှေ့ခြမ်း ကျေးရွာ ၄၁၊ အနောက်ခြမ်းကျေးရွာ ၂၃ နှင့် မြို့ပေါ်(၅) အုပ်စု စုစုပေါင်း၏ မဲဆန္ဒပြုမှု စာရင်းမှာ နှစ်သိန်းနှင့် နှစ်သောင်းကျော် ဖြစ်သည်။ ယင်းတို့အနက် ကြိုတင်မဲစာရင်းမှာ မြို့ပေါ်ရပ်ကွက်ကြီး (၁၁)ရပ်ကွက်နှင့် ကျေးရွာကြီး (၃၁)တွင် ကောက်ယူရရှိသော စာရင်းအရ ခုနှစ်သောင်း ငါးထောင်ကျော် (၇၅၀၀၀) ကျော်ရှိသည်ကို တွေ့ရသောကြောင့် မဲရုံသို့လာရောက် ဆန္ဒပြုသူ ဦးရေထက် ကျော်လွန်နေသည်ကိုတွေ့ရသည်။

ရမည်းသင်းမြို့ပေါ်တွင် ကြည်တော်ကုန်း၊ ကျော်ဇင်၊ အုန်းပင်၊ ရွှေကူ၊ ရှမ်းဝိုင်း၊ ဝါတိုးဈေးကုန်း၊ အောင်မင်္ဂလာ၊ ရွှေပြည်သာ၊ ပန်းတိမ်၊ စီဗီလိုင်ရပ်ဟူသော ရပ်ကွက်ကြီး (၁၁)ခုရှိသည်။

အဆိုပါရပ်ကွက် (၁၁)ရပ်ကွက်၏ ကြိုတင်မဲစာရင်းမှာ လေးသောင်း ငါးထောင်ကျော် (၄၅၀၀၀ကျော်)ရှိပြီး ကြိုတင်မဲ ဆန္ဒပြုရာတွင် လွတ်လပ်မျှတမှု ရှိမရှိနှင့် ကာယကံရှင်၏ ဆန္ဒအမှန်တိုင်း ဟုတ်မဟုတ်၊ ဖိအားတစုံတရာကြောင့် ဆန္ဒ ပြုခဲ့ခြင်း ရှိမရှိ ဆန်းစစ်မှုများ မပြုနိုင်ခင်မှာပင် ယင်းကြိုတင်မဲများသည် နိုဝင်ဘာ ၇ရက် ညဦးပိုင်းတွင် အတည် ဖြစ်သွားခဲ့သည်။

ကြိုတင်ဆန္ဒမဲပေးခဲ့ရသောသူ အများစုမှာ လျှို့ဝှက်မဲပေးစနစ် သို့မဟုတ် အိတ်ပိတ်စနစ်ဖြင့် မဟုတ်ဘဲ ကိုယ်မည်သည့် ပါတီကို အမှန်ခြစ်ဆန္ဒပြုသည်ကို ရပ်တန့်စောင့်ကြည့်နေသူများ (ရပ်ကွက်လူကြီးများ) ရှေ့မှောက်တွင် စိတ် မလွတ် မလပ်ဖြင့် ဆန္ဒပြုခဲ့ရသည်ဟု ကြိုတင်မဲပေးသူ ၇၀% ကျော်ကပြောဆိုကြသည်။

ရမည်းသင်းမြို့နယ် ပြည်သူများ၏ ဆန္ဒမဲများကို ကြိုတင်ဆန္ဒမဲများဖြင့် ရောနှော ရေတွက်ပြီးသောအခါ အမျိုးသားလွှတ်တော်အတွက် ကြံ့ခိုင်ရေးပါတီက အခြားပါတီများထက် ၇၆% အသာဖြင့် အများဆုံး၊ ပြည်သူ့လွှတ်တော်အတွက် ၇၀% အသာဖြင့်အများဆုံး၊ တိုင်းဒေသကြီးလွှတ်တော်အတွက် ၇၆%ဖြင့် အများဆုံး ရရှိကာ လွှတ်တော်(၃)ရပ်စလုံးအတွက် ကြံ့ခိုင်ရေးပါတီတစ်ခုတည်းက အောင်ပွဲခံသွားသည်ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၁၁%၊ တ.စ.ညပါတီက ၁၃% ရရှိ သည်ဟု ဆက်လက်ပြောဆိုသည်။

"ရွာလုံးကျွတ် ခမောက်ကိုမဲပေးတာတွေရှိတယ်။ ရွာတွေမှာလည်း ၂၀ လောက်နိုင်တယ်။ ကြံ့တင်မဲပေါင်းကာမှ ရှုံးတော့တာပါပဲ"ဟု အမျိုးသားဒီမိုကရေစီ အင်အားစု (ရမည်းသင်း) အောင်နိုင်ရေးရုံးက အမတ်လောင်းတစ်ဦးက ဆိုသည်။

ပျော်ဘွယ်

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်ကြီး(၇) ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၅၀ကျော်အတွက် မဲရုံစုစုပေါင်း (၁၆၈)ရုံဖွင့်လှစ်ခဲ့သည်။ မဲပေးနိုင်သူဦးရေ တစ်သိန်းရှစ်သောင်း (၁၈၀၀၀၀)ကျော်ရှိပြီး မဲဆန္ဒပြုခဲ့သူဦးရေ တစ်သိန်းခွဲ (၁၅၀၀၀၀)ကျော်ရှိသည်။ ကြံ့တင်မဲပေးသူစာရင်းမှာ (၇၀၀၀၀)ကျော် ရှိသည်။ ကြံ့တင်ဆန္ဒပြုသူများ ကြံ့တင်ဆန္ဒမဲ ပေးခဲ့သည့်ရက်မှာ ၅ရက်နေ့ဟု မြို့နယ် ရွေးကောက်ပွဲကော်မရှင်က ဆိုသည်။ ၅ရက် ၆ရက် ၂ရက်တာ အတွင်း ကြံ့တင်ဆန္ဒမဲ ပေးသူအားလုံးမှာ ကြံ့ခိုင်ရေး ပါတီကိုသာ အမှန်ခြစ်ခဲ့ခြင်းမှာ အံ့သြစရာဖြစ်သည်ဟု နိုင်ငံရေးပါတီများက ဆိုသည်။

မဲစာရင်း ချုပ်လိုက်သောအခါ အမျိုးသားလွှတ်တော်အတွက် ၈၀%ဖြင့် ကြံ့ခိုင်ရေးပါတီကအများဆုံး၊ ပြည်သူ့လွှတ်တော် အတွက် ၇၆% ဖြင့် ကြံ့ခိုင်ရေးပါတီက အများဆုံး၊ တိုင်းဒေသကြီး လွှတ်တော်အတွက် ၇၈% ဖြင့် ကြံ့ခိုင်ရေး ပါတီက အများဆုံးဖြင့် လွှတ်တော် (၃)ရပ်စလုံးတွင် အလားတူအောင်ပွဲခံသွားသည်ကို တွေ့ရသည်။

## မိတ္ထီလာ

မိတ္ထီလာမြို့နယ် မြို့ပေါ်ရပ်ကွက်ကြီး (၈)ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၈၀ကျော်အတွက် မဲရုံ ၃၃၀ ကျော် ဖွင့်လှစ်ခဲ့သည်။

ဆန္ဒမဲပေးနိုင်သူ နှစ်သိန်းခွဲကျော်အနက် ဆန္ဒပြုသူ နှစ်သိန်းသုံးသောင်း (၂၃၀၀၀၀)ကျော်ရှိပြီး ကြံ့တင်မဲအရေအတွက်မှာ ၉သောင်းကျော် (၉၄၅၀၀)ဖြစ်သည်။ မဲရလဒ်များ တရားဝင်ကြေညာရခြင်းမရှိသေးသော်လည်း ကြံ့ခိုင်ရေးပါတီ ကပင် လွှတ်တော်(၃)ရပ်စလုံးတွင် ဦးဆောင်နိုင်ဖွယ် ရှိနေသည်။

## နေပြည်တော်တပ်ကုန်း

နေပြည်တော်တပ်ကုန်းတွင် မြို့ပေါ်ရပ်ကွက်ကြီး (၅)ရပ်ကွက်နှင့် ကျေးရွာပေါင်း ၅ဂကျော် အတွက် မဲရုံ ၂ဂဂကျော် ဖွင့်လှစ်ခဲ့သည်။ မဲပေးနိုင်သူ နှစ်သိန်းကျော်တွင် ဆန္ဒမဲပေးသူ တစ်သိန်းရှစ်သောင်းကျော်ရှိသည်။ ကြိုတင်မဲ အရေအတွက်မှာ ကိုးသောင်းကျော်(၉၅ဂ၆၇) ပဲဖြစ်သည်ဟု နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲစိတ်ဝင်စားသူများ၏ ကော်ယူထားသော စာရင်းများ အရ သိရသည်။

နေပြည်တော်တပ်ကုန်း ပြည်သူ့လွှတ်တော်အတွက် ကြံ့ခိုင်ရေးပါတီက Political Post တွင် တာဝန်ထမ်းဆောင်နေသော ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက စုစုပေါင်းမဲ ၈၂% ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသွားသည်။

## ရွေးကောက်ပွဲနေ့မှာ ဘယ်လိုမဲပေးခဲ့ရသည်

အထက်ပါမြို့ (၄)မြို့တွင် ရွေးကောက်ပွဲနေ့ ဆန္ဒမဲကို မည်သို့ မည်ပုံ ပေးခဲ့ရသည်ကို လက်လှမ်းမီသမျှ မေးမြန်းရာ "ကျွန်တော်တို့ မဲသွားပေးတဲ့ မဲရုံမှာ စားပွဲခုံရှည်ကြီး ပေါ်မှာ ပျော်ပွဲရွှင်ပွဲလုပ်သလို အားလုံးက ကိုယ်ပေးတဲ့မဲကို မြင်သာထင်သာရှိရှိပဲ ပေးခဲ့ကြရတယ်" ဟု မိတ္ထီလာ အောင်ဇေယျာနယ်မြေ(၈)ရှိ အသက် ၄၅ နှစ်အရွယ် လက်ဖက်ရည်ဆိုင်ရှင် အမျိုးသား တစ်ဦးက ဆိုသည်။

ရမည်းသင်းမြို့ပေါ်ရပ်ကွက်တစ်ခုရှိ ကြိုတင်ဆန္ဒပြုသူတစ်ဦးက "ကျွန်တော်က ကြိုတင်မဲပေးတော့ ရပ်ကွက် လူကြီးတွေက မဲစာရွက်ထုတ်ပေးတယ်၊ သူတို့ရှေ့မှာပဲ ကျွန်တော်ဆန္ဒမဲအမှန်ခြစ်ပေးရတယ်၊ အိတ်တွေ ဘာတွေ ပိတ်မပေးရ ပါဘူး၊ မဲပုံးတွေလည်း သူတို့ပဲမလာဘူး" ဟု ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

နေပြည်တော် တပ်ကုန်းတွင် ကြိုတင်ဆန္ဒပြုသူ အများစုကလည်း အလားတူ ပင်ဖြေဆိုကြသည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံအင်္ဂါရပ်နှင့် ပြည့်စုံသော မဲရုံများရှိသကဲ့သို့ မဲရုံအင်္ဂါရပ် မပြည့်စုံသော မဲရုံများမှာလည်း မဲရုံစုစုပေါင်း၏ ၆ဂ ရာခိုင်နှုန်းခန့်ရှိကြောင်း မြို့နယ် (၄)မြို့နယ်ရှိ ၂ဂ၁ဂ ရွေးကောက်ပွဲကို မဲရုံကိုယ်တိုင်ကိုယ်ကျ မဲသွားပေးရင်း ဖြတ်သန်းခဲ့သူများက သုံးသပ်သည်။

မည်သို့ပင်ဖြစ်စေ အလယ်ပိုင်းဒေသ လေးမြို့နယ်၏ အနာဂတ်အတွက် ကြံ့ခိုင်ရေးပါတီ ကတစ်ပါတီတည်း ရာနှုန်းပြည့် ရန် အနည်းငယ်သာလိုသော ဆန္ဒမဲ၊

ကြိုတင်ဆန္ဒမဲများဖြင့် လွှတ်တော် (၃)ရပ်စလုံးတွင် အနိုင်ရရှိသွားခဲ့ပြီ ဖြစ်သည်။

## လေးမြို့နယ် နိဂုံးချုပ်

မြို့နယ်လေးခုစလုံးတွင် ကြိုတင်မဲပေးသူအရေအတွက်သည် လာရောက်ဆန္ဒပြုသူ အရေအတွက်ထက် ပိုများပါသည်။ ကြိုတင်မဲဆန္ဒအားလုံးသည် အခြားနိုင်ငံရေးပါတီများအတွက် မပါဝင်သလောက်ဖြစ်ပြီး ကြံ့ခိုင်ရေးပါတီကိုသာ အများဆုံးဆန္ဒပြုကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ ကြိုတင်ဆန္ဒမဲများ၏ လွတ်လပ်မျှတမှု နှင့် မှန်ကန်မှုအတွက် အာမခံချက် တစုံတရာပေးရေးကို သက်ဆိုင်ရာ မြို့နယ်အသီးသီး၏ ရွေးကောက်ပွဲ ကော်မရှင်များက နိုင်ငံရေးပါတီများအား ရှင်းလင်းပြောဆိုမှု မရှိခဲ့ကြောင်းသိရသည်။ ။

# ကိုးကားစာရင်း


၁။ www.2010myanmarelection.info

၂။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ

၃။ (၂၀၁၀) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ

၄။ (၂၀၁၀) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ

၅။ (၂၀၁၀) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ

၆။ (၂၀၁၀) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ

၇။ (၂၀၁၀) တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်)
ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ

၈။ (၂၀၁၀) တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်)
ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ

၉။ (၂၀၁၀) ရွေးကောက်ပွဲ နည်းဥပဒေ

၁၀။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ

# အပိုင်း(၅)

သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် သုတေသနပြုရာတွင်အသုံးပြုခဲ့သောနည်းလမ်းများနှင့် ANNEXES များ။

၅.၁

# သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် သုတေသနပြုရာတွင်အသုံးပြုခဲ့သောနည်းလမ်းများ

ယခုထုတ်ပြန်သော ရွေးကောက်ပွဲသုတေသန စာတမ်းအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော ကိစ္စအရပ်ရပ်ကို တစ်ဦးတစ်ယောက်ချင်း၏ ပြဿနာအနေဖြင့် ချဉ်းကပ်ထားခြင်းမျိုး မဟုတ်ဘဲ ၂၀၁၀ ရွေးကောက်ပွဲတစ်ခုလုံးကို သစ်တောတစ်ခုလုံးအား အပေါ်စီးမှ ကြည့်သကဲ့သို့ ခြုံငုံသုံးသပ်ထားပြီး အချက်အလက်များစုဆောင်းရာတွင် သစ်ပင်တစ်ပင်ချင်းစီနှင့်တူသော တစ်ဦးတစ်ယောက်ချင်း၏ ကိစ္စရပ်တစ်ခုချင်းစီအတွက် လုံလောက်သေချာသော အထောက်အထားများကို အခြေခံကာ သမိုင်းမှတ်တမ်းမှတ်ရာတစ်ခုအနေဖြင့် တင်ကျန်ခဲ့စေရန် ရည်မှန်းကြိုးစား၍ ခြုံငုံသုံးသပ်ထားခြင်းဖြစ်သည်။

ဤသုတေသနလုပ်ငန်းမှ တဆင့် နောင်လာနောက်သားများ သမိုင်း သင်ခန်းစာရယူနိုင်ရန်နှင့် ငါးနှစ်တစ်ကြိမ်ကြုံတွေ့ကြရမည့် ရွေးကောက်ပွဲများတွင် ပါဝင်ပတ်သက်ကြမည့် အာဏာရပါတီများ၊ ယှဉ်ပြိုင်ဘက် အတိုက်အခံပါတီများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မည့် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ သုတေသနပြုမည့်သူများ မှီငြမ်းကိုးကားနိုင်ရန်အတွက် ဦးတည်ချက်ဖြင့် ဤစာတမ်းကို ပြုစုထားခြင်းဖြစ်သည်။

သတင်းအချက်အလက်များစုဆောင်းရာတွင် မြန်မာ့လူ့အဖွဲ့အစည်းသည် တင်းပြည့်ကျပ်ပြည့် လွတ်လပ်ပွင့်လင်းသော အဖွဲ့အစည်းမဟုတ်သည့်အတွက် ဤစာတမ်းပြုစုရန် သတင်းအချက်အလက်ပေးပို့သူများ၊ စုဆောင်းပေးသူများ၊ မေးခွန်းများကို ဖြေကြားပေးခဲ့သူများ၊ အရေးကြီး အချက်အလက်များအတွက် သက်သေအထောက်အထား ပေးပို့ခဲ့သူများနှင့် စာတမ်းပြုစုရာတွင် ပါဝင်ခဲ့သူများ အားလုံး၏ အမည်နာမများကို ထိုသူတို့၏ လုံခြုံရေးကို တာဝန်ယူသည့်အနေဖြင့် ထုတ်ပြန်ပေးနိုင်ခြင်းမရှိပါ။

ဤစာတမ်းအတွက် သတင်းအချက်အလက်များစုဆောင်းရာတွင် အသုံးပြုခဲ့သော နည်းစနစ်များမှာ-

၁။ ယခုရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော လုံလောက်သည့် မဲဆန္ဒရှင် အရေအတွက်ကို မေးခွန်းပုံစံဖြင့် စစ်တမ်းကောက်ယူမေးမြန်းခြင်း။

၂။ ပါတီအသီးသီးမှ တာဝန်ရှိသူများကို တိုက်ရိုက်မေးမြန်းခြင်း။

၃။ ပြည်ခိုင်ဖြိုးပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၃ခုမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ်လောင်းများထံမှ အင်တာဗျူးပုံစံဖြင့် သတင်းအချက်အလက်များကို မေးမြန်း စုဆောင်းခြင်း။

၄။ အရေးကြီးသတင်းအချက်အလက်များကို သက်ဆိုင်ရာသို့ တိုက်ရိုက်မေးမြန်း၍ စုဆောင်းခြင်းစသည့် နည်းလမ်းများကို အသုံးပြုခဲ့ပါသည်။

သုတေသနပြု လုပ်ငန်းတစ်ခုလုံးအတွက် သတင်းအချက်အလက်များကို အထက်ပါနည်းလမ်းများဖြင့် စနစ်တကျ စုဆောင်းခဲ့ရုံမျှမက သတင်းအချက်အလက်များ စုံလင်စေရန်လည်း သက်ဆိုင်ရာအစုအဖွဲ့များဖြစ်သည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲထွက်မပေးကြသူများ၊ ပါဝင်ယှဉ်ပြိုင်ခဲ့သော ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ဝင်များ၊ စေတနာ့ ဝန်ထမ်းအဖွဲ့ဝင်များ၊ ပြည်ခိုင်ဖြိုး အပါအဝင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများနှင့် မီဒီယာများစသည်တို့ထံမှ သတင်းများကို ရနိုင်သမျှ စုဆောင်းထည့်သွင်းထားပါသည်။ ထို့ပြင် ပြည်နယ်နှင့်

# ANNEXES 5.2

## ANNEX 5.2.1

### ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

### ကြေညာချက်အမှတ် ၁၂/၂၀၀၈

### ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် ( ၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက် )

### ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ် ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း (၃၂၅) မြို့နယ်ရှိသည့်အနက် (၂၇၈) မြို့နယ်တို့၌ ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ ထိုကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀/၂၀၀၈) ဖြင့်လည်းကောင်း၊ ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာထားသည့်အတိုင်း ပြင်းထန်သည့် ''နာဂစ်'' မုန်တိုင်းဒဏ် ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း (၄၀) နှင့် ဧရာဝတီတိုင်းမှ (၇) မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၁၁/၂၀၀၈) ဖြင့်လည်းကောင်း ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၅၀၄၃၆၈) ဦးနှင့် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၃၆၉၉၅၇) ဦး ရှိခဲ့ရာမှ ပြင်းထန်သော ''နာဂစ်'' မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် သေဆုံးသူဦးရေ (၇၇၇၃၈) ဦးနှင့် ပျောက်ဆုံးသူဦးရေ (၅၅၉၁၇) ဦး၊ ပေါင်း (၁၃၃၆၅၅) ဦးဖြစ်ပြီး ယင်းတို့အနက် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၈၁၁၃၀) ဦး ပါဝင်ကြောင်း စာရင်းကောက်ယူရေးအဖွဲ့၏ တင်ပြချက်အရ သိရှိရပါသည်။ ထို့ကြောင့် ယခုအခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၃၇၀၇၁၃) ဦးနှင့် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦး ရှိပါသည်။

၃။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် (၂၇၈) မြို့နယ်နှင့် ၂၀၀၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် (၄၇) မြို့နယ်၊ ပေါင်း (၃၂၅) မြို့နယ်တို့အတွက် ကျင်းပခဲ့သော ဆန္ဒခံယူပွဲ၏ စုစုပေါင်းရလဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုတစ်ဝန်းလုံးရှိ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | ၂၇၂၈၈၈၂၇ ဦး | |
| (ခ) | ဆန္ဒမဲပေးသူဦးရေ | ၂၆၇၇၆၆၇၅ ဦး | (၉၈ ဒသမ ၁၂) ရာခိုင်နှုန်း |
| (ဂ) | ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ | ၂၄၇၆၄၁၂၄ ဦး | (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း |
| (ဃ) | ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ | ၁၆၃၁၇၁၂ ဦး | (၆ ဒသမ ၁) ရာခိုင်နှုန်း |
| (င) | ပယ်မဲ | ၃၈၀၈၃၉ ဦး | (၁ ဒသမ ၄၂) ရာခိုင်နှုန်း |

၄။ အထက်အပိုဒ် (၃) ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံး၌ ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးသူ စုစုပေါင်း (၂၆၇၇၆၆၇၅) ဦးတို့၏ ဆန္ဒမဲပေးမှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးသူဦးရေ | ၂၂၁၅၄၉၇၀ ဦး | (၈၂ ဒသမ ၇၄) ရာခိုင်နှုန်း |
| | (၁) ထောက်ခံဆန္ဒမဲပေးသူဦးရေ | ၂၀၂၁၅၆၃၇ ဦး | |
| | (၂) ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ | ၁၅၇၅၂၅၇ ဦး | |
| | (၃) ပယ်မဲ | ၃၆၄၀၇၆ ဦး | |
| (ခ) | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးသူဦးရေ | ၄၆၂၁၇၀၅ ဦး | (၁၇ ဒသမ ၂၆) ရာခိုင်နှုန်း |
| | (၁) ထောက်ခံဆန္ဒမဲပေးသူဦးရေ | ၄၅၄၈၄၈၇ ဦး | |
| | (၂) ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ | ၅၆၄၅၅ ဦး | |
| | (၃) ပယ်မဲ | ၁၆၇၆၃ ဦး | |

၅။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ကျင်းပခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦးတို့အနက် (၂၆၇၇၆၆၇၅) ဦးတို့က လာရောက်ဆန္ဒမဲပေးခဲ့ကြပြီး၊ ဆန္ဒမဲပေးသည့် ရာခိုင်နှုန်းမှာ (၉၈ ဒသမ ၁၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆိုပါ ဆန္ဒမဲပေးသည့် (၂၆၇၇၆၆၇၅) ဦးတို့အနက် (၂၄၇၆၄၁၂၄) ဦးတို့က ထောက်ခံဆန္ဒမဲပေးခဲ့ကြသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြု ပေးရန် ထောက်ခံသည့်ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဖြစ်ကြောင်း ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၂၃ အရ ကြေညာလိုက်ပါသည်။

(အောင်တိုး)
ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ANNEX 5.2.2

# လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာ

(နေပြည်တော်  ဒီဇင်ဘာ ၇ )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၄၃/၂၀၁၀) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၄၃/၂၀၁၀)
၁၃၇၂ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၁၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ရက်)

## လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကိုထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ရှိသည့်အနက် ၃၂၅ နယ်တွင်လည်းကောင်း၊ အမျိုးသား လွှတ်တော်မဲဆန္ဒနယ် ၁၆၈ တွင်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် (တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ခုအပါအဝင်) ၆၇၃ ရှိသည့်အနက်

၆၆၁ နယ်တွင်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တစ်ပြိုင်တည်းကျင်းပခဲ့ပြီး လွှတ်တော်အလိုက် မဲဆန္ဒနယ် အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များအားလုံးကို ထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ များအရ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှု အခြေအနေ ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲနည်း ဥပဒေ ၁၀၆ အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ၃-၁၂-၂၀၁၀ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပြီး ဖြစ်သည်။

၃။ ထိုသို့ လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်သူများ သိသင့်သိထိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို အောက်ပါအတိုင်း ထုတ်ပြန် ကြေညာလိုက်သည်။

## (က) ရွေးကောက်ပွဲကျင်းပမှုအခြေအနေ

### (၁) ပြည်သူ့လွှတ်တော်

(ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် မဲဆန္ဒနယ် ၃၃၀ နယ်
(ခ ခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် ၃၂၅ နယ်
(ဂ ဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း ၉၈.၄၈%

### (၂) အမျိုးသားလွှတ်တော်

(ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် ၁၆၈ နယ်
(ခ ခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် ၁၆၈ နယ်
(ဂ ဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း ၁၀၀%

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသား လူမျိုးအပါအဝင်)

| | | | |
|---|---|---|---|
| (ကက) | ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် | ၆၇၃ | နယ် |
| (ခ ခ) | ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် | ၆၆၁ | နယ် |
| (ဂ ဂ) | ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း | ၉၈.၂ | % |

(ခ) ဆန္ဒမဲပေးမှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

| | | | |
|---|---|---|---|
| (ကက) | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၂၉၀၂၁၆၀၈ | ဦး |
| (ခ ခ) | ဆန္ဒမဲပေးသူဦးရေ | ၂၂၄၂၁၁၂၃ | ဦး |
| (ဂ ဂ) | ဆန္ဒမဲပေးမှု ရာခိုင်နှုန်း | ၇၇.၂၆ | % |

(၂) အမျိုးသားလွှတ်တော်

| | | | |
|---|---|---|---|
| (ကက) | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၂၉၀၂၁၆၀၈ | ဦး |
| (ခ ခ) | ဆန္ဒမဲပေးသူဦးရေ | ၂၂၂၈၃၄၆၅ | ဦး |
| (ဂ ဂ) | ဆန္ဒမဲပေးမှု ရာခိုင်နှုန်း | ၇၆.၇၈ | % |

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

| | | | |
|---|---|---|---|
| (ကက) | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၂၈၅၃၄၂၁၆ | ဦး |
| (ခ ခ) | ဆန္ဒမဲပေးသူဦးရေ | ၂၁၈၆၃၁၂၃ | ဦး |
| (ဂ ဂ) | ဆန္ဒမဲပေးမှု ရာခိုင်နှုန်း | ၇၆.၆၂ | % |

(ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

| | | | |
|---|---|---|---|
| (ကက) | ဆန္ဒမဲပေးသူဦးရေ | ၂၂၄၂၁၁၂၃ | ဦး |

(ခ ခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၆၅၁၆၁ မဲ

(ဂ ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှု ရာခိုင်နှုန်း ၉၃.၀၆ %

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၂၈၃၄၆၅ ဦး

(ခ ခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၅၁၀၇၈ မဲ

(ဂ ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှု ရာခိုင်နှုန်း ၉၃.၅၇ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသား လူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၁၈၆၃၁၂၃ ဦး

(ခ ခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၂၄၅၁၅၇ မဲ

(ဂ ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှု ရာခိုင်နှုန်း ၉၂.၆၀ %

## (ဃ) ပယ်မဲ၊ ပျောက်မဲ အခြေအနေ

(၁) ပြည်သူ့လွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၄၂၁၁၂၃ ဦး

(ခ ခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၆၅၁၆၁ မဲ

(ဂ ဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၅၅၅၉၆၂ မဲ

(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲ ရာခိုင်နှုန်း ၆.၉၄ %

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၂၂၈၃၄၆၅ ဦး

(ခ ခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၀၈၅၁၀၇၈ မဲ

(ဂ ဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၄၃၂၃၈၇ မဲ

(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲ ရာခိုင်နှုန်း ၆.၄၃ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသား လူမျိုးအပါအဝင်)

| | | | |
|---|---|---|---|
| (ကက) | ဆန္ဒမဲပေးသူဦးရေ | ၂၁၈၆၃၁၂၃ | ဦး |
| (ခ ခ) | ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် | ၂၀၂၄၅၁၅၇ | မဲ |
| (ဂ ဂ) | ပယ်မဲ၊ ပျောက်မဲအရေအတွက် | ၁၆၁၇၉၆၆ | မဲ |
| (ဃဃ) | ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲ ရာခိုင်နှုန်း | ၇.၄၀ | % |

(င) လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ

(၁) ပြည်သူ့လွှတ်တော်

| | | | |
|---|---|---|---|
| (ကက) | ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၉၈၉ | ဦး |
| (ခ ခ) | နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော် | ၉၄၉ | ဦး |

ကိုယ်စားလှယ်လောင်းဦးရေ

| | | | |
|---|---|---|---|
| (ဂ ဂ) | တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၄၀ | ဦး |
| (ဃဃ) | နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့်လွှတ်တော် | ၉၅.၉၆ | % |

ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း

| | | | |
|---|---|---|---|
| (င င) | တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း | ၄.၀၄ | % |

(၂) အမျိုးသားလွှတ်တော်

| | | | |
|---|---|---|---|
| (ကက) | ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၄၇၉ | ဦး |
| (ခ ခ) | နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော် | ၄၇၂ | ဦး |

ကိုယ်စားလှယ်လောင်းဦးရေ

| | | | |
|---|---|---|---|
| (ဂ ဂ) | တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၇ | ဦး |
| (ဃဃ) | နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့်လွှတ်တော် | ၉၈.၅၄ | % |

ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း

(င င)တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း ၁.၄၆ %

## (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁၆၀၁ ဦး

(ခ ခ) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော် ၁၅၆၆ ဦး

ကိုယ်စားလှယ်လောင်းဦးရေ

(ဂ ဂ) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၃၅ ဦး

(ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့်လွှတ်တော် ၉၇.၈၁ %

ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း

(င င) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း ၂.၁၉%

## (စ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှု အခြေအနေ

### (၁) ပြည်သူ့လွှတ်တော်

(ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် ၉၄၉ ဦး

လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ

(ခ ခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ၃၂၄ ဦး

ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ

(ဂ ဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၃၄.၁၄ %

## (၂) အမျိုးသားလွှတ်တော်

(ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် ၄၇၂ ဦး

လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ

(ခ ခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ၁၆၇ ဦး

ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ

(ဂ ဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၃၅.၃၈ %

## (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် ၁၅၆၆ ဦး

လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ

(ခ ခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ ၆၅၇ ဦး

ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဦးရေ

(ဂ ဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၄၁.၉၅ %

## (ဆ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ

(၁)ပြည်သူ့လွှတ်တော်

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလလွှတ်တော်
ကိုယ်စားလှယ်လောင်းများဦးရေ ၄၀ ဦး

(ခ ခ) ရွေးကောက်တင်မြှောက်ခံရသော ၁ ဦး

တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များဦးရေ

(ဂ ဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၁၄.၂၉ %

## (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသား လူမျိုးအပါအဝင်)

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ ၃၅ ဦး

လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ

(ခ ခ) ရွေးကောက်တင်မြှောက်ခံရသော ၄ ဦး

တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များဦးရေ

(ဂ ဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း ၁၁.၄၃ %

(ပုံ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ANNEX 5.2.3

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမဲဆန္ဒနယ်ပြမြေပုံများ

# ကချင်ပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၈ မြို့နယ်

ကယားပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၇ မြို့နယ်

# ကရင်ပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၇ မြို့နယ်

ချင်းပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၉ မြို့နယ်

# စစ်ကိုင်းတိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၃၇ မြို့နယ်

## တနင်္သာရီတိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၀ မြို့နယ်

# ပဲခူးတိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၂၈ မြို့နယ်

မကွေးတိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၂၅ မြို့နယ်

# မန္တလေးတိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ





မြို့နယ်စုစုပေါင်း ၃၆ မြို့နယ်

မွန်ပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၀ မြို့နယ်

## ရခိုင်ပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၇ မြို့နယ်

# ရန်ကုန်တိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ



၁။ ကမာရွတ်
၂။ ကော့မှူး
၃။ ကိုးကိုးကျွန်း
၄။ ကျောက်တံတား
၅။ ကျောက်တန်း
၆။ ကြည့်မြင်တိုင်
၇။ ကွမ်းခြံကုန်း
၈။ ခရမ်း
၉။ စမ်းချောင်း
၁၀။ ဆိပ်ကြီးခနောင်တို
၁၁။ တာမွေ
၁၂။ တိုက်ကြီး
၁၃။ တောင်ဥက္ကလာပ
၁၄။ တွံတေး
၁၅။ ထန်းတပင်
၁၆။ ဒဂုံမြို့နယ်
၁၇။ ဒဂုံမြို့သစ် (ဆိပ်ကမ်း )
၁၈။ ဒဂုံမြို့သစ် (တောင်ပိုင်း)
၁၉။ ဒဂုံမြို့သစ် (မြောက်ပိုင်း)
၂၀။ ဒဂုံမြို့သစ် (အရှေ့ပိုင်း)
၂၁။ ဒလ
၂၂။ ဒေါပုံ
၂၃။ ပုဇွန်တောင်
၂၄။ ပန်းဘဲတန်း
၂၅။ ဗဟန်း
၂၆။ ဗိုလ်တထောင်
၂၇။ မင်္ဂလာဒုံ
၂၈။ မင်္ဂလာတောင်ညွန့်
၂၉။ မရမ်းကုန်း
၃၀။ မြောက်ဥက္ကလာပ
၃၁။ မှော်ဘီ
၃၂။ ရန်ကင်း
၃၃။ ရွှေပြည်သာ
၃၄။ လသာ
၃၅။ လမ်းမတော်
၃၆။ လှည်းကူး
၃၇။ လှိုင်
၃၈။ လှိုင်သာယာ
၃၉။ သာကေတ
၄၀။ သင်္ဃန်းကျွန်း
၄၁။ သန်လျင်
၄၂။ သုံးခွ
၄၃။ အလုံ
၄၄။ အင်းစိန်
၄၅။ ဆိပ်ကမ်း

မြို့နယ်စုစုပေါင်း ၄၅ မြို့နယ်

# ရှမ်းပြည်နယ်ရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၅၅ မြို့နယ်

## ဧရာဝတီတိုင်းဒေသကြီးရှိပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ





မြို့နယ်စုစုပေါင်း ၂၆ မြို့နယ်

# ကချင်ပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၈ မြို့နယ်

# ကယားပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၇ မြို့နယ်

# ကရင်ပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၇ မြို့နယ်

# ချင်းပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ





မြို့နယ်စုစုပေါင်း ၉ မြို့နယ်

## စစ်ကိုင်းတိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၃၇ မြို့နယ်

# တနင်္သာရီတိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၀ မြို့နယ်

## ပဲခူးတိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၂၈ မြို့နယ်

# မကွေးတိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ





မြို့နယ်စုစုပေါင်း ၂၅ မြို့နယ်

# မန္တလေးတိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၃၆ မြို့နယ်

## မွန်ပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၀ မြို့နယ်

# ရခိုင်ပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၁၇ မြို့နယ်

# ရန်ကုန်တိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ



**မဲဆန္ဒနယ်(၁)**
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြောက်ဥက္ကလာပမြို့နယ်။

**မဲဆန္ဒနယ်(၂)**
ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံဆိပ်ကမ်း၊
သာကေတ

**မဲဆန္ဒနယ်(၃)**
တောင်ဥက္ကလာပ၊ ရန်ကင်း၊
သင်္ဃန်းကျွန်း

**မဲဆန္ဒနယ်(၄)**
တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊
ပုဇွန်တောင်၊ ဗိုလ်တထောင်

**မဲဆန္ဒနယ်(၅)**
မရမ်းကုန်း၊ ဗဟန်း၊ ဒဂုံ၊ စမ်းချောင်း၊
ပန်းဘဲတန်း၊ ကျောက်တံတား

**မဲဆန္ဒနယ်(၆)**
ကမာရွတ်၊ လှိုင်၊ ကြည့်မြင်တိုင်၊ လသာ၊
လမ်းမတော်၊ အလုံ၊ ဆိပ်ကမ်း

**မဲဆန္ဒနယ်(၇)**
ခရမ်း၊ သုံးခွ၊ ကိုကိုးကျွန်း

**မဲဆန္ဒနယ်(၈)**
သန်လျင်၊ ကျောက်တန်း၊ ဒလ
ဆိပ်ကြီးခနောင်တို

**မဲဆန္ဒနယ်(၉)**
တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း

**မဲဆန္ဒနယ်(၁၀)**
အင်းစိန်၊ မင်္ဂလာဒုံ

**မဲဆန္ဒနယ်(၁၁)**
ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်

**မဲဆန္ဒနယ်(၁၂)**
တိုက်ကြီးမြို့နယ်၊ မှော်ဘီ၊ လှည်းကူး

မြို့နယ်စုစုပေါင်း ၄၅ မြို့နယ်

# ရှမ်းပြည်နယ်ရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၅၅ မြို့နယ်

## ဧရာဝတီတိုင်းဒေသကြီးရှိအမျိုးသားလွှတ်တော်မဲဆန္ဒနယ်များပြမြေပုံ




မြို့နယ်စုစုပေါင်း ၂၆ မြို့နယ်

# ကျေးဇူးတင်လွှာ

အချက်အလက်များကို သတ္တိရှိရှိစုဆောင်းပေးခဲ့ကြသော လူငယ်စေတနာ့ဝန်ထမ်းများ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးနှင့် ဆက်သွယ်မေးမြန်းခြင်းများတွင် ပါဝင်ဖြေကြားခဲ့ကြသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရွေးကောက်ပွဲအကြို စစ်တမ်းများနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမေးခွန်းများကို ဖြေကြားပေးခဲ့ကြသူ ပြည်သူများ၊ စာတမ်းဖြစ်မြောက်ရန် ရံပုံငွေပံ့ပိုးပေးခဲ့သူများ၊ သုတေသန လုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်ခဲ့ကြသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤစာတမ်းကို အခက်အခဲများ၊ အကန့်အသတ်များကြားမှ ပြုစုခဲ့ရသည့်အတွက်လိုအပ်ချက်များ၊ လွဲချော်မှုများရှိခဲ့ပါက ထိုကိစ္စများ အားလုံးသည် စာတမ်းရေးသားသူအားလုံး၏ တာဝန်သာဖြစ်ပြီး ၎င်းလိုအပ်ချက်များ၊ လွဲချော်မှုများအားနားလည်ခွင့်လွှတ်မည်ဟု ရိုးသားစွာယုံကြည်မိပါသည်။





